
www.burmeseclassic.com

# မင်းယုဝေ

# သရဲဟေ့.... သရဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၉၃၀၃၁၀
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၂၀၃၁၀
ထုတ်ဝေသူ - သင်းသင်းမွန် (သင်းစာပေ)
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂)ရပ်ကွက်၊ ကမာရွတ်၊
ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
၁၇၁၊ ၃၃-လမ်း(အထက်)၊
ရန်ကုန်မြို့။
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ ဧပြီလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၃၀၀
စီစဉ်သူ - မောင်တင်ဌေး
ယန်းချီ - **K** ဆူးငယ်

၈၉၅.၈၃
မင်းပုည
သရဲဟော့ သရဲ / မင်းပုည ။ - ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၀။
၁၆၀ - စာ ၊ ၁၃.၂၁ x ၂၀.၈၃ စင်တီ။
(၁) သရဲဟော့ သရဲ

BURMESE CLASSIC .com

ဘုရား၊ တရား၊ သံဃာ
အမိ၊ အဖ၊ ဆရာသမား
အနန္တောအနန္တငါးပါးအား
ဦးထိပ်ထားလျက်

# ရွှေဟင်္သာ စာပေ



(ရွှေဟင်္သာစာပေ)
အမှတ် (၅)၊ ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

**အခန်းစဉ်များ**

(၁) ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခု
(၂) ထင်နောင်ဆိုတဲ့ အပေ့ဗိုလ်ညာ(?)
(၃) မြောက်မြားရတဲ့တစ်နေ့
(၄) ငှက်ဆိုးထိုးသံ
(၅) လိပ်ပြာစိုညာဉ်
(၆) အရှုံးပိုးအေး ဒေသနပေး
(၇) အဆိပ်များစွာ
(၈) ဘယ်မှာလဲသရဲ
(၉) အခွင့်အရေးယူသူများ
(၁၀) အသံများ
(၁၁) ဘယ်မှာလဲသရဲဆိုတာ
(၁၂) ရွာအမှုဘုန်းကြီးပတ်
(၁၃) လူမှာလောင်တဲ့မီး
(၁၄) ချစ်သူသရဲ
(၁၅) ဂမုန်းနတ်ပိစ္စာ
(၁၆) အရူးလုပ်ခံရခြင်း
(၁၇) သုသာန်ထဲကသရဲ
(၁၈) ပွဲလန့်တုန်းဖျာခင်း
(၁၉) သရဲအရိုက်ခံရခြင်း
(၂၀) ဘဝယောင်းကချစ်သူ

## အခန်း (၁)

ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခု

အနုပာက
သေဆုံးသွားတဲ့သူ့အမေက
သူ့ဆီကိုလာပြီး
ခေါ်နေတယ်ဆိုတာတော့
ဖြစ်နိုင်တဲ့အရာ...

BURMESE CLASSIC .com

အောက်ဖော်ပြပါဖြစ်ရပ်လေးသည် စာရေးသူငယ်စဉ်က ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်လေးတစ်ခုကို အခြေခံ၍ ရေးသားရခြင်းဖြစ်သည်။ ၎င်းအကြောင်းလေးကို ဝတ္ထုအဖြစ်ရေးသားရန် ရွာကသူငယ်ချင်းတွေက ကြိမ်ဖန်များစွာ တိုက်တွန်းကြသည်။ ဘယ်လိုပင်တိုက်တွန်းကြပေမဲ့ လက်မခံဘဲ အကြိမ်ကြိမ် ငြင်းပယ်ခဲ့ပါသည်။

အကြောင်းက ဤဝတ္ထုတွင် အဓိကပါဝင်တဲ့သူကို သနားမိခြင်းကြောင့်ဖြစ်သည်။ သူသည် အလွန်သနားစရာကောင်းသည်။ ဘဝနာသည်။ လောကရဲ့နှိပ်စက်မှုကို ရက်ရက်စက်စက်ခံစားနေရသည်။ ယခု ရေးသားတဲ့ဝတ္ထုသည် ကမ္ဘာလောကမှာရှိနေသလို စာရေးသူတို့ ပတ်ဝန်းကျင်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလိမ့်မယ်လို့ ထင်မှတ်မိသည်။

နှစ်ပေါင်းများစွာ သူငယ်ချင်းတွေရဲ့ စောင်းဆိုမှု ဆန္ဒတွေကို လက်ခံမိတာကြောင့် ထိုဖြစ်ရပ်လေးကို ရေးသားရန်ဆုံးဖြတ် ချက်ချလိုက်သည်။ စာဖတ်သူများ လက်ခံလာလိမ့်မယ်လို့ ထင်မှတ်မိသည်။

ပူပြင်းအိုက်စပ်တဲ့ နွေရာသီကာလ။

ဒေသတွင် နေထိုင်သူများက ၎င်းတို့အိမ်ရှေ့တွင်ဝိုင်းဖွဲ့ပြီး လေညှင်းခံရင်း လုပ်ငန်းကိစ္စများ ပြောနေကြသည်။

လူကြီးတစ်ချို့က ရှေးဖြစ်ဟောင်းများကို ပြောနေကြသည်။

ပျော်ရွှင်စရာများ ပါဝင်သည်။

ကြေကွဲဝမ်းနည်းစရာများလည်း ပါဝင်နေသည်။

တစ်ချိန်က ထိုရွာလေးသည် အလွန်စည်ကားသည်။

ပျော်စရာလည်း ကောင်းနေသည်။

ရွာသားများသည် ချစ်ချစ်ခင်ခင်နေထိုင်ကြသည်။

ကာလရှည်ကြာလာ၍ အပျော်အပါးများ လျော့နည်းလာသည်။ အလုပ်တွေကလည်း ယခင်ကထက် ပိုမိုများလာသည်။

"ဟာ ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာလဲ"

"အစ်ကို ဇေမျိုး ရူးနေပြီလားမသိဘူး"

"ဟဲ. . . မဟုတ်တာကွယ်"

"ဟုတ်ပါတယ်ဆိုမှ အမေမယုံရင်သွားကြည့်ပါလား"

ပြောနေရပေမယ့် ရင်ထဲတွင် ကြေကွဲမှုများ လွှမ်းမိုးနေသည်။ တကယ်တော့ သူမနှင့်ဇေမျိုးတို့က ချစ်သူတွေဖြစ်ကြသည်။



၎င်းတို့နှစ်ယောက် ချစ်နေကြတာကို မိဘများသာမက တစ်ရွာလုံးကပါ သိနေကြသည်။

အားလုံးကလည်း သဘောတူကြသည်။

ယခု ချစ်သူကိုယ်တိုင်က ထိုစကားပြောလာတော့ ဘယ်လိုပုံစံနှင့် ယုံကြည်ရမှန်းမသိအောင် ဖြစ်နေကြသည်။

မိခင် ဒေါ်ထားထားသည် သမီးဖြစ်သူ ထားထားနွယ်ကို နားမလည်စွာ ကြည့်နေသည်။

သူမရဲ့ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်များ ရစ်ဝဲနေသည်။ ၎င်းတို့သားအမိ ပြောနေတဲ့စကားကို ဝိုင်းဖွဲ့စကားပြောနေတဲ့ လူကြီးများ ကြားသွားသည်။

"ဟဲ့ သမီး ဘာဖြစ်လို့လဲ"

"ဟိုလေ အစ်ကိုဇေမျိုးပေါ့"

"မောင်ဇေမျိုး ဘာဖြစ်လို့လဲ သမီးရဲ့"

"သူ့ စိတ်တွေမူမမှန်တော့ဘူး အဖေ"

"ဟေ. . . ဘယ်လိုမူမမှန်တာလဲ သမီးရဲ့"

"သူ့အမေက သူ့ကို လာခေါ်နေတယ်တဲ့"

"ဟေ"

ကြားလိုက်ရတဲ့စကားကြောင့် အားလုံး အံ့ဩကုန်ကြသည်။

လူကြီးများသည် နားမလည်ခြင်းများစွာဖြင့် သူမအား ကြည့်နေကြသည်။ သူမစကား သာမန်မဟုတ်မှန်းသိနေကြသည်။

လက်ထဲက ရေနွေးကြမ်းခွက်တွေ လွှတ်ကျတော့မလိုဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမပြောတဲ့စကားကို ဘယ်လိုပုံစံနှင့် လက်ခံယုံကြည်ရမှာလည်းဆိုတာ စဉ်းစားရခက်နေသည်။

"ဟုတ်ရဲ့လား ထားထားနွယ်ရယ်"

"ကျွန်မ အမှန်ပြောနေတာပါ လေးလေးညို"

"ဘယ်လိုဖြစ်တာလဲ သမီး ထားထားနွယ်ပြောသလိုဆိုရင် ဒီကလေး စွဲလန်းမှုတွေများလွန်းပြီထင်တယ်"

"ဒါတော့ ဒါပေါ့ဗျာ၊ အခုဟာက သေဆုံးသွားတဲ့ အမေက သူ့ဆီကိုလာပြီးခေါ်တယ်ဆိုတာတော့ မဖြစ်နိုင်တဲ့ အရာပဲ"

"ဖြစ်နိုင်ပါတယ်၊ မြတ်စွာဘုရားရဲ့ လေးတော်တင်ခန်းမှာ လှုပြည်ကပစ်လွှတ်လိုက်တဲ့မြားက နတ်ပြည်ကမိခင်ထံကို ရောက် တယ်လေဗျာ"

"ခက်နေတာကတစ်ခု ဖြစ်နေပြီဗျာ"

"ဇေမျိုးဆီ မယ်သင်းလှိုင် လာတယ်ဆိုတာ လက်ခံရမလိုပဲဗျာ၊ သူတို့သားအမိက အလွန်ချစ်ကြတာ"

ရွာရဲ့ အကြီးအကဲတစ်ဦးဖြစ်သူ ဦးစိုးခင်က ဝင် ရောက်ပြောလိုက်သည်။ ဇေမျိုးနှင့် ဒေါ်သင်းလှိုင်တို့ သား အမိသည် အလွန် ချစ်ကြသည်။

ဇေမျိုးသည် မိခင်မကြိုက်တာ ဘာတစ်ခုမှမလုပ်။

မိခင်အပေါ် လေးစားသည်။

ဇေမျိုးရဲ့ဖခင် ဦးကြိုင်သည် ၎င်းအသက် (၁၈) နှစ်သားအရွယ်မှာ သေဆုံးသွားသည်။

ဒေါ်သင်းလှိုင်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်သွားသည်။

သားကိုချစ်တဲ့စိတ်နှင့် နောက်ထပ်အိမ်ထောင်မပြု။



၎င်းတို့ဇနီးမောင်နှံ ပိုင်ဆိုင်တဲ့လယ်ယာများကို ဒေါ်သင်းလှိုင်ကိုယ်တိုင် ဦးစီးသည်။

နှစ်ဘက်မိဘများက ဒေါ်သင်းလှိုင်ကို နောက်အိမ်ထောင်ပြုရန် တိုက်တွန်းကြသည်။

ဒါကို လက်မခံ။

အပင်ပန်းခံပြီး လယ်ယာများကို ဦးစီးလုပ်ကိုင်ရင်း သားဖြစ်သူ ဇေမျိုးကို ပြုစုပျိုးထောင်သည်။

သားဇေမျိုး အသက် (၂၀) ကျော် လယ်ယာများကို ဦးဆောင်နိုင်တဲ့အချိန် သားအမိနှစ်ယောက် ချမ်းသာစွာနေနိုင်တဲ့အချိန်မှာ ဒေါ်သင်းလှိုင်ဟာ သူချစ်တဲ့သားကို စွန့်ခွာပြီး လူ့လောကအပြင်ကို ကြေကွဲစွာ ထွက်ခွာသွားခဲ့သည်။

မိခင် ဒေါ်သင်းလှိုင် သေဆုံးပြီးတဲ့နောက် ဇေမျိုးမှာ နေ့စဉ်နှင့်အမျှ သောကရောက်နေရသည်။

ဒေါ်သင်းလှိုင်ရဲ့ညီမ ဒေါ်သင်းကြိုင်က ဇေမျိုးကို ဂရုတစိုက် ပြုစုပေးသော်လည်း ၎င်းရဲ့စိတ်များက မိခင်ထံကိုသာရောက်နေသည်။

"ဒါတော့ ဒါပေါ့ ဦးခင်ရာ၊ ဒီကလေး အဲဒီလောက်တော့ ဆိုးမှာမဟုတ်ပါဘူး၊ သူ့အမေသေတာ (၁) လမှ မပြည့်သေးဘဲ၊ ဒီလောက်တော့ရှိမှာပေါ့"

"ဟုတ်တယ် ကိုစန်းထူး ကောင်လေးက သူ့အမေကို သိပ်ချစ်တာ၊ သူ့ဘဝက အလွန်သနားစရာပါ"

"ဘာတတ်နိုင်မှာလဲ၊ သူ့ကို နားချရမှာပေါ့ကွာ"

ရွာလူကြီးများသည် ဇေမျိုးကို သနားနေကြသည်။

၎င်းသည် အလွန်လီမ်မာသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လူကြီးလူငယ်မရွေး သူ့ကိုချစ်ခင်ကြသည်။

ဇေမျိုးက ရွာရဲ့ သာရေးနာရေးများကို ပျော်ပျော်ပါးပါး ကူညီပေးသည်။

ဇေမျိုးရဲ့မိခင် ဒေါ်သင်းလှိုင် သေသွားတော့ ရွာသားများ စိတ်မကောင်းဖြစ်ကြည်။

"အဲဒါ ကောင်းတယ်အစ်ကိုမောင်သွယ်၊ သူ့ကို ကျုပ်တို့ ရွာသားတွေ ဝိုင်းဝန်းကူညီကြတာပေါ့၊ သမီး ထားနွယ်ကလည်း အတတ်နိုင်ဆုံး ကူညီပါကွယ်၊ အားနဲ့သူကို အားပေးတာ ကုသိုလ်ရတာပဲ"

"စိတ်ချပါ အဘ"

ပြောလိုက်ရပေမယ့်. . .

ရင်ထဲမှာ အလွန်ကြေကွဲနေသည်။

အားလုံးထက် ထားထားနွယ်က ပို၍ပင်ကြေကွဲနေသည်။

ထားထားနွယ်သည် ဇေမျိုးကိုအသက်လောက်ချစ်သည်။

သူမအတွက် ဇေမျိုးက တစ်ဘဝအတွက် အားကိုးရသူ တစ်ယောက်ဖြစ်သည်ဟု ထင်မှတ်ထားသည်။

ယခု ဇေမျိုးရဲ့အဖြစ်ကို မြင်တွေ့ရတော့ ဘယ်လိုပုံစံနှင့် အကောင်းဆုံးပြုစုရမလဲဆိုတာ စဉ်းစားနေရသည်။

လူကြီးများကလည်း ဇေမျိုးတစ်ခုခုဖြစ်သွားမှာကို စိုးရိမ်ကြပေ၏။

# အခန်း (၂)

ထနောင်းရိပ်က အမေ့စိညာဉ်

လူလေးကြုံတွေ့နေတဲ့အခက်အခဲကို
အားငယ်နေရင်
လူ့လောကမှာ အသက်ရှင်သန်နေထိုင်ရတာ
ဘာမှတန်ဖိုးမရှိဘူး
အဲဒါတွေဟာ လူလေးအတွက်

"ကျုပ် အလုပ်တွေကြိုးစားနေပါတယ် အမေ၊ အမေ့ဆန္ဒတွေအားလုံး ဖြစ်စေရပါမယ်လို့ ဂတိပေးပါတယ်၊ ကျုပ်ပြောတာ အမေကြားတယ်မဟုတ်လား၊ ကျုပ်ကို ပြုံးပြစမ်းပါ အမေ၊ အမေ့မျက်ဝန်းက မျက်ရည်တွေကို မကြည့်ရက်လို့ သုတ်လိုက်ပါအမေ"

ကြေကွဲစွာ ပြောနေသည်။

မျက်ဝန်းအိမ်မှ မျက်ရည်များ ယိုစီးကျနေသည်။

ဇေမျိုးသည် မိခင်ကိုယ်တိုင်အနားယူဖို့စိုက်ခဲ့တဲ့ ထနောင်းပင်အောက်မှာထိုင်ပြီး ထိုစကားများကို ပြောနေသည်။

ဒေါ်သင်းလှိုင်သည် ခင်ပွန်းသေဆုံးပြီး လယ်ယာများကို ဦးစီးလုပ်ကိုင်စဉ်တုန်းက နေ့ခင်းအနားယူရန်ရည်ရွယ်ပြီး ထိုအပင်ကို စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com



ဇေမျိုး အရွယ်ရောက်လာတော့ ထို ထနောင်းပင်ကြီး အောက်တွင်ထိုင်ပြီး မိခင်နှင့်အတူ အနားယူခဲ့သည်။

ယခု မိခင်မရှိတော့တဲ့နောက် ထိုအပင်အောက်တွင် ထိုင်နေသည်။

"အမေ ကျုပ်ပြောတဲ့စကားကို ကြားတယ်မဟုတ်လား၊ ကြားရင် ကျုပ်ကိုပြန်ပြောအုံးလေဗျာ"

"လူလေး အမေစကားကို နားထောင်တယ်ဆိုရင် ဘာလို့ အရက်တွေသောက်နေရတာလဲ"

"ကျုပ် အမေ့ကိုလွမ်းလို့ သတိရလို့ သောက်နေတာပါ အမေ"

"မှားနေပြီ လူလေး၊ အမေ့ကိုသတိရရင် အလုပ်ကို အမြဲကြိုးစားရမှာပေါ့၊ အမေက အလုပ်ကြိုးစားသူကိုသာ လေးစားတာပါ လူလေး"

"ကျုပ် အမေ့စကားကို နားထောင်ပါ့မယ် စိတ်ချပါ"

ထိုသို့ပြောပြီး ကျေနပ်စွာပြုံးရွှင်နေသည်။

ၒင်းအချိန်တွင် တစ်ယောက်သောသူက ဇေမျိုးရှိရာကို ဦးတည်လာနေသည်။ ဇေမျိုးသည် ထိုသို့စကားပြောရတာကို ကျေနပ်နေသည်။

ပတ်ဝန်းကျင်ကို သတိထားဖို့ မေ့နေသည်။

အနောက်ကလာနေသူကို သတိမထားမိအောင် ဖြစ်နေ၏။

ဇေမျိုးသည် ထနောင်းပင်ကြီးကိုကြည့်ပြီး စကားများပြောနေသည်။

အနောက်ကလာနေသူသည် ဇေမျိုးကြည့်နေတဲ့ ထနောင်းပင်ကြီးကို ကြည့်ပြီးရပ်နေသည်။



ဇေမျိုးရဲ့အဖြစ်ကိုကြည့်ပြီး ကြေကွဲနေသည်။

"သြော် အစ်ကိုဇေမျိုးရယ်၊ ရှင် ဒီလိုခံစားနေရတာကို တွေ့နေရတော့ ကျွန်မ ကြေကြေကွဲကွဲ ခံစားနေရပါတယ်"

ပြောရင်း မျက်ဝန်းအိမ်မှ မျက်ရည်ကြည်များ ထွက်လာကြသည်။

ၒင်းတို့နှစ်ယောက်သည် လူသားချင်းတူကြပေမယ့် ကြေကွဲမှုခြင်းက အလွန်ကွာခြားလှသည်။

ထားထားနွဲ့သည် ခြေနှစ်လှမ်း ရှေ့ကိုတိုးပြီး ဇေမျိုးရဲ့ဘေးတွင် အသာထိုင်ချလိုက်သည်။

"အစ်ကိုဇေမျိုး ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ငါ အမေနဲ့စကားပြောနေတာ"

"ကြီးသင်းလှိုင်က ဘယ်မှာလဲ"

"ဟိုမှာလေ ထနောင်းပင်ဘေးမှာ ရပ်နေတယ်လေ၊ မတွေ့ဘူးလား"

"ဟင့်အင်း မတွေ့ပါဘူး"

ဇေမျိုးသည် ထနောင်းပင်ကိုလက်ညှိုးညွှန်ပြလိုက်သည်။

ထားထားနွယ်သည် အပင်ကြီးကို ကြည့်နေသည်။ မည်သည့်အရာကိုမှ တွေ့ရှိခြင်းမရှိပေ။

ဇေမျိုးကတော့ အပင်ကြီးကိုသာ စိုက်ကြည့်နေသည်။

"နင့်မျက်လုံး ကန်းနေလား၊ ဟိုမှာလေ အမေကနင့်ကို မေးနေတယ် နေကောင်းရဲ့လားတဲ့ ပြောလိုက်လေ"

"ဘာပြောရမှာလဲ အစ်ကိုဇေမျိုး"

"ကောင်းတယ်လို့ ပြောလိုက်လေ"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ ကောင်းပါတယ် ကြီးမေ"

ပြောလိုက်ရပေမယ့် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

ဇေမျိုးရဲ့မိခင် ဒေါ်သင်းလှိုင်သည် ထားထားနွဲ့ကို သမီးအရင်းတစ်ယောက်လို ချစ်သည်။

ဇေမျိုးနှင့်ချစ်နေတာကို သိသွား၍ ပျော်ရွှင်နေသည်။

ချွေးမအလိမ်မာလေးဟု လူတိုင်းကို ကြွားနေတတ်သည်။

ကံမကောင်းဟု ပြောရမလား. . .

စပါးသိမ်းပြီးသည်နှင့် မင်္ဂလာလက်ထပ်ပွဲကျင်းပရန် စီစဉ်ထားသည်။ စပါးတကယ်သိမ်းပြီး မင်္ဂလာကိစ္စတိုင်ပင်ရန်အချိန်မှာ ဒေါ်သင်းလှိုင် ရုတ်တရက်သေဆုံးသွားသည်။

ဒေါ်သင်းလှိုင်သေဆုံးသွားတော့ ဇေမျိုးဟာ ထိုကိစ္စကို စိတ်မဝင်စားတော့ဘဲ ယခုကဲ့သို့ဖြစ်နေသည်။

ချစ်သူခံစားနေရတာကို မကြည့်ရက်လို့ စိတ်မကောင်းဖြစ်နေရတဲ့ ထားထားနွယ်ရဲ့ သောကတွေကလည်း တောင်လိုပုံနေသည်။

"အစ်ကိုဇေမျိုးရယ် ကျွန်မ ရှင့်ကို ဘယ်လိုလုပ်ပြီး ဒီစိတ်တွေကို ဖျောက်ဖျက်ရမှာလဲ၊ အစ်ကိုဇေမျိုး အခုလိုခံစားနေရတာကို မကြည့်ရက်ဘူး"

ထားထားနွယ်ပြောနေတဲ့ စကားများသည် ဇေမျိုး ကြားခြင်းမရှိ။

"အမေ ထားနွယ်က ကြားပါတယ်တဲ့၊ အမေ ဝမ်းမသာဘူးလားဟင်၊ အမေ ကျုပ်တို့နဲ့ ပြန်လိုက်ခဲ့ပါနော်၊ အိမ်မှာ အမေမရှိရင် ကျုပ် မနေနိုင်လို့ပါ၊ အရီးလေးကလည်း သူ့အလုပ်နဲ့ ကျုပ်ကို စကားမပြောနိုင်ဘူး"



"အစ်ကိုဇေမျိုး စိတ်ကိုထိန်းပါဦး"

"ငါ ဘာဖြစ်လို့ စိတ်ထိန်းရမှာလဲ ထားနွယ်၊ ငါ ဘာမှမဖြစ်ပါဘူးဟာ၊ နင်ပဲ စဉ်းစားကြည့်စမ်း၊ အမြဲအိမ်မှာနေခဲ့တဲ့အမေက အခု အိမ်မှာမနေဘဲ ဒီအပင်မှာပဲနေတယ်၊ ငါ ဘယ်လောက်ခံစားရမလဲ၊ နင်ပဲစဉ်းစားကြည့်စမ်းပါ"

"အစ်ကို စိတ်မဆိုးရင် ထားနွယ်ပြောချင်တယ်၊ ကြီးသင်းလှိုင်က အစ်ကိုတို့ထားနွယ်တို့နဲ့ ဘဝချင်းခြားသွားပြီလေ"

"အဲဒါကြောင့် ခံစားနေရတာပေါ့"

ကြေကွဲစွာပြောလိုက်တဲ့ ဇေမျိုးစကားများကို ထားထားနွယ် သနားနေမိသည်။ အချိန်သည် ညနေစောင်းနေသည်။

နှစ်ယောက်သား ဇေမျိုးတို့ပိုင် ယာကုန်းတွင် ထိုင်နေကြသည်။

ဇေမျိုးရဲ့သောကများကို ထားထားနွယ် ဘယ်လိုကူညီဖြေရှင်းရမလဲဆိုတာ စဉ်းစားမရအောင်ဖြစ်နေသည်။

"ဒါတွေ ထားလိုက်ပါတော့ အစ်ကိုဇေမျိုးရယ်၊ အခု မိုးချုပ်တော့မယ်၊ ပြန်ကြစို့"

"အစ်ကိုဇေမျိုး ဒီနေရာမှာပဲနေချင်တယ်"

"အဲဒီလိုမလုပ်ပါနဲ့ အစ်ကိုဇေမျိုး၊ ကြီးသင်းလှိုင် ပြောထားတဲ့စကားတွေကို မေ့သွားပြီလား"

ဇေမျိုးရဲ့အမေ ဒေါ်သင်းလှိုင်က အလွန်စိတ်ဓာတ်မာကျောသည်။

ဇေမျိုးရဲ့အဖေ သေဆုံးသွားတော့ ဒေါ်သင်းလှိုင်က ပူဆွေးသောကရောက်ရမဲ့အစား လောကဓံကို ရင်ဆိုင်ပြီး ဘဝကို ကောင်းစွာလျှောက်လှမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားများက ဒေါ်သင်းလှိုင်ကို သနားကြသည်။ အားပေးကြသည်။ ပုတ်ခတ်ပြောဆိုကြသည်။

ဒေါ်သင်းလှိုင်က မဆိုင်သလိုသဘောထားပြီး ဘဝကို ကောင်းစွာလျှောက်လှမ်းသည်။ သားဖြစ်သူ ဇေမျိုးကို သွန်သင်ဆုံးမသည်။

"လူလေး တွေ့ကြုံနေရတဲ့ အခက်အခဲကို အားငယ်နေရင် လူ့လောကမှာ အသက်ရှင်နေထိုင်ရတာ ဘာမှတန်ဖိုးမရှိဘူး၊ အဲဒါတွေဟာ လူလေးအတွက် သောကတွေပဲဖြစ်လိမ့်မယ်၊ မှောင်မိုက်တဲ့ဘဝကို ငြီးတွားနေမယ့်အစား လက်ထဲက မီးအိမ်ထွန်းညှိလိုက်တော့ လူ့လောကအတွက် ကြီးမားတဲ့တန်ဖိုးပဲ"

ဟု ပြောခဲ့ဖူးသည်။

ထိုအချိန်က ဖခင်သေဆုံးသွားလို့ ကြေကွဲနေတဲ့ဇေမျိုးကို မိခင် ဒေါ်သင်းလှိုင်က အားပေးစကားပြောလိုက်ခြင်း ဖြစ်သည်။

"လူလေး မင်းအဖေမရှိလို့ ကြေကွဲနေတဲ့မင်းဟာ အနားမှာ ရှိနေတဲ့ မင်းရဲ့အမေဟာလည်း အမြဲရှိနေလိမ့်မယ်လို့ ထင်နေသလား၊ လူလေးနဲ့အမေ ဘယ်သူက လူ့လောကကို အရင်စွန့်ခွာမလဲဆိုတာ မသိပေမဲ့ တစ်ယောက်ယောက်က အရင်စွန့်ခွာသွားမယ်ဆိုတာတော့ အသေအချာပဲ၊ အဲဒီလိုဖြစ်လာရင် လောကဓံရဲ့ သောကတွေကို ငါဘယ်လောက်ခံနိုင်မလဲဆိုတာ ကြိုတင်သိထားရမယ်။ လက်တွေ့ကြုံမှ သောကရောက်ရတယ်ဆိုရင် အဲဒီလူဟာ လူပျော့လူညံ့တစ်ယောက် ဖြစ်သွားမယ်၊ အမေ့ရဲ့သားဟာ အဲဒီလိုလူ မဖြစ်သင့်ဘူး"

ဒေါ်သင်းလှိုင်ရဲ့ စကားများဖြစ်သည်။

ဒေါ်သင်းလှိုင်ဟာ ဇေမျိုးကို လူပျော့လူညံ့တစ်ယောက်



အဖြစ်မခံစေချင်တာကြောင့် ထိုကဲ့သို့ပြောရခြင်းဖြစ်သည်။

ဇေမျိုးသည် မိခင်၏စကားများကို ကြားယောင်နေသည်။

"အမေ့စကားတွေကို ငါ လက်ခံပါတယ်၊ သိလည်း သိနေပါတယ်၊ ဒါပေမဲ ငါ့ရဲ့စိတ်တွေကိုက နားလည်ရခက်နေပါတယ်"

"ထားနွယ်ပြောချင်တာက အစ်ကိုဇေမျိုးရဲ့စိတ်ကို အစ်ကိုဇေမျိုးပဲသိမှာပါ၊ အခုလိုဖြစ်နေရင် အသက်ကို အန္တရာယ်ဖြစ်နိုင်တယ်၊ ခံရတော့ အစ်ကိုဇေမျိုးပဲ ခံစားရမှာပေါ့"

"အမေ ကျုပ်ပြန်ဦးမယ်၊ အမေ ကျုပ်တို့နဲ့ ရွာကိုပြန်လိုက်ခဲ့ပါ"

ထိုသို့ပြောပြီး ဇေမျိုး ထိုင်ရာက ထလိုက်သည်။

ပတ်ဝန်းကျင်တွင် အမှောင်ထုများ စတင်နေသည်။

နှစ်ယောက်သား ရွာကိုပြန်လာကြသည်။ ယာတဲမှာနေထိုင်သူများကလွဲပြီး ကျန်သူများ ရွာကိုပြန်နေကြသည်။

တစ်ချို့က နှုတ်ဆက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြောက်မြားရတဲ့ နေ့တစ်နေ့

သေသွားရင်
အောက်တန်းကျတဲ့နေရာမှာလာပြီး
မွေးပစ်ရမှာပဲ
အောက်တန်းကျတယ်ဆိုတာ လူကိုပြောတာမဟုတ်ဘူး
စိတ်ဓာတ်ကိုပြောနေတာ
မောင်ရင်ရဲ့...

"မင်းတို့ပြောသလိုသာဆိုရင် ငါ့အတွက် မျှော်လင့်ချက်တွေ ရှိသေးတယ်ဆိုတဲ့သဘောပေါ့"

"အပြည့်ရှိတာပေါ့ ရွာထဲကမကြားဘူးလား အစ်ကိုလေး"

"ကြားတာပေါ့ကွာ၊ ဒီစကား မှန်ပါ့မလားလို့"

အလွန့်ဝမ်းသာနေသည်။

ပျော်ရွှင်တဲ့စိတ်များဖြင့် အရက်ကို သောက်နေသည်။

၎င်းမှာ တစ်ခြားသူမဟုတ်။ ရွာမြောက်ပိုင်းက ဦးစံသိန်းရဲ့သား တင်မောင်ဖြစ်သည်။

တင်မောင်သည် မိဘများရဲ့ချမ်းသာမှုကို ခုတုံးလုပ်ပြီး စိတ်တိုင်းကျကနေသည်။

မိဘများက တင်မောင်ရဲ့လုပ်ရပ်ကို ခွင့်ပြုထားသည်။

တင်မောင်သည် မွေးချင်း (၅) ယောက်အနက် အငယ်ဆုံး



ဖြစ်သည်။

အစ်မ (၄) ယောက်ကြားက မောင်တစ်ယောက်ဖြစ်သည်။

ထို့အတူ တင်မောင် ရွာကအချောအလှတွေကို ကြိုက်သည်။

အလုပ်မလုပ်တဲ့တင်မောင်ကို ရွာ့ရှိမိန်းကလေးတွေက မကြိုက်။

ယခုလည်း အခွင့်အရေးယူဖို့ ကြိုးစားနေသည်။

တင်မောင်သည် ထားထားနွယ်ကို တစ်ဖက်သတ်ချစ်သလို ကြိမ်ဖန်များစွာ ချစ်ရေးဆိုသည်။ ထားထားနွယ်က လက်ခံခြင်း မရှိ. . .။

အမြဲလို ငြင်းဆိုနေတတ်သည်။

တင်မောင်၏ နောက်လိုက်တွေက အမြဲလိုအားပေးနေသည်။ နောက်လိုက်တွေကြောင့် တင်မောင်မှာ နေ့စဉ် အရက်ဖိုးများ ကုန်နေသည်။

"အလွန်မှန်တာပေါ့ အာစရိရာ၊ ဇေမျိုးမရှိရင် ထားနွယ် ဘယ်ပြေးလို့မလွတ်ပါဘူး"

"မင်းတို့မှာ ဘယ်လိုအကြံရှိလို့လဲ"

"တစ်နေ့ အာစရိသိရမှာပေါ့"

"အရူးတွေ၊ ငါ့ကိုတောင် လျှို့ဝှက်နေသေးတယ်၊ ဒီမှာ ငါက ပိုင်ဆိုင်မယ့်သူဆိုတာကို သိထားဦးမှပေါ့"

တင်မောင်သည် မကျေနပ်တဲ့လေသံနှင့် ပြောလိုက်သည်။

၎င်းတို့သည် တင်မောင်ဒေါသထွက်မှာကို စိုးရိမ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်သည် ပိုက်ဆံရှိအသိုင်းအဝိုင်းမှ မွေးဖွားကြီး ပြင်းလာသူ တစ်ယောက်ဖြစ်နေသည်။ ၎င်းရဲ့နောက်ကလိုက်ပြီး တပည့်ခံလျှင် နေ့စဉ် အရက်သောက်ရသည်။

မိသားစုအတွက် ပိုက်ဆံလိုအပ်လျှင် ထုတ်ပေးသည်။

သူ့ကိုသာ မြှောက်ပင့်ပြီး အာစရိလို့ခေါ်နေလျှင် ကျေနပ်နေသည်။

ရွာရှိ လူငယ်အချို့က တင်မောင်ကို လေးစားကြသည်။

တစ်ချို့က ရွံ့မုန်းကြသည်။

တင်မောင်ရဲ့စိတ်ဓာတ်ကို ပို၍ရွံ့မုန်းသည်။

ယခု ကြည့်။ ထားထားနွယ်နှင့်ပတ်သက်၍ မကောင်းတဲ့ အကြံများပေးနေသည်။

ဒါကို ကျေနပ်ပျော်ရွှင်နေသူက တင်မောင်။

"အာစရိကလည်းကျုပ်တို့အကြံကိုအခုမပြောသေးတာက အကြောင်းရှိပါတယ်"

"ဘာအကြောင်းလဲ ပြောစမ်း ပြောစမ်း"

"အာစရိနဲ့ထားနွယ် အမြန်ဆုံးအဆင်ပြေဖို့ ဘယ်လိုလုပ်ရင်ကောင်းမလဲ အကြံက အောင်မြင်ပါ့မလားဆိုတာပေါ့။

"တော်စမ်းကွာ၊ မဟုတ်တာတွေမပြောနဲ့၊ မင်းတို့စကားက ငါ့ကို အထင်သေးရာပဲ"

"ဟာ ဟာ. . . အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး၊ အာစရိ"

"ဟုတ်ပါတယ် အာစရိ၊ ကျုပ်တို့က အာစရိအပေါ် စေတနာအပြည့်အဝထားပါတယ်"

တင်မောင်စကားသည် ပါတ်ဝန်းကျင်ကို ကျယ်လောင်စွာ



လွှမ်းမိုးနေသည်။ ဆိုင်အတွင်းမှာရှိသူများက ၎င်းတို့ကို ကြည့်နေကြသည်။

တစ်ချို့အရက်သမားများက မကျေမနပ်ဖြစ်နေကြသည်။

အများစုက တင်မောင်ကို အထင်သေးကြသည်။

အလုပ်မလုပ်ဘဲ မိဘပိုက်ဆံကို ထိုင်သုံးနေတဲ့ အသုံးမကျသူဟု သတ်မှတ်နေသည်။ ပတ်ဝန်းကျင် ဘယ်လိုပြောပြော ဂရုမစိုက်။

"အမလေးဗျာ အရက်သောက်ရတာက တစ်စက်လောက်ဖားနေရတာ တစ်ကမ္ဘာလောက်၊ အရက်သမားသိက္ခာကျလိုက်တာ"

ထွက်ပေါ်လာတဲ့အသံရှိရာကို ကြည့်လိုက်ကြသည်။

၎င်းစကားပြောသူမှာ အသက် '၆၀' ကျော် '၇၀' ဝန်းကျင် အဖိုးအိုတစ်ယောက်ဖြစ်သည်။ အဘိုးအိုသည် အဝတ်အစားခပ်စုတ်စုတ်၊ ဆံပင်များဖြူဆွတ်ပြီး ပွလျှံကျဲနေသည်။

အဘိုးအိုရဲ့ရှေ့မှာ အရက်တစ်ပုလင်း၊ ဖန်ခွက်တစ်လုံး၊ အမြည်းတစ်ပန်းကန်တို့ရှိပြီး တစ်ဝိုင်းလုံးမှာ တစ်ယောက်တည်းရှိသည်။

တင်မောင်သည်ဒေါသအကြည့်များဖြင့်အဘိုးအိုကိုကြည့်လိုက်သည်။

အဘိုးကြီးကတော့ ဂရုမစိုက်။ အရက်ခွက်ကိုသာ အေးဆေးစွာသောက်နေသည်။

တစ်မောင်သည် အဖိုးအိုရဲ့အပြုအမူကို မကျေနပ်၍ထိုင်ရာက ထလိုက်သည်။ ထို့နောက် အဖိုးအိုရှိရာကို ဦးတည်နေသည်။ တင်မောင့်လက်ထဲတွင် အရက်ပုလင်းကို တင်းကြပ်စွာ ဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

ထားသည်။

"ဝုန်း"

တင်မောင်သည် အဖိုးအိုရဲ့စားပွဲခုံပေါ် တွင် အရက်ပုလင်းကို ဆောင့်ချလိုက်သည်။

အရက်ဆိုင်တွင် ထိုင်နေသူများ ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။ အဖိုးအိုသည် ဂရုမစိုက်။ အရက်ကိုသာ သောက်နေသည်။

တင်မောင်သည် အဖိုးအိုကို ဘယ်လိုပုံစံနှင့် ရက်စက်မလည်း ဆိုတာကို စိုးရိမ်နေကြသည်။

"အဖိုးကြီး ခုဏစကား ပြန်ပြောလိုက်စမ်းပါ"

"စိတ်မကောင်းလိုက်တာကွာ၊ ယယ်ငယ်လေးနဲ့ နားမကောင်းဖြစ်ရတယ်လို့၊ မောင်ရင့်အဖေ စံပိန်က ဆေးမကုပေးဘူးလားကွာ"

"အဖိုးကြီး ကျုပ်ကိုစော်ကားပြီး ကျုပ်အဖေကိုပါ စော်ကားနေပြန်ပြီ၊ ဒီမှာ သုဿန်စောင့်က၊ သုဿန်စောင့်စကား ပြောစမ်းပါ"

"ဟာ မောင်ရင် တယ်ခက်တာကိုကွ၊ သုဿန်စောင့်ကို မောင်ရင်မှ စော်ကားရဲတယ်လို့၊ သုဿန်စောင့်ဆိုတာ မောင်ရင်ကို ထက် တော်လို့၊ ကျုပ် မေးစမ်းချင်တယ် မောင်ရင် သုဿန်စောင့် လုပ်ရဲလား"

"အဲဒါ အောက်တန်းကျတဲ့သူတွေရဲ့ အလုပ်"

"ဟား ဟား ဟား"

အဖိုးအိုသည် ကျယ်လောင်စွာ ရယ်လိုက်သည်။

အဖိုးအိုရဲ့ ရယ်သံသည် တင်မောင်ကို လှောင်ပြောင်သလို



ဖြစ်နေသည်။ တင်မောင်သည် အဖိုးအိုရဲ့လုပ်ရပ်ကို ဒေါသထွက်နေသည်။

အဖိုးအိုသည် တစ်ယောက်ကို မပွင့်တစ်ပွင့် ကြည့်လိုက်သည်။

ရှေ့မှာရှိတဲ့ အရက်ခွက်ကိုကိုင်ပြီး တစ်ချက် မော့သောက်လိုက်သည်။

တင်မောင်သည် အဖိုးအိုရဲ့စကားကို ချေပရန်ကြိုးစားပေမယ့် အရက်ကြောင့် စကားလုံးများ ထွက်ပေါ်လာခြင်းမရှိအောင်ဖြစ်နေသည်။ အရက်သမားတစ်ချို့က တင်မောင် အဖိုးအိုကို ဘာလုပ်မလဲဆိုတာ စောင့်ကြည့်နေကြသည်။

"မောင်ရင်ဟာ အလွန်ရယ်စရာကောင်းတာပဲ၊ အခုနေ မောင်ရင် သေဆုံးသွားရင် အဲဒီ အောက်တန်းကျတဲ့နေရာမှာ လာပြီး စွန့်ပစ်ရမှာ သေချာတယ်ဟေ့၊ မောင်ရင်ပြောသလို အောက်တန်းကျတယ်ဆိုတာ လူကိုပြောတာမဟုတ်ဘူး၊ စိတ်ဓာတ်ကိုပြောတာ၊ မောင်ရင်ရဲ့စိတ်ဓာတ်က ပြောနေတာထက်ပိုပြီး အောက်တန်းကျတယ်၊ အခုလိုပြောလို့ ငါ အဖိုးကြီးကို သတ်ရင်သေမှာမကြောက်ဘူး၊ အဲဒါကြောင့်ပဲ သုဿန်မှာနေတာ"

"ဟာ. . . ဒီအဖိုးကြီးတော့"

တင်မောင်သည် အဖိုးအိုအား ထိုးကြိတ်ရန် ရွယ်လိုက်သည်။

အဖိုးအိုက ဂရုမစိုက်။ အရက်ခွက်ကိုယူပြီး အေးဆေးစွာ သောက်နေသည်။

တင်မောင်သည် အဖိုးအိုကိုဘာလုပ်မလဲ သိချင်ကြသည်။

တစ်ချို့က စိုးရိမ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ဘာပြောပြော အဖိုးအိုကြီးကတော့ အရက်ကိုသာ ဆက်လက်သောက်နေသည်။

တင်မောင်သည် ဒေါသနှင့် လက်သီးကိုကျစ်လစ်စွာဆုပ်ထားသည်။

အဖိုးအိုကို ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစားနေသည်။

အဖိုးအိုစကားကို ခြေပရန်ခက်ခဲနေသည်။ စကားကိုတောင် ယှဉ်မပြောနိုင်တာကြောင့် ရန်ပြုရန် ဘယ်လိုမှမဖြစ်နိုင်ပေ။

"ဟေ့ မောင်ရင် မင်းကြည့်ရတာ ပင်ပန်းလိုက်တာ၊ မောင်ရင့်ကို အခုလိုပြောရတာ စေတနာကြောင့်ပြောနေရတာ၊ မင်းကွာ မကောင်းတဲ့စိတ်လေးကိုသာ ဖယ်ထုတ်လိုက်ရင် အလွန်တန်ဖိုးရှိမှာ သေချာတယ်၊ ဟေ့ ဒီမှာ အရက်ဖိုး ထားခဲ့တယ်"

အဖိုးအိုသည် အိတ်အတွင်းမှ ပိုက်ဆံကို စားပွဲပေါ်တင်ပြီး ထွက်သွားသည်။ တင်မောင်သည် ဒေါသနှင့် အဖိုးအိုကိုကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"ဟား"

"ခွမ်း"

တင်မောင်သည် အရက်ပုလင်းကိုကိုင်ပြီး တိုင်နှင့်ရိုက်ခွဲလိုက်သည်။

ဆိုင်ပိုင်ရှင် ကျားကြီးသည် တင်မောင်ရှိရာကို ရောက်ရှိလာသည်။

ကျားကြီးသည် တင်မောင်ကို ဘာမှမပြောဘဲ ရပ်ကြည့်နေသည်။

ဝိုင်းအကြည့်သည် ဒေါသများ လွှမ်းမိုးနေသည်။



တင်မောင် ထိုနေရာတွင် ရပ်ရင် ပြဿနာမရှိ။

ဆက်လက်ပြုလုပ်ရင် ကျားကြီးနှင့် ကြီးမားတဲ့ပြဿနာတက်နိုင်သည်။ ကျားကြီးသည် လူမိုက်တစ်ယောက်ဖြစ်ပေမယ့် တားမြစ်ချက်အပြင်ကျော်ပြီး မိုက်တဲ့သူမဟုတ်။

ကျော်လွန်လာရင်တော့ ကျားကြီးရဲ့ဓားက ဘယ်လိုလူမျိုးကိုမှမရွေးချယ်၊ ဖယ်ထားခြင်းမရှိ။

ဝိုင်းဆိုင်မှာ အရက်လာသောက်သူများကို အဆင်ပြေအောင် ဖန်တီးပေးတတ်သလို အသက်အန္တရာယ်ကို ကာကွယ်ပေးထားသည်။

ထို့အတူ ဝိုင်းဆိုင်ကို ပြဿနာရှာသူကိုလည်း ခွင့်လွှတ်တတ်သည်ဆိုတာ အလွန်ရှားသည်။

"ဟေ့ တင်မောင် မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"စိတ်မဆိုးပါနဲ့အစ်ကို ကျုပ် စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာ"

"အေး ငါ့ဆိုင်မှာ အရက်သောက်ချင်ရင် နောက် ဒီလိုမဖြစ်အောင် ဆင်ခြင်ပါ၊ မင်း နောက် တစ်ခြားလူတွေ အနှောက်အယှက်မဖြစ်ပါစေနဲ့"

"ကောင်းပါပြီ အစ်ကိုကျားကြီး"

တင်မောင်သည် ထိုသို့ပြောလိုက်ပေမယ့် စိတ်ထဲမှာ မကျေမနပ်အောင်ဖြစ်နေသည်။

ထိုနေ့တော့ တင်မောင့်အတွက် ကံမကောင်း။

သူသာန်စောင့်အဖိုးအိုကြောင့် အပြောခံရသလို ဆိုင်ပိုင်ရှင်ကလည်း ဒေါသနှင့်ဆက်ဆံခဲ့ရသည်။

အားလုံးက ဝ  နှောက်ယှက်တဲ့အကြည့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။ အလွန်ရှက်နေသည်။

ထို့နောက် တင်မောင်တို့သည် ငွေရှင်းပြီး ဆိုင်အတွင်းက ထွက်လာခဲ့ကြပေတော့သည်။

## အခန်း (၄)

ငှက်ဆိုးထိုးသံ

ခင်ဗျားတို့ဟာ

အယူတွေနဲ့အသက်ရှင်နေကြတာ

ငှက်ဆိုးထိုးတယ်ဆိုတာ မဟုတ်ပါဘူး

အစာကိုစားတာပါ။

သုတေသနအရပြောရ...

"အမေ အမေ ကျွန်တော့်ကို လာခေါ်တာလား၊ ကျွန်တော် အမေနဲ့လိုက်ခဲ့မယ်၊ အမေနဲ့လိုက်ခဲ့မယ်"

တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်ကို ဇေမျိုးရဲ့အသံက လွှမ်းမိုးသွားသည်။ ဇေမျိုးသည် ရုတ်တရက်ထလိုက်သည်။

အနားရှိလူကြီးများက တားလိုက်ကြသည်။

ဇေမျိုးသည် မိခင် ဒေါ်သင်းလှိုင်စိတ်နှင့် အစားအသောက် ပျက်ပြီး အိပ်ယာထဲ လဲသွားသည်။

ထို့အတူ ရောဂါများ ဝင်ရောက်လာသည်။

အစကတော့ အဒေါ်ဖြစ်သူ ဒေါ်သင်းကြိုင်တစ်ယောက် အရင်ပြုစုရသည်။ နောက်တော့ ဇေမျိုးရဲ့အမျိုးများနှင့် ရွာသား တွေကပါ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇေမျိုးသည် အချိန်တိုင်း မိခင်ဒေါ်သင်းလှိုင် ရောက်လာသည်ဟု ပြောနေသည်။ ယခုတော့ အိပ်ယာပေါ်မှာ ဆရာတွေခေါ်ထားရသည်။

ဇေမျိုးသည် ထမင်းစားတဲ့အချိန်တောင်မှ မိခင် ဒေါ်သင်းလှိုင်ကိုမမေ့။ ထမင်းစားတဲ့အခါ မိခင်အတွက် အပိုတစ်ပန်းကန်ပြင်ဆင်ပေးသည်။ 'အမေ ထမင်းစားမယ်' ဟု ပြောပြီး ဟင်းများခပ်ထည့်ပေးသည်။

၎င်းရဲ့ဖြစ်ရပ်ကို တွေ့ရသူတိုင်း ကြေကွဲကြသည်။

ဇေမျိုးတို့သားအမိ ဘယ်လောက်ချစ်ကြသည် ဆိုတာဇေမျိုး ယခုဖြစ်နေတာက သက်သေပြနေသည်။

အဆိုးဆုံးက ဇေမျိုးရဲ့အဒေါ် ဒေါ်သင်းကြိုင်ဖြစ်သည်။

တူဖြစ်သူ စိတ်တွေဖောက်ပြန်နေတော့ ဘယ်လိုမှ ဖြေစရာမရှိပေ။

"တူလေးဇေမျိုး ထမင်းစားလေကွယ်၊ ဘာလို့ကြည့်နေတာလဲ"

"အမေ ထမင်းစားနေတာကို ကြည့်နေတာပါ ဒေါ်လေး၊ အမေကပြောတယ်၊ ဒီနေ့ ထမင်းစားလို့ကောင်းတယ်တဲ့၊ နောက်နေ့ အဲဒီဟင်းပဲချက်ပေးနော် ဒေါ်လေး၊ ဒေါ်လေး ဘာတွေငေးနေတာလဲ ကျွန်တော်ပြောတာ ကြားရဲ့လား"

"ကြား. . . ကြား. . . ပါတယ် လူလေးရာ"

ပြောသာပြောလိုက်ပေမဲ့ စိတ်ထဲတွင် ခံစားနေရသည်။

"ဟဲ့ သင်းကြိုင် နှင်ဘာလို့ငိုနေတာလဲ၊ ဟိုက ပိုဆိုးသွားဦးမယ်"

"ဟုတ်ကဲ့ပါ အမေ"



မိခင်ရဲ့စကားကို လက်ခံပြီး မျက်ရည်များကို သုတ်လိုက်ရသည်။

အားလုံးက ဇေမျိုးထမင်းစားပြီးတဲ့အထိ ကြည့်နေကြသည်။ ၎င်း ထမင်းစားပြီးသည်နှင့် ဆေးတိုက်ကြရန် ရှိသေးသည်။

"လူလေး ဆေးသောက်လိုက်ဦးနော်"

"အမေကြီးကလည်း ကျွန်တော်က ဘာဖြစ်လို့ဆေးသောက်ရမှာလဲ"

"လူလေးက ညဘက်မအိပ်ဘူးလေ"

"ညဘက်မအိပ်တာက အမေနဲ့စကားပြောနေလို့ပဲ၊ အဲဒါကြောင့်ပါ"

"ည မအိပ်တော့ အားကုန်တာပေါ့လူလေးရယ်၊ အဲဒါကြောင့် အားရှိသွားအောင် ဆေးတိုက်တာလေ၊ ဆေးသောက်လိုက်နော်"

ဇေမျိုးသည် ဆေးသောက်ရန်ငြင်းဆိုနေပေမယ့် နောက်ဆုံးတော့ ဆေးသောက်ရသည်။ ဆေးသည် နှလုံးငြိမ်တဲ့ဆေးဖြစ်သည်။

အိမ်ပေါ်မှာ ဧည့်သည်များနှင့် ပြည့်နေသည်။

ဇေမျိုးကို လာရောက်မေးကြခြင်းဖြစ်သည်။

ဇေမျိုးသည် အရိုးပေါ်အရေတင်အောင် ပိန်နေသည်။

၎င်းကိစ္စနှင့်ပတ်သက်ပြီး ဝေဖန်မှုအမျိုးမျိုး ထွက်နေသည်။

"ကျုပ်မြေးရဲ့ အခြေအနေဘယ်လိုလဲ ဆရာ"

"သူ့အမေစိတ်တွေက လွှမ်းမိုးနေတယ်၊ အဲဒါတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ရမှာပဲ၊ အဲဒါတွေ ပျောက်သွားရင်တော့ ကောင်းသွားမှာပါ၊ ခင်ဗျားတို့မှာပဲ တာဝန်ရှိနေတယ်၊ ကလေးကို နားချကြပါ၊ ကျုပ်ဘက်ကလည်း အစွမ်းကုန်ကြိုးစားပေးပါ့မယ်"

"အဲဒီအတွက် စိတ်ချပါ၊ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပါ့မယ်၊ ကျွန်တော်တို့တူလေး နေကောင်းဖို့ကအရေးကြီးပါတယ်"

လူကြီးများသည် ဇေမျိုးကို နေကောင်းစေချင်ကြသည်။

ဆရာများရဲ့စကားကို နားထောင်ကြသည်။

အစွမ်းကုန်လည်း ကြိုးစားနေကြသည်။

ဇေမျိုးသည် ဆေးသောက်ပြီးသည်နှင့် အိပ်ပျော်သွားသည်။

မိသားစုများနှင့် ဧည့်သည်များသည် ဇေမျိုးရဲ့ဖြစ်ရပ်ကို သနားနေကြသည်။ ထို့အတူ ဇေမျိုးရဲ့ လုပ်ဆောင်ချက် ကောင်းကွက်များကို ပြောနေကြသည်။

"သူ့အမေသေဆုံးတာ သူ့အတွက် အစားထိုးမရတဲ့ ကိစ္စတစ်ခုပဲ"

"ဟုတ်တယ် အဲဒါကြောင့် အခုလိုဖြစ်သွားတာပေါ့"

"ဒါနဲ့ ဆရာကြီးကို တစ်ခုလောက်မေးချင်တယ်၊ သူ့ကို ဆေးကုသလို့ ရပါ့မလား"

"အချိန်ယူရမှာပဲ၊ လောလောဆယ်တော့ မရနိုင်ဘူး"

"ဘာကြောင့်လဲ ဆရာကြီး"

"ဒီရောဂါက စိတ်ကြောင့်ဖြစ်နေတာ၊ သူ့ရဲ့စိတ်တွေက သေဆုံးသွားတဲ့သူ့အမေဆီမှာ ရောက်နေတယ်၊ အဲဒါကို စွဲလမ်းနေတယ်၊ ဆေးကိုပဲ အားကိုးလို့မရဘူး၊ သူ့ရဲ့စိတ်တွေ ပြောင်းသွားဖို့က အရေးကြီးတယ်၊ အဲဒီ စိတ်တွေတစ်မျိုးပြောင်းသွားတာနဲ့ သူ့



ရောဂါ ပျောက်ကင်းမှာသေချာတယ်"

ဆေးဆရာသည် ဝါးထားတဲ့ ဆေးရွက်ကြီးအရည်ကို တစ်ချက်ထွေးထုတ်လိုက်သည်။

အားလုံးသည် ဆေးဆရာကြီးရဲ့စကားကို နားစိုက်ထောင်နေကြသည်။

ဆရာကြီး ဦးပွသည် ထိုဒေသမှာ အလွန်နာမည်ကြီးသည်။

ဆရာကြီးကို ဇီဝကဟုခေါ်ကြသည်။ ဆရာကြီးနှင့်တွေ့လိုက်သည်နှင့် ဘယ်လိုရောဂါမဆို ပျောက်ကင်းသည်ဟု သတ်မှတ်ကြသည်။

ရှင်းတို့ပြောသလို ဆရာကြီးကလည်း အမှန်တကယ်ပျောက်ကင်းသည်။

ဆရာကြီးဦးပွသည် ရှင်းကို ဆေးကုသပေးပါဟု တောင်းဆိုလာလျှင် ငွေအသပြာကို အမိကမထား ကုသပေးသည်။

ပိုက်ဆံမရှိလို့ မပေးနိုင်လျှင် တောင်းယူခြင်းမရှိ။ စေတနာကို ရှေ့ထားပြီး ကုသပေးသည်။

ယခု ဇေမျိုးကို ဆေးကုရာတွင် နေထိုင်ရာအိမ်ကိုမပြန်ဘဲ နေထိုင်ပြီး ဆေးကုသပေးသည်။

ဇေမျိုးတို့အသိုင်းအဝိုင်းကလည်း ဆရာကြီးဦးပွကို နေထိုင်စေချင်သည်။

ဆရာကြီးပြောတဲ့စကားကို အမိပွါယ်ပေါ် စဉ်းစားနေကြသည်။

"ဆရာကြီးပြောတာ ကျုပ် သဘောမပေါက်ဘူး၊ ကျုပ်တို့မြေးလေး မောင်ဇေမျိုးက ဘယ်လိုရောဂါမျိုးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကြောင့်ဖြစ်တဲ့ရောဂါပေါ့ဗျာ"

"ဗျာ"

"ဟုတ်တယ် ဦးစိတ်သော် ဒီကလေးရဲ့ရောဂါက စိတ်ကြောင့်ဖြစ်နေတာပါ၊ ခင်ဗျားတို့ကြားဖူးမှာပေါ့၊ စိတ်ထောင်းတော့ ကိုယ်ကြေဆိုသလိုပေါ့ဗျာ၊ ဒီကလေးဟာ သေဆုံးသွားတဲ့ သူ့အမေကို စွဲလန်းနေတယ်၊ အဲဒါက သူ့ရဲ့စိတ်ကို လွှမ်းမိုးနေတယ်"

"ဒါဆို သူ့အမေက သူ့ဆီကို တကယ်လာလို့လား"

"မလာပါဘူးဗျာ၊ သူ့စိတ်က ထင်နေတာ၊ အဲဒါကြောင့် ကျုပ်ပြောနေတာပေါ့၊ သူ့ရဲ့စိတ်ကို ဝိုင်းပြီးဖျောင်းဖျပေးကြပါဆိုတာလေဗျာ"

ဆရာပွပြောတာကို သဘောပေါက်သွားကြသည်။

အားလုံးသည် ကြေကွဲတဲ့မျက်လုံးများနှင့် ဆရာကြီးကို ကြည့်နေကြသည်။ ဆရာကြီးရဲ့စကားထဲတွင် ကြာရင် အသက် ပါ သေဆုံးသွားနိုင်သည်။

ကိုယ်တွင်းမှာဖြစ်ပေါ်နေတဲ့ ဝေဒနာကို ဆေးကုသလို့ပျောက်ပေမယ့် စိတ်မှာဖြစ်ပေါ်တဲ့ဝေဒနာကိုတော့ ဘယ်လိုမှ ဆေးကုသ၍မရ

"ဂီး. . . ဂီး. . . ."

ကျယ်လောင်တဲ့အသံတစ်ခု ထွက်ပေါ်လာသည်။

အားလုံးသည် အသံလာရာကို ကြည့်လိုက်ကြသည်။

အိပ်ယာပေါ်တွင် အိပ်နေတဲ့ ဇေမျိုးကိုပါ ကြည့်လိုက်ကြသည်။

အားလုံး စိုးရိမ်သောက ရောက်ကုန်ကြသည်။

၎င်းအသံမှာ ငှက်ဆိုးထိုးတဲ့အသံ ဖြစ်သည်။



ဒေသစွဲအရ ငှက်ဆိုးထိုးလိုက်သည်နှင့် ထိုရွာမှာ လူတစ်ယောက်သေဆုံးရတော့မည်ဟု ယုံကြည်နေကြသည်။

အဓိက နေမကောင်းတဲ့အိမ်ရှိရင် ထိုအိမ်ကဝေဒနာရှင် သေဆုံးပြီဟု သတ်မှတ်ကြသည်။

(ငှက်ဆိုးကို နိမိတ်ကောင်ဟု ခေါ်ကြသည်။ အချို့က လင်ကောင်ပိုး၊ အချို့ကက ငှက်ဆိုးဟု အမျိုးမျိုးခေါ်ကြသည်။)

တကယ်တော့ ငှက်ဆိုးဆိုတာ ဇီးကွက်အကြီးစားတစ်မျိုး။ ဇီးကွက်နှင့်မတူ။ နှုတ်သီးက အနည်းငယ်ပိုရှည်သည်။ နေ့ခင်းဆို ပုန်းခိုပြီး ညဘက်မှာ ထွက်တတ်သည်။ လူကြီးများက နေ့ခင်မှာ မျက်လုံးမမြင်ရဘူးဟုလည်း ပြောတတ်ကြသည်။

"ကျုပ်မြေးလေးကို ကယ်ပါဆရာကြီးရာ၊ ကျုပ်တို့ကလည်း သူ့ရဲ့စိတ်ကို ပြုပြင်ပေးပါ့မယ်"

"အဲဒါဆို သေချာပါတယ်ဗျာ၊ ကျုပ်ရဲ့ဆေးက ၉၀% အာမခံပါတယ်၊ ခင်ဗျားတို့ကတော့ ၁၀% တာဝန်ယူပါ"

"ဒီကလေးအတွက်ဆို အားလုံး တာဝန်ယူပါတယ်၊ ဆရာကြီးပြောသလိုဖြစ်စေရပါမယ်၊ ကျွန်မတို့မှာ ဒီမြေးလေးကိုပဲ ချစ်နေရတာပါ"

ဦးစိန်သော်တို့ ဇနီးမောင်နှံ ရင်ထဲကထွက်ပေါ်လာတဲ့ စကားက အလွန်ကြေကွဲနေသည်။

ဆရာပွသည် ၎င်းတို့ပြောစကားကို နားထောင်ရင်း၊ ဆေးရွက်များကိုဝါးရင်း နားထောင်နေသည်။ စိတ်ထဲတွင် စဉ်းစားခန်းများ ပြုလုပ်နေသည်။

ဆရာပွသည် ဇေမျိုးကို ဘယ်လိုပုံစံနှင့် ဆေးကုသပေးရမလဲဆိုတာကို တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ဆိုးထိုးလိုက်တာကြောင့် ဇေမျိုးသည် အသက်ရှင်ဖို့ထက် အသက်သေဖို့က များပြားနေသည်။

"ကျုပ်ဘဏ်က တာဝန်ယူထားတာပဲဗျာ"

"ဒေါ်လေးသင်းကြိုင်၊ ငှက်ဆိုးကြီးက အိမ်ခေါင်ပေါ် ထိုးသွားတာ"

"ဟဲ့ ဒီကောင်လေး မဟုတ်တာ"

ဒေါ်သင်းကြိုင်သည် လာရောက်ပြောတဲ့ ကလေးကို ငေါက်လိုက်သည်။

ကလေးသည် မျက်နှာငယ်လေးနှင့် ဆက်ပြောမယ့်စကားစကို ရပ်လိုက်သည်။

လူကြီးများသည် ကလေးပြောစကားကို သိချင်နေကြသည်။

ကလေးဆိုပေမယ့် အသက် (၂၀) ဝန်းကျင်ကို ထိုဒေသက ခေါ်ကြသည်။

"ဟဲ့ ကလေး ဘယ်ကိုပျံသွားလဲ"

"ရွာတောင်ဘက်ကိုပါ အစ်ကိုမြတ်"

"အင်း တော်သေးတာပေါ့"

ကလေးမပြောခင် ဒေါ်သင်းကြိုင်က ဝင်ရောက်ပြောလိုက်သည်။ ရွာတောင်ဘက်ကို ပျံသွားတာက အန္တရာယ်သိပ်မရှိ။ ရွာမြောက်ဘက်ကို ပျံသွားရင် သေချာသည်။

"အဲဒါတွေကို တွေးပြီး မစိုးရိမ်ကြပါနဲ့ဗျာ၊ ခင်ဗျားတို့ဟာ အယူအဆတွေနဲ့ စိုးရိမ်စိတ်ကြီးနေကြတာပါ၊ တကယ်တော့ ငှက်ဆိုးထိုးတယ်ဆိုတာ ထိုးတာမဟုတ်ပါဘူး၊ အစာကိုထိုးတာပါ၊ သုတေသနအနေရ ငှက်ဆိုးကို လင်ကောင်ပိုးလို့ခေါ်တယ်၊ သူ့ရဲ့အသံ



ကြားရရင် လူတစ်ယောက် သေတယ်၊ ဒါဟာ တိုက်ဆိုင်တာပါ-

. . လင်ကောင်ပိုးဆိုတဲ့ ငှက်ဟာ အစာကိုထိုးလိုက်တာနဲ့ ဂီး လို့အော်ပြီး ထိုးစာတ်တယ်၊ ဒါဟာ သူ့ရဲ့အကျင့်ပဲ၊ လူတွေဟာ အဲဒါကိုအစွဲပြုပြီး ငှက်ဆိုးထိုးရင် သေကြတယ်လို့ ပြောနေကြတယ်၊ ဒါတွေဟာ အမှားတွေပဲ၊ ငှက်ဆိုးတစ်ခါထိုးတိုင်း တစ်ယောက်သေရင် ကျုပ်တို့ဒေသမှာနေထိုင်တဲ့သူတွေရှိကြမှာမဟုတ်တော့ဘူး"

"ဆရာပွကြီးပြောတာ ဟုတ်သလိုလိုပဲ၊ ခက်နေတာက အဲဒီငှက်ဆိုးထိုးတာနဲ့ တစ်ယောက်သေသွားတာတော့ စိုးရိမ်စရာပဲ"

"တိုက်ဆိုင်တာ ဖြစ်မှာပါကွယ်၊ လူတွေလိုပဲ သတ္တဝါတွေအားလုံး အစာစားပါတယ်၊ အလွယ်ဆုံးပြောမယ်၊ ဒါက မင်းတို့သိထားတဲ့ကိစ္စပါ၊ ရေကန်တွင်းမှာ ငါးရံ့များတဲ့အခါ ငါးရံ့က အစာကို ဘယ်လိုစားလဲ"

ဒေသမှာနေထိုင်ကြသူများသည် ငါးရံ့များဖမ်းသူများသည်။ ငါးရံ့သည် အစကာကို စားသောက်လျှင် ဝုန်းခနဲအသံထွက်အောင် ရေမှာခုန်ပြီး အစာကိုစားသည်။ ထိုအသံကြားသည်နှင့် ငါးရံ့ဆိုတာ ကောင်းစွာသိနေသည်။

ဆရာပွရဲ့ဥပမာသည် လင်ကောင်ပိုးသည် အစာစားရင် အသံပေးပြီး စားတယ်ဆိုတာ သိသွားကြသည်။

"ကျုပ်တို့ အခုလိုသိခွင့်ရတာ ဆရာပွကြီးကို အလွန်ပဲ ကျေးဇူးတင်ပါတယ်"

"ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျုပ်က လူတွေရဲ့အသက်ကို ကျုပ်အသက်နဲ့ထပ်တူထားပြီး ကယ်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီးပြောတာ မှန်ပါတယ်၊ အဲဒီအတွက်လည်း ဆရာကြီးကိုဘယ်လိုကျေးဇူးဆပ်ရမှန်းမသိပါဘူး"

ဇေမျိုးရဲ့ အဘိုးအဘွားနှင့် ဆွေမျိုး၊ ဧည့်သည်များက ကျေးဇူးတင်တဲ့အကြည့်နှင့် ကြည့်နေကြသည်။

ဆရာပွသည် အားလုံးစကားကို လက်ခံပြီး ၎င်းရှေ့မှာရှိတဲ့ ယွန်းဘူးလေးကို ဖွင့်လိုက်သည်။ ယွန်းဘူးအတွင်း ဆေးရွက်ကြီးကို ကွမ်းသီးအသေးတစ်လုံးစာလောက် ဖဲ့ယူလိုက်သည်။ ထိုဆေးရွက်ကြီးကို ပါးစပ်အတွင်း အေးဆေးစွာထည့်ဝါးနေသည်။

"ဝူး. . . ဝူး. . . ဝူး. . ."

ခွေးအူသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့အတွက်ကြောင့် ညဉ့်နက်ပိုင်းကို ရောက်နေပြီဆိုတဲ့အချက်ကို ညွှန်ပြနေသည်။ စကားထိုင်ပြောနေသူများသည် ထိတ်လန့်စိတ်များ ဖြစ်ပေါ်နေကြသည်။

"ခွေးအူတဲ့အသံက တစ်မျိုးပဲဗျာ"

"အဲဒါ မကောင်းတဲ့ လက္ခဏာတစ်ခုပဲ"

စိုးရိမ်စိတ်များစွာဖြင့် ပြောလိုက်သည်။

# အခန်း (၅)

လိပ်ပြာဝိညာဉ်

အမေကတျွန်တော့်အနားမှာ
အမြဲရှိနေတယ်
အမေကပြောတယ်
သူမသေပါဘူးတဲ့
အိမ်မှာအမြဲရှိနေသလို
လယ်ယာထဲမှာလည်းရှိနေတယ်
မယုံရင်...

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ရွာရှိလူများ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

ထိုအချိန်တွင် အိပ်ယာပေါ်မှ အိပ်မောကျနေတဲ့ ဇေမျိုးနိုးလာသည်။ ဆေးများသောက်ထားရ၍ ဗိုက်ဆာနေသည်။

ဇေမျိုးနှင့်အတူနေသူ အားလုံး အိပ်မောကျနေသည်။

၎င်းသည် ထိုင်လိုက်ပြီး နောက်ဘက် ထမင်းစားခန်းကို ဝင်ရောက်သွားသည်။ မီးဖိုခန်းတွင်းမှာရှိတာတွေကို တစ်ယောက်တည်း ထိုင်စားနေသည်။

ဗိုက်ဆာလွန်း၍ ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်အောင်

www.burmeseclassic.com



ဖြစ်နေသည်။

"ဟာ အမအလေး မရှိတော့ဘူး"

စိုးရိမ်စိတ်များနှင့်အတူ ထိုင်လိုက်သည်။

အသံပိုင်ရှင်မှာ ဇေမျိုးရဲ့အဒေါ်ဖြစ်သည်။

ရှင်းသည် အနီးနားအိမ်မှာနေတဲ့ မိဘနှင့် ဆွေမျိုးများကို နှိုးလိုက်သည်။ အားလုံး ထလိုက်ကြသည်။

ရှင်းတို့သည် အလွန်စိုးရိမ်နေသည်။

"ဘယ်ကိုထွက်သွားတာလဲ"

"ဘယ်ကိုထွက်သွားမှန်း မသိဘူး၊ ကျွန်မလည်း အခုမှ အိပ်ယာကနိုးလို့သိရတာ"

"အဲဒါဆိုလည်း ရှာကြပါဦး၊ တစ်ခုခုဖြစ်တော့မှာပဲ"

အားလုံး စိတ်များရှုပ်ကုန်သည်။

ဇေမျိုးကတော့ ထမင်းစားနေသည်။ အိမ်ရှေ့မှာ ဘယ်လိုတွေဖြစ်နေသည်ဆိုတာကို သူမသိပေ။

မိသားစုများသည် ဇေမျိုးအတွက် အလုပ်ရှုပ်ပြီး သောကရောက်နေကြသည်။ အားလုံးသည် ဇေမျိုးကိုလိုက်ရှာရန် ပြင်ဆင်နေကြသည်။

"ဟာ လူလေး၊ မင်းကဒီမှာရောက်နေတာကိုး၊ စိုးရိမ်လိုက်ရတာ"

"မသွားကြနဲ့တော့ ဒီမှာ လူလေးကိုတွေ့ပြီ"

"ဘယ်မှာတွေ့တာလဲ စိန်မြိုင်ရဲ့"

"နောက်ဖေးမှာ ထမင်းစားနေတာ"

"ထမင်းစားနေတယ် ဟုတ်လား"

ဇေမျိုး ထမင်းစားနေသည်ဟု ကြားလိုက်ရသည်။



ထိုစကားကြောင့် ဦးစိန်သော် လွန်စွာအံ့ဩသွားသည်။

လူမမာတစ်ယောက်က အချိန်မတော် ထမင်းထစားသည်ဆိုတာ ဖြစ်နိုင်ပါမလား။ ရွာထဲကလူတစ်ချို့ပြောတာ ဟုတ်နေပြီလားဟု ထင်မှတ်နေမိသည်။

ရှင်းတို့ပြောသလိုဖြစ်ခဲ့ရင် ပတ်ဝန်းကျင်ရဲ့စကားကို ဘယ်လိုဖြေရှင်းရမလဲ။

အရှက်ကွဲစရာများနှင့် ရင်ဆိုင်ရတော့မည်။

ဦးစိန်သော်သည် စိတ်မကောင်းစွာဖြင့် သက်ပြင်းရှည်ကို ချလိုက်သည်။

"ကိုစိန်သော် ခင်ဗျားမြေးက ရိုးရိုးသားသား မဟုတ်တော့ဘူး၊ ဖုတ်ဝင်နေပြီထင်တယ်၊ လူရှေ့မှာ ထမင်းကြွေးတုန်းက ကောင်းကောင်းမစားနိုင်ဘူး၊ လူမရှိမှ ထမင်းခိုးစားတယ်ဆိုတာ မရိုးသားဘူးဗျာ၊ ဒီကိစ္စကို ခင်ဗျားတို့က မသိကြပေမယ့် တစ်ရွာလုံးက သိနေကြတယ်ဗျာ"

"ဟုတ်တယ်စိန်သော် ကျုပ်တို့အနေနဲ့ ဒီစကား မပြောသင့်ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျားတို့ရဲ့ အချစ်ဆုံးသမီးက မကြာသေးခင်ကပဲ သေဆုံးသွားတယ်၊ အဲဒီအတွက် သောကရောက်နေကြတဲ့ ခင်ဗျားတို့ဟာ အခုမြေးတစ်ယောက်က အခုလိုဖြစ်နေရတာ သောကဘယ်လောက်ရောက်နေရမယ်ဆိုတာ ကျုပ်တို့ သိပါတယ်၊ ဒီကလေး အခုလိုဖြစ်ရတာ ရွာအတွက်မကောင်းဘူးဗျာ"

ရွာလူကြီးများစကားကို အသိအမှတ်ပြုရတော့မလို ဖြစ်နေသည်။

ထို့အတွက်ကြောင့် ဦးစိန်သော်ရင်ထဲမှာ သောကများ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးနေသည်။

ဦးစိန်သော်သည် ဇနီးသည် ဒေါ်စိန်မြိုင်ကို ကြည့်လိုက်သည်။

"မြေးလေး ဘာသွားလုပ်တာလဲ"

"ထမင်းသွားစားတာပါ အမေကြီး"

ထိုဒေသက မိဘများရဲ့အဖေကို အဖေကြီး၊ အမေကို အမေကြီးဟု ခေါ်တတ်ကြသည်။

ဇေမျိုးသည် ထိုသို့ပြောပြီး ထိုင်လိုက်သည်။

"ဗိုက်ဆာရင် အမေကြီးကို နှိုးပေါ့ကွယ်"

"အစကတော့ အဲဒီလိုစဉ်းစားမိသေးတယ်၊ နောက်တော့ အားနာလို့မနှိုးတော့တာပါ"

"မြေးလေး တစ်ခုခုဖြစ်မှာကို စိုးရိမ်လို့ပါကွယ်"

"ကျွန်တော် ဘယ်ကိုမှမသွားပါဘူး အဖေကြီး"

"မြေးလေးပြောတာ အမေကြီးတို့ သဘောပေါက်ပါတယ်၊ မြေးလေးက နေကောင်းသေးတာမှ မဟုတ်တာပဲ"

"ကျွန်တော် နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ဟိုဆရာကြီးကို မခေါ်နဲ့တော့၊ သူလာရင် ကျွန်တော် သေနိုင်တယ်"

"ဟဲ့ အဲဒီလိုမပြောရဘူး၊ ဆရာပွက လူလေးကို နေကောင်းအောင် ဆေးကုပေးတာပါ လူလေးရာ"

"ကျွန်တော့်မှာ ဘာရောဂါမှမရှိဘဲ ဆေးကုနေလို့လည်း အမိုပါပဲ"

ဇေမျိုးရဲ့စကားသည် လူကြီးတွေအတွက် သံသယဖြစ်စရာဖြစ်သွားသည်။ အားလုံးရဲ့အမြင်မှာ ဇေမျိုးသည် ပြင်းထန်တဲ့ ဝေဒနာရှိသည်ဟု သတ်မှတ်ထားကြသည်။



ဇေမျိုးက ရောဂါမရှိဟု ပြောနေသည်။

အားလုံးရဲ့အမြင်မှာတော့ ဇေမျိုးသည် ထမင်းကောင်းကောင်းမစားတာ အလွန်ကြာသည်။ ကျွေးလျှင်မစားဘဲငိုနေသည်။ ယခုရက်ပိုင်းတွင် ည အချိန်မတော် ထမင်းထစားတတ်သည်။

ရွာသားများပြောသလို ဇေမျိုးသည် ဖုတ် (သရဲ) ဝင်ပူးနေသည်ဟု ပြောနေကြသည်။

"လူကလေးကလည်း ကွယ်"

"ခေါင်းမမာစမ်းပါနဲ့ လူလေးရာ၊ အဖေကြီးတို့က လူလေးကို နေကောင်းစေချင်တယ်၊ လူလေးရဲ့အမေ အဖေကြီးတို့ရဲ့သမီးဟာ ဘဝခြားသွားတာကြာပြီပဲ၊ လူလေး ဘယ်လောက်သောကရောက်နေပေမယ့် သမီးလေးက ပြန်လာမှာမဟုတ်တော့ပါဘူးကွယ်"

"အမေက ကျွန်တော့်အနားမှာ အမြဲရှိနေပါတယ်၊ အမေကျွန်တော့်ကို စကားအမြဲပြောနေတယ်၊ အမေကပြောတယ်၊ သူမသေသေးဘူးတဲ့၊ အိမ်မှာအမြဲရှိနေတယ်၊ နေ့တိုင်း သား ယာထဲမှာရှိနေတယ်တဲ့၊ စပါးတွေ အရင်နှစ်ထက်ပိုပြီးထွက်ရမယ်၊ သေဆုံးသွားတဲ့ အဖေကို့ရည်စူးပြီး လှူဒါန်းမယ်လို့ ပြောနေတယ်"

ဇေမျိုးသည် စိတ်လိုက်မာန်ပါပြောနေပေမယ့် အားလုံးက ကြေကွဲနေကြသည်။ အားလုံးက ဒေါ်သင်းလှိုင် စာကယ်သေဆုံးသွားသည်။

ဇေမျိုးက ဒေါ်သင်းလှိုင် မသေဘူးတဲ့။

အားလုံးသည် ဇေမျိုးကို ငေးကြည့်နေကြသည်။

ထိုအချိန်တွင် ဆင်လိပ်ပြာကြီးတစ်ကောင် အိမ်အတွင်းသို့ ပျံသန်းလာသည်။ လိပ်ပြာကြီးကို ကြည့်နေကြသည်။ စိုးရိမ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ပေါ်လာကြသည်။

ဇေမျိုးက လိပ်ပြာကြီးကိုကြည့်ပြီး ပျော်ရွှင်နေသည်။

"အဖေကြီး တွေ့လား၊ အဲဒီလိပ်ပြာက တခြားမဟုတ်ဘူး၊ အမေပဲ၊ ကျွန်တော့်ကို စိတ်မချဘူးတဲ့၊ အဲဒါကြောင့် ရောက်လာတာ"

လိပ်ပြာကြီးသည် အိမ်ကိုပတ်ပြီး ပျံနေသည်။

လိပ်ပြာကြီးကို ကြည့်နေကြသည်။ လိပ်ပြာကြီးသည် ဘယ်နေရာမှာ နားမလဲဆိုတာကို သိချင်နေကြသည်။

ဇေမျိုးပြောသလို လိပ်ပြာကြီးက ဒေါ်သင်းလှိုင်များလားဟု တွေးနေမိပေတော့သည်။

လိပ်ပြာကြီးသည် နံရံမှာချိတ်ထားတဲ့ ဇေမျိုးအင်္ကျီပေါ်မှာ နားလိုက်သည်။

၎င်းအင်္ကျီသည် ဒေါ်သင်းလှိုင် အမြတ်တနိုး ဝယ်ပေးထားတဲ့ အင်္ကျီလေးဖြစ်နေသည်။

"ဟာ. . . ဘယ်လိုဖြစ်တာလဲ"

အံ့သြစွာ ပြောလိုက်ကြပေသည်။

## အခန်း (၆)

အရှုံးဖိုးအေားဒသနပေး

မောင်းမင်းဟာ လူ့လောကမှာ

လူမဟုတ်တဲ့လူတစ်ယောက်ပဲ

မောင်မင်းသိအောင် ကျုပ်ပြောပြမယ်

ဒီကမ္ဘာလောကကြီးကို ပိုင်ဆိုင်သူမရှိဘူး

အားလုံးအငှားနဲ့ရောက်လာကြတာ

အနေနဲ့အပြန် ပြန်ကြရမှာ

"အံ့သြစရာပဲ ဒီလိုဖြစ်တာ ရွာနာတယ်၊ ဒီကောင့်ကို ရွာအပြင်ထုတ်ဖို့ လူကြီးတွေက မလုပ်ကြဘူးထင်တယ်"

ဟင်မောင်ရဲ့စကား ဖြစ်သည်။

တင်မောင်ပြောတာ ဟုတ်သလိုလို. . .

ရွာသည် အလွန်အယူကြီးသည်။

အစိမ်းသေ၊ ချက်ချင်းသေဆုံးသွားသူကို ရွာအပြင်မှာထားရသည်။ ထို့အတူ ရွာအပြင်မှာသေဆုံးသူကို ရွာထဲကို အသွင်းမခံ။ ရွာထဲကို သယ်ယူမလာရ။

ဖုတ်ဝင်သောသူကို ရွာတွင်းမှာ ဆေးမကုသရ။ ရွာအပြင်ကို ထုတ်ရသည်။

ထိုသူ ရွာထဲမှာရှိနေရင် ရွာနာသည်ဟု ထင်မှတ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

တင်မောင်တို့အဖွဲ့သည် ဇေမျိုးကို မကောင်းကြံပြောဆိုနေသည်။

ဇေမျိုးနှင့် တင်မောင်သည် ရန်ကြွေးရှိသည်။

၎င်းတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်သည်နှင့် ပြဿနာ ဖြစ်ကြသည်။

ထို့အတူ ဇေမျိုးရဲ့ချစ်သူ ထားထားနွယ်ကို တင်မောင်က ချစ်သည်။

တင်မောင်သည် ထားထားနွယ်ကို ချစ်ရေးဆိုဖူးသည်။

ထားထားနွယ်က တင်မောင်ရဲ့တောင်းဆိုမှုကို ငြင်းဆိုပြီး ဇေမျိုးရဲ့အချစ်ကို လက်ခံခဲ့သည်။

သူမ လက်ခံတာကို အပြစ်မတင်နိုင်။

ဇေမျိုးသည် အလွန်အလုပ်ကြိုးစားသည်။ တော်သည်။ စီးပွားရေး နားလည်သည်။ လိမ္မာသည်။ လူကြီးများကို ရိုသေသည်။ အသောက်အစား ကင်းသည်။

တင်မောင်ကတော့ ထိုအချက်တစ်ခုမှမရှိ။ အချိန်တိုင်း အရက်ဆိုင်မှာ အချိန်လုပ်ပြီး လူတိုင်းနှင့်ပြဿနာတက်သည်။ ၎င်းရဲ့မိဘများက ထိန်းသိမ်းဆုံးမခြင်းမရှိ။ တင်မောင်လုပ်သမျှကို အကောင်းထင်ပြီး ပြောဆိုခြင်းမရှိ။

တင်မောင်နှင့် အပေါင်းပါများကို ရွာသားများက အော့နှလုံးနာကြသည်။

တင်မောင်ရဲ့ လမ်းခရီးမှာ ဇေမျိုးဟာ ခလုတ်ကန်သင်းတစ်ခုပဲ။ ဇေမျိုးမရှိရင် အကောင်းဆုံးဟု ထင်မှတ်ထားသည်။

"ဆရာလေးကလည်းဗျာ၊ မကြာခင် ဒီကိစ္စ ပြီးသွားမှာပါ၊



ဆရာလေးသိထားရမှာက ထားထားနွယ်ကိုပဲ"

"ဟုတ်တယ် ဆရာလေး",

"အေး ဟုတ်တယ်၊ မင်းပြောတာမှန်တယ်၊ ထားနွယ်လေးအကြောင်းကိုပဲ ငါ တွေးရမှာ၊ ထားနွယ်လေးကို ငါသာပိုင်ဆိုင်ရရင် မင်းတို့အေးဆေးပဲ၊ ဒါနဲ့ မင်းတို့ငါ့ကို အကြံပေးကြပါဦးကွာ"

"ဘာအကြံလဲ ဆရာလေးရ"

"ထားနွယ်ကို ပိုင်ဆိုင်ဖို့လေကွာ"

"မစိုးရိမ်ပါနဲ့ ဆရာလေးရာ၊ အလိုလိုပြီးသွားမှာပါ"

တင်မောင်တို့သုံးယောက်သည် ရွာအနောက် ပေါက်ပင်ကြီးအောက်တွင် ခြေပစ်လက်ပစ်ထိုင်ပြီး ထိုစကားများကို ပြောနေကြသည်။

ပေါက်ပင်ကြီးသည် ရွာအဝင်လမ်းဘေးတွင်ရှိနေသည်။

၎င်းနေရာသည် အဘိုးဆွေကုန်းဖြစ်သည်။ ရွာနှင့် အနီးဆုံးလယ်တောဟာ အဘိုးဆွေ၏ လယ်တောများဖြစ်သည်။

ရွာတွင်နေထိုင်သူအများစုက လယ်ယာပြီးလို့ ညနေအိမ်ပြန်လျှင် ထိုလမ်းက အများဆုံးပြန်ကြသည်။

"မင်းတို့ကလည်းကွာ ငါ့ကို ပျားရည်နဲ့ဝမ်းချနေကြပြီ"

"ဟား ဟား ဟား မောင်မင်းကို ပျားရည်နဲ့ဝမ်းချနေတာမဟုတ်ဘူး၊ အဆိပ်ရည်နဲ့ လောင်းနေတာဟေ့"

အသံလာရာကို ကြည့်လိုက်သည်။

မြင်ကွင်းမှာတွေ့လိုက်ရ၍ အလွန်အံ့သြကုန်ကြသည်။

၎င်းမှာ ရွာနောက်ပိုင်းက အရှူးဦးဖိုးအေးဖြစ်သည်။ အရူးဦးဖိုးအေးသည် တင်မောင်တို့အနီးတွင် ရပ်လိုက်သည်။

ထို့နောက် တင်မောင်ရဲ့မျက်နှာကို သေချာကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ အမလေး အရူး အရူး"

"ဟုတ်တယ် ကျုပ်ကအရူး၊ မောင်မင်းလည်း အရူးပဲ၊ လောကမှာ လူတွေအားလုံးဟာ အရူးတွေပဲ၊ အဲဒီအထဲမှာ မောင်မင်းရဲ့ အရူးက အောက်တန်းအကျဆုံး တဏှာရူး၊ အဲဒီအရူးကြောင့် မောင်မင်း ဝဋ်လိုသေလိမ့်မယ်. . .

. . . . ကို အို ကျုပ်စကားကို စိတ်မဆိုးနဲ့၊ ကျုပ်က အမှန်ကို ပြောနေတာ၊ ဆက်ပြောရရင် မောင်မင်းဟာ လူ့လောကမှာ လူမဟုတ်တဲ့ လူတစ်ယောက်ပဲ"

"ဟော့. . . အရူး ခင်ဗျား ဒီနေရာက အခုထွက်သွားပါ၊ ထွက်မသွားရင် ကျုပ် ညှာမှာမဟုတ်ဘူး"

"သိနေတယ်လေ၊ ကိုယ့်ကိုကိုယ်တောင် မညှာတာ၊ တစ်ဖက်သားလူကို စိန်ခေါ်ရဲတာ ဘာဆန်းတာမှတ်လို့ဗျား၊ မောင်မင်းသိအောင် ကျုပ်ပြောရဦးမယ်၊ ဒီကမ္ဘာလောကကြီးကို ပိုင်ဆိုင်သူမရှိဘူး၊ အားလုံး အငှားနေသူတွေချည်းပဲ၊ အနေ့းနဲ့အမြန် ပြန်ကြရမှာ ဟား ဟား ဟား"

အရူးဖိုးအေးသည် တင်မောင်တို့ရှေ့မှာထိုင်ပြီး ခါးမှာထိုးထားတဲ့ တောင်ထန်းရွက်အစုတ်ကို ယပ်တောင်အဖြစ်နှင့် ခပ်ရင်းရင်းရယ်နေသည်။

အရူးဖိုးအေးလုပ်ရပ်သည် ၎င်းတို့ကို လှောင်ပြောင်နေသလို ဖြစ်နေ၏။

တင်မောင်တို့သည် အရူးဖိုးအေးကို ဒေါသများနှင့် ကြည့်နေကြသည်။

အရက်မသောက်ရတာ အလွန်ကံကောင်းသည်။

သောက်ပြီးလို့ကတော့ အနည်းဆုံး သုံးလေးချက် ထိသွား



နိုင်သည်။ ယခုတော့ ပြောသမျှရင်စည်းခံနေရသည်။

"ခင်ဗျား ဘာရယ်တာလဲ"

"သုသာန်စောင့်ကြီးပြောတာ သဘောကျလို့ပါ၊ မင်းတို့ငါဆီရောက်လာရင် လုံချည်အကျီချွတ်ပြီး ကိုယ်တုံးလုံးနဲ့ ရေထဲမှာ မြှုပ်ပစ်မယ်တဲ့၊ ကျုပ်ကတော့ အဲဒီလိုမဟုတ်ဘူး၊ ကျုပ် အရူးဆီကို ရောက်လာရင် ခွေးဘီလူးနဲ့တိုက်ပြီး မောင်းထုတ်ပစ်မယ်၊ အရူးသိက္ခာကျလို့၊ အိုက်လိုက်တာ၊ လူတွေကလည်း မူးရာကရူးကုန်ပြီ၊ ကမ္ဘာမြေကြီးလည်း လူးတာနဲ့ရူးကုန်ကြပြီ၊ လူတွေ တယ်သနားစရာပါပဲလားနော်"

"တယ် ဒီအရူးတော့ ငါလုပ်လိုက်ရ"

"ဟိုး. . . ဟိုး. . . ဒေါသတွေကို ခဏလောက်သိပ်ထားပါဦး၊ အိပ်မက်ဆိုးတွေ မက်ကုန်မှာစိုးလို့ပါကွယ်တို့၊ ကဲ ကဲ ပိုက်ဆံပေးပြီး ရူးနေတဲ့မောင်မင်းတို့ရေ သုသာန်စောင့်ကြီးနဲ့ ချိန်းထားလို့ သွားလိုက်ပါအုံးမယ်၊ ကောင်မလေးတွေ လာတော့မယ်"

အရူးဖိုးအေးသည် ယပ်တောင်ကို အဆက်မပြတ်ခတ်ရင်း ရွာတောင်ပိုင်းကို ထွက်သွားပေသည်။

"တောက်. . . ဒီသောက်ရူးကတစ်မျိုး"

ပြောပြီးနောက် လက်ထဲက ဆေးလိပ်တိုကို အဝေးသို့ ပစ်ထုတ်လိုက်သည်။ တင်မောင်ရဲ့ ဒေါသကိုသိနေတဲ့ တပည့်နှစ်ယောက်က နှစ်သိမ့်စကားပြောလိုက်သည်။

"မင်းတို့က ငါ့ကို ဆရာလုပ်နေကြတာလား"

"အဲဒီလို မထင်ပါနဲ့ဆရာလေးရာ၊ ကျွန်တော်တို့က ပင်ပန်းသွားမှာ စိုးရိမ်လို့ပါ"

"ဘာလဲ မင်းတို့က အရက်မသောက်ရမှာ စိုးရိမ်လို့လား"

www.burmeseclassic.com



"ဆရာကလည်းဗျာ ညီအစ်ကိုချင်း ဒီစကားမျိုး မပြောသင့်ပါဘူး၊ ဆရာလေးရဲ့နားမှာနေတာ အရက်သောက်ရဖို့သက်သက်မဟုတ်ပါဘူး၊ ညီအစ်ကိုလိုခင်လို့နေတာပါ"

"ဟုတ်တယ်ဆရာလေး၊ ကျုပ်တို့ဆရာလေးကို ဘယ်လောက်ခင်ကြတယ်ဆိုတာ ဆရာလေးသိပါတယ်"

ထိုသို့ပြောဆိုလိုက်ပြီး မျက်နှာအမူအယာတွေ ပြောင်းကုန်ကြသည်။ ၎င်းတို့သည် တင်မောင်လို နေ့စဉ်အရက်သောက်နိုင်သည်။ မိဘများက ဆင်းဆင်းရဲရဲမဟုတ်ကြ။

၎င်းတို့မိဘများ အလုပ်ကိုဝိုင်းလုပ်ကြရင် ငွေကြေးကပြောစရာမလို။ မိဘများရဲ့ဆန္ဒ အလုပ်၊ ဝိုင်းလုပ်စေချင်ကြသည်။

တင်မောင်သည် အနားရှိသူနှစ်ယောက်ကို ကြည့်လိုက်သည်။

မျက်နှာအနေအထား ပြောင်းနေသည်ကို သတိထားမိသည်။

"ငါက နောက်တာပါကွာ၊ မင်းတို့ ငါ့အပေါ် ဘယ်လောက်ကောင်းကြတယ်ဆိုတာ သိပါတယ်၊ ဒါနဲ့ ထားနွယ်ကို ငါပိုင်ဆိုင်ချင်ပြီကွာ"

"အချိန်စောင့်ပါဦးကွာ၊ လက်ဖက်ကောင်း စားချင်ရင်တောင်တက်နေ့ရမယ်လေ"

"ဒါလည်းဟုတ်ပါတယ်လေ၊ လာကွာ၊ အရက်သောက်ရင်းစိတ်ကိုဖြေသိမ့်ကြတာပေါ့"

ရင်ထဲမှာမီးလောင်နေသည်။
အသက်လောက်ချစ်ရသူကို
ရွာအပြင်သုသာန်ပို့မယ်တဲ့။
ထိုကိစ္စသည်ရွာရဲ့ပြဿနာတစ်ခုဖြစ်နေသည်။

"စိတ်ကိုဖြေသိမ့်ထားပါ ထားနွယ်ရာ"

အားပေးစကား ကြားရပေမယ့် ထားထားနွယ်ရင်ထဲမှာ အလူးအလိမ့်ခံစားနေရသည်။

တကယ်တော့ ထားထားနွယ်သည် ဇေမျိုးကို အသက်လောက်ချစ်နေသည်။ ယခု ဇေမျိုး ဝေဒနာခံစားနေရ၍ အလွန်သောကရောက်နေရသည်။ ထိုကြားထဲက တင်မောင်ဆိုတဲ့ ကျားစေင်းလဲက အကောက်ကြံဖို့ ကြိုးစားနေသည်။

ထားထားနွယ်သည် ညှိုးငယ်တဲ့မျက်နှာနှင့် ရွာတောင်ပိုင်းသောက်ရေကန်ရဲ့ကန်ပေါင်ပေါ်တွင် သောကတစ်ပွေ့တစ်ပိုက်နှင့်ထိုင်နေသည်။

သူမဘေးတွင် ထွေးခင်၊ လေးတင်တို့လို မိန်းကလေးတွေထိုင်နေကြသည်။ ထားထားနွယ်ရဲ့အဖြစ်ကို သနားနေသည်။

"နင်တို့ရဲ့စေတနာကို ငါ နားလည်ပါတယ်ဟာ၊ တကယ်တော့ ငါနဲ့ကိုဇေဟာ နှစ်ဦးတည်းချစ်သူတွေမဟုတ်ဘူး၊ နှစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



မီဘတွေကပါ သဘောတူထားကြတာ"

"မှတ်ပါတယ်ဟာ နင်တို့နှစ်ယောက်အဖြစ်က လွတ်လွတ်လပ်လပ်နဲ့ ကြည်နူးစရာဖြစ်နေတဲ့အချိန်မှာ ကြေကွဲစရာတွေက ပို့များနေပါတယ်ဟာ"

"ဘဝဟောင်းက ဝဋ်ကြွေးလို့ပဲ သဘောထားလိုက်ပေါ့ဟာ"

"နင်တို့ပြောသလို ထားတာပဲ၊ ဒါပေမယ့် မရပါဘူးဟာ"

"ပြောသာပြောရတယ်၊ နင့်နေရာမှာ ငါတို့သာဆိုရင် ဒီလိုပဲဖြစ်မှာပါပဲ၊ ဒါနဲ့ အခု ကိုဇေမျိုးရဲ့အခြေအနေက ဘယ်လိုလဲ"

"ဖုတ် (သရဲ) ဝင်ပူးနေတယ်ဆိုတာ ဟုတ်လား"

"ငါ သေချာမသိဘူး၊ သူတို့ပြောနေတာပဲ ကြားနေရတာ"

မျက်ဝန်းအိမ်မှ မျက်ရည်ကြည်များ ရစ်ဝဲနေသည်။

ထားထားနွယ်သည် ပြောရင်းကြေကွဲနေသည်။

တကယ်တော့ ထားထားနွယ်သည် ဇေမျိုးကို အသက်လောက်ချစ်သည်။

ရောဂါခံစားနေရပေမယ့် ထားထားနွယ်ကို မေးသည်။ ထားထားနွယ်ဟာ တစ်နေ့ တစ်ခေါက်လောက်တော့ ဇေမျိုးထံရောက်သွားသည်။

ဇေမျိုးရဲ့သတင်းကို ကြားရတော့ ကြေကွဲမှုတွေက ပြင်းထန်နေသည်။ အချိန်နှင့်အမျှ ခံစားနေရသည်။

"ပြောနေကြတာပဲဟာ. . . ငါနဲ့ စကားပြောတော့လည်း အကောင်းပဲ၊ ဘယ်သူ့စကားကို ဘယ်လိုအသိအမှတ်ပြုရမှန်း မသိတော့ဘူး"

"လူကြီးတွေကပြောတယ်၊ ကိုဇေမျိုးကို ရွာအပြင်သုဿန်



ကို ပို့မယ်ဆို၊ အဲဒါ နင်သိပြီးပြီလား"

"ဟင် ဟုတ်လား၊ အဲဒါ ငါမသိရသေးဘူး"

"လေးခင်ကလည်းဟာ စကားပြောတာ"

ကြားက ဝင်ရောက်ပြောလိုက်သည်။

ထားထားနွယ် ရင်ထဲမှာ မီးလောင်နေသည်။

အသက်လောက်ချစ်ရသူကို ရွာအပြင်သုဿန်ပို့မယ်တဲ့။

ထိုကိစ္စသည် ရွာရဲ့ဓလေ့တစ်ခု ဖြစ်နေသည်။

ဂုင်းကြောင့် နောက်ထပ်ရွာသားတွေ ဒုက္ခမရောက်အောင် တားမြစ်သည်ဟု လူကြီးများက စီစဉ်သည်။ ထိုကိစ္စဟာ ယခုမှ မဟုတ်။ ရှေးယခင်တုန်းကလည်း ထိုကဲ့သို့ ပြုလုပ်ခဲ့ဖူးသည်။

ထားထားနွယ်သည် ရေမခပ်တော့ဘဲ နေထိုင်ရာအိမ်ကို ပြန်ပြေးနေတော့သည်။

မိဘများကို ပြောပြီး ဇေမျိုးကို ရွာအပြင်မထုတ်ရန် တောင်းဆိုရန်ဖြစ်ပေတော့သည်။

www.burmeseclassic.com

## အခန်း (၇)

အရိပ်များ

အလွန်အုံ့ဩသွားသည်
မျက်ဝန်းထဲမှာ သေဆုံးနေသူ
ကြက်သီးများထလာသည်
ကိုယ်လုံးတွေတဆတ်ဆတ်တုန်နေသည်
အလောင်းကောင်ကို

ကမ္ဘာလောကကြီးကို အမှောင်ထုများ လွှမ်းမိုးထားနေသည်။

ရွာလေးမှာ ကြေကွဲမှုများက လွှပ်ခတ်နေသည်။

ရွာလူကြီးများ အလုပ်ရှုပ်နေသည်။ ၎င်းသူများက တစ်ရွာလုံးကို နှိုးဆွနေသည်။

အချိန်က ည (၇) နာရီကျော်ရုံသာရှိသည်။ ရွာသားဆယ့်ငါးယောက်လောက်သည် အလောင်းတစ်ခုကို ထမ်း၍ ရွာတောင်ပိုင်းသုသာန်ကို ဦးတည်နေသည်။ အကြောင်းမှာ ဇေမျိုး သေဆုံးသွားသည်။

ထိုရောဂါမျိုးနှင့် သေဆုံးသူကို မိနစ်ပိုင်းအတွင်း သုသာန်ကို ပို့ရသည်။



သုသာန်ရောက်သည်နှင့် သုသာန်စောင့် လက်တွင်းကို အပ်ပြီး ပြန်လာကြရသည်။ အလောင်းကို သုသာန်ကိုအမြန်ရောက်စေရန် ခြေလှမ်းများက သွက်လက်နေသည်။

ထိုအထဲတွင် အောက်လင်းမှန်လုံမီးအိမ်ကို လူသုံးယောက်က ကိုင်ထားသည်။

မည်းမှောင်နေတဲ့ကာလမှာ အောက်လင်းမှန်းလုံမီးအိမ်ကြီးများက ဖြိုခွင်းနေသည်။

"အဘတင်စိန် အဘတင်စိန်"

"ဟေး လေကွာ ဘာကိစ္စလဲဟေ့"

"ဇေမျိုးအလောင်း လာပို့တာ"

"အေး အေး ဒီမှာထားဟေ့၊ ဩော် လူ့လောကကို အစောကြီးပဲ စွန့်ခွာသွားပြန်ပြီပေါ့ကွယ်"

"အဘပဲ တာဝန်ယူလိုက်တော့"

"အေးအေး ဒါက ငါ့အလုပ်ပဲလေ"

ရွာသားများသည် ကုန်းပေါ်မှာ ဇေမျိုးအလောင်းကို ထားလိုက်သည်။

အဖိုးအိုသည် မှန်မီးအိမ်မီးအုပ်ကိုကိုင်ပြီး ဇေမျိုးဘေးတွင် ရပ်နေသည်။ ၎င်းတို့သည် အဘိုးအိုကို နှုတ်ဆက်ပြီး ရုတ်တရက်ထွက်သွားကြသည်။

အဖိုးအိုသည် ထွက်သွားသူများကို ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

သုသာန်ကို ရောက်ရှိလာတဲ့အလောင်းကို ရုတ်တရက် မကြည့်သေး။ အရက်ဆက်လက်သောက်ရန်သာ စိတ်ကူးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဖိုးအိုသည် အရက်ကို ဆက်လက်သောက် နေသည်။ လူတွေ သုဿန်ကို အလွန်ကြောက်ကြသည်။

အဘိုးအိုကတော့ ဘာမှမသိ။

ငှင်းသိထားတာက အချိန်တန်လျှင် အရက်သောက်ရန် ဖြစ်သည်။

သုဿန်စောင့်အဘိုးအိုသည် ရွာသားများ အတော်ဝေး သွားသည်နှင့် အရက်ကို ဆက်လက်သောက်နေသည်။ တိတ်ဆိတ် ခြောက်ခြားစရာကာလတွင် ဘယ်အရာကိုမှ ဂရုမစိုက်တတ်။

ငှင်းအလုပ်က သုဿန်ကိုရောက်ရှိလာသူကို မြေမြှုပ်ရန်သာ ဖြစ်သည်။

အရက်သောက်တဲ့အချိန်ဖြစ်နေ၍ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်ခြင်းမပြုလုပ်ရပေ။

တိတ်ဆိတ်တဲ့ကာလမို့ ခပ်ဝေးဝေးမှ ခွေးအူသံများ ထွက် ပေါ်လာသည်။

တစ်ခါတစ်ရံ အနီးမှ အူသံများ ကြားရသည်။

ညပျော်ငှက်များရဲ့ တွန်ကျူးသံများကိုလည်း ကြားနေရ သည်။

ဘယ်လိုအသံမျိုး ကြားနေရပေမယ့် သုဿန်စောင့် အဖိုး ကြီးတင်စိန် ဂရုစိုက်ခြင်းမရှိ။ အရက်ကိုသာ ဆက်လက်သောက် နေသည်။

တစ်ခါတစ်ရံ ကပ်ပေါ်တင်ထားသော အလောင်းကောင် ကို ကြည့်မိသည်။

တစ်ခါကြည့်မိတိုင်း သနားတဲ့စိတ်များ ပေါ်ထွက်လာ သည်။



အကြောင်းမှာ ယခုသေဆုံးသွားတဲ့ ဇေမျိုးနှင့် အဖိုးအိုကြီး က အလွန်ရင်းနှီးကြသူများဖြစ်သည်။

"ဟာ ဟာ ဘာဖြစ်တာပါလိမ့်"

တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အလွန်အံ့ဩသွားသည်။

မျက်ဝန်းထဲမှာ သေဆုံးနေသူက လှုပ်ရှားနေသည်။

ကြက်သီးများထလာသည်။

ကိုယ်လုံးတွေ တဆတ်ဆတ်တုန်လာသည်။

အလောင်းကောင်ကို သေချာကြည့်နေသည်။

အလွန်ထူးဆန်းနေသည်။

သုဿန်မှာနေထိုင်လာခဲ့သည်မှာ နှစ် အတန်ကြာပြီ။ ထို ဖြစ်ရပ်ကို ပထမအကြိမ် ကြုံတွေ့ရခြင်းသာဖြစ်သည်။

အရက်အမူးလွန်ပြီး အမြင်မှားနေတာလား။

တကယ်ပဲ လှုပ်ရှားနေတာလား။

"အူး. . . အူး. . . အူး. . ."

ခွေးအူသံများ ထွက်ပေါ်လာသည်။

ခြေသံများကို နားထဲမှာကြားနေရသည်။

ထိုဖြစ်ရပ်ကြောင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေ သည်။

"ဟာ လက်တွေလှုပ်နေပါလား"

ရင်ဘတ်ပေါ်တင်ထားတဲ့ လက်ကလှုပ်ရှားလာသည်။

တဖြည်းဖြည်းအပေါ်ကို မြောက်တက်လာသည်။

ခြေထောက်များ လှုပ်ရှားလာသည်။

မှိတ်နေတဲ့မျက်လုံးများ ပွင့်လာသည်။

အဖိုးအိုသည် အနီးရှိ ဓားရှည်ကို တင်းကြပ်စွာဆုပ်ကိုင် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းကို အန္တရာယ်ပြုလျှင် အပြတ်ရှင်းရန်ဖြစ်သည်။

စိတ်ထဲကသာ ထင်မှတ်နေပေမယ့် လက်တွေ့မှာတော့ စိုးရိမ်ထိတ်လန့်နေသည်။

အဖိုးအိုသည် အလောင်းကောင်ရဲ့အနားကို တိုးကပ်သွားသည်။

လက်ထဲမှာက ဝါးကို တင်းကြပ်စွာဆုပ်ကိုင်ထားသည်။

အရက်ကြောင့် အမြင်မှားနေတာလား။

ထိုသို့မဟုတ် သရဲတစ်ကောင်က ဝင်ရောက်ပူးကပ်လိုက်တာလား။

"အမလေးဗျာ"

ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့အသံသည် ပတ်ဝန်းကျင်ကို ပြတ်သားစွာ လွှမ်းမိုးသွားပေတော့သည်။

## အခန်း (၅)

သရဲဘယ်မှာလဲ
ခြောက်လှတွေ လှတွေ
ငါထက်ပိုရှူးကြတာကိုး
အလွန်ပဲရယ်စရာကောင်းတယ်
သရဲဆိုပြီး လိုက်နေတယ်
မေးလိုက်တာ
သရဲလည်းမတွေ့ဘဲနဲ့ အလုပ်ရှုပ်လိုက်တာ

"သရဲဟေ့. . . သရဲ"

ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့အသံနှင့်အတူ ရွာသား တစ်ချို့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

သရဲဟု အော်သံကြားလိုက်တာနှင့် မီးတုတ်များကို ကိုင်ပြီး ထွက်လာကြသည်။ ဘယ်နေရာက စတင်ထွက်ပေါ်လာသည်ဆိုတာ ဘယ်လိုလူမှ မသိအောင်ဖြစ်နေသည်။

လောလောဆယ် ရွာလယ်လမ်းမပေါ်မှာ ရွာသားများ ရောက်ရှိနေကြသည်။

ခွေးဟောင်သံများ

ကျွဲ၊ နွား တိရိစ္ဆာန်များ အထိတ်တလန့်ပ ထွက်ပြေးသံများနှင့် ရှုပ်ထွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မောင်ပန်းအေး ဘယ်မှာလဲ သရဲ"

"ဟာ ကိုလေးသန်းငွေကလည်း ကျုပ်တို့လည်း အဲဒါကိုပဲ မေးနေတာ"

"ဟေ ဘာပြောကြလဲ"

"မသေချာပါဘူးဗျာ၊ ရွာတောင်ပိုင်းမှာလိုလို မြောက်ပိုင်းမှာလိုလိုနဲ့"

"ဟုတ်တယ်ကိုလေး တစ်ချို့က ဖိုးစိန်မောင်ခြံထဲမှာလိုလို ပြောနေကြတယ်"

"ဟာ လုပ်ပုံတွေ မဟုတ်ပါဘူးကွာ၊ အခုဖြစ်ပုံက အလုပ်ရှုပ်တယ်"

ကိုသန်းငွေသည် ဒေါသနှင့် ပြောလိုက်သည်။

ပန်းအေးတို့အဖွဲ့သည် ကိုသန်းငွေစကားကို အံတုပြောဆိုရန် ခက်ခဲနေကြသည်။

ပန်းအေးတို့သည် ကိုသန်းငွေကို လေးစားကြသည်။ ကိုသန်းငွေသည် ရွာနှင့်ပတ်သက်တာတွေကို ဦးဆောင်သူဖြစ်သည်။

ထို့အတူ ရွာရှိလူငယ်လူလတ်တွေရဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ တစ်ယောက်လည်းဖြစ်သည်။ ရွာထဲမှာဖြစ်တဲ့ကိစ္စဟူသမျှကို ဦးဆောင်ရသလို သာရေးနာရေးကိုလည်း ဦးဆောင်ရသည်။

"ဟုတ်တယ်ကိုလေး ကျုပ်တို့လဲ အဲဒါကိုပဲ စဉ်းစားနေတာ"

"ဒါနဲ့ သရဲလို့ ဘယ်သူအော်တာလဲ"

"ကျုပ်တို့လည်း မသိဘူး၊ အသံကြားလို့ ထွက်လာတာ"

"ဟာ ဟို ရွာမြောက်ပိုင်းမှာ အသံတွေကြားတယ်"



"ကောင်းတယ် လိုက်ကြမယ်"

ကိုသန်းငွေတို့သည် ရွာမြောက်ပိုင်းဘက်ကို ဦးတည်နေကြသည်။

၎င်းတို့သည် ရပ်ရေးရွာရေးကိစ္စကြောင့်သာ သွားရတာ မြောက်ပိုင်းမှာ နေထိုင်သူများကို မကျေနပ်ကြပေ။

ရွာမြောက်ပိုင်းနေသူများသည် အလွန်ပြောရခက်သူများဖြစ်သည်။ ကြီးမားတဲ့ပြဿနာများဖြစ်လျှင် ရွာမြောက်ပိုင်းကသာ အဖြစ်များသည်။ ရှင်းမရတာတွေကို ရွာတောင်ပိုင်းက ဖြေရှင်းပေးရသည်။

ထို့အတူ ရွာမြောက်ပိုင်းသည် အပင်ကြီးများ အလွန်ပေါများသည်။ လူတွေနေထိုင်ရာ ခြံများသည် အပင်များနှင့် မှောင်ပိတ်နေသည်။ ထိုကိစ္စကို ရွာတောင်ပိုင်းနေထိုင်သူများက တောငယ်နေသူများဟု လှောင်ပြောင်ခေါ်ကြသည်။

တချို့က ဘေးမဲ့အုပ်စုလို့ ခေါ်တာလည်းရှိသေးသည်။

အထူးအဆန်းတွေများစွာ မြောက်ပိုင်းမှာ အဖြစ်များသည်။

ရွာလယ်ပိုင်းနှင့် တောင်ပိုင်းနေထိုင်သူများက နေထိုင်တဲ့ခြံနှင့်အိမ်ကို ရှင်းရှင်းလင်းလင်းပြုလုပ်ထားကြသည်။

ကိုသန်းငွေတို့လူစုသည် ရွာမြောက်ပိုင်းကို ဦးတည်နေကြသည်။

"အဲဒီလူရိုင်းတွေက ကျိန်စာများ သင့်နေလားမသိဘူး"

"ကျိန်စာသင့်နေတာ အမှန်ပဲဟော့"

"ဟော့ ဟော့ အဲဒီလိုမပြောရဘူး၊ မင်းတို့ စကားက စိတ်ဝမ်းကွဲတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့က အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး ကိုလေးသန်းငွေ"

"ဟုတ်တယ် ကိုလေးသန်းငွေပြောတာ မှန်တယ်၊ အဲဒီဘေးမဲ့ကောင်တွေဟာ ပြောစကားနားမထောင်ကြဘူး၊ ထင်ရာတွေ လုပ်နေတာ၊ ကျွဲပါးစောင်းတီးတွေ"

"ပန်းအေး၊ မင်းကအကြီးလေ၊ လူငယ်တွေကို အမှားဖြစ်စေမယ့်စကား မပြောရဘူးလို့ ဦးလေးညွှန့်ခင် မှာထားတယ်လေ မေ့နေပြီလား"

"ဟုတ်ကဲ့အစ်ကိုလေး ကျုပ် မှားသွားတယ်"

ပန်းအေးသည် ကိုသန်းငွေကို တောင်းပန်တဲ့အကြည့်နှင့် ကြည့်လိုက်၏။

ကိုသန်းငွေသည် အသက်လေးဆယ်ကျော်ပေမယ့် စိတ်ကအလွန်ရင့်ကြက်သည်။ ရွာသားချင်း စိတ်ဝမ်းကွဲစကားလုံးမျိုးကို လက်မခံ။

အားလုံးသည် ကိုသန်းငွေနှင့်အတူ ရွာမြောက်ပိုင်းကို လိုက်လာကြသည်။

"သရဲဟော့ သရဲ"

"လိုက်ကြ လိုက်ကြ မလွတ်စေနဲ့"

အသံများ ကြားနေရသည်။

ဘယ်နေရာက ထွက်ပေါ်လာသည်ဆိုတာ တိတိကျကျ မသိရပေ။ ၎င်းတို့အဖွဲ့သည် ရွာမြောက်ပိုင်းကိုကူးတဲ့ တံတားပေါ် ရောက်ရှိလာကြသည်။

"ဪ လူတွေ လူတွေ ဝါထက်ပိုရှူးကြတာကိုး၊ အလွန်ပဲ ရယ်စရာကောင်းတယ်၊ သရဲဆိုပြီး လိုက်နေတယ်၊ မောလိုက်တာ



သရဲလည်းမတွေ့ဘဲနဲ့ အလုပ်ရှုပ်ခံပြီး ဘယ်သရဲမှမလာဘူး၊ ကိုယ့်ဟာသာသရဲလုပ်ပြီး ရွာသားတွေကို ဒုက္ခပေးကြတာပဲ၊ အလွန်ခက်ကြပါလား၊ ငါတောင် သရဲကိုတွေ့ဖူးချင်တာ၊ မတွေ့ရလို့ စိတ်သောကရောက်နေတာ"

အရူးဖိုးအေးသည် တံတားပေါ် ထိုင်ပြီး ပြောနေသည်။

၎င်းစကားကြောင့် အလွန်စိတ်ညစ်သွားသည်။ အရူးဖိုးအေးသည် မီးရောင်ကိုတွေ့လိုက်ရ၍ ထိုင်ရာက ထလိုက်သည်။

"သရဲဟော့ သရဲ ဒီမှာ သရဲတွေ"

"ကယ်ကြပါဦး"

အရူးဖိုးအေးသည် ကိုသန်းငွေတို့အဖွဲ့ကို ကြည့်ပြီး အော်နေသည်။

အရူးဖိုးအေးအသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။ အားလုံး အထိတ်တလန့်ဖြစ်သွားသည်။ အရူးဖိုးအေးအနားကို တိုးကပ်လိုက်ကြသည်။

"ဟော့ကောင် အရူး"

"ခင်ညာ. . . ခင်ညာ. . ."

"ဘယ်မှာလဲ သရဲ"

"ခင်ဗျားတို့က သရဲမဟုတ်ဘူးလား"

"ဘယ်ကလာ ဒီအရူးတော့ သေတော့မှာပဲ"

"မလုပ်ပါနဲ့ခင်ညာ ကျုပ် သရဲမြင်ဖူးချင်လို့ပါ၊ ခင်ဗျားတို့က သရဲမဟုတ်တော့ ကျုပ်ပဲ သရဲလုပ်တော့မယ်၊ သရဲဟော့ သရဲ လိုက်ကြ လိုက်ကြ"

"ဟား ဟား ဟား"

အရူးဖိုးအေးသည် ကျယ်လောင်စွာ အော်ဟစ်ပြီး ရွာ

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းကို ဦးတည်ထွက်ပြေးနေသည်။

ကိုသန်းငွေတို့အဖွဲ့သည် အရှုးဖိုးအေးကို လိုက်ဖမ်းနေသည်။ အရှုးဖိုးအေးရဲ့ အသံကြားတော့ ရွာသားများ အသံကြားရာ ဦးတည်လာနေကြသည်။

လမ်းမများပေါ်တွင် မီးအရောင်များနှင့် အမှောင်ထုကို ဖြိုခွင်းထိန်လင်းသွားစေသည်။

ထိုစဉ် မည်းမည်းအရာတစ်ခု ပြေးလာတာကို တွေ့လိုက်ရသည်။

ကိုသန်းငွေတို့အဖွဲ့သည် ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

ပြေးလာသည့် မည်းမည်းအရာကို ကြည့်နေသည်။

၎င်းသည် ပတ်ဝန်းကျင်ကို သတိထားဟန်မတူ။ ရှေ့ကိုသာ ပြေးနေသည်။

၎င်းနောက်တွင် ရွာသားများ မီးတုတ်များကို ကိုင်ပြီး လိုက်လာကြသည်။

"လိုက်ဟေ့ လိုက်ဟ ဒီဘက်ကိုပြေးတယ်"

"မလွတ်စေနဲ့"

ဆူညံတဲ့တအသံများနှင့်အတူ လိုက်နေကြသည်။

"အစ်ကိုလေး ဟိုမှာတွေ့လား၊ ဒီဘက်ကိုပြေးလာတယ်"

"တွေ့ပါတယ်ကွာ၊ မင်းတို့ သတိထား မလွတ်စေနဲ့"

"လိုက်ကြ လိုက်ကြ"

ကိုသန်းငွေတို့အဖွဲ့သည် ပြေးလာသူအား ဖမ်းဆီးရန် အသင့်ပြင်နေကြသည်။

အလွန်အံ့ဩကုန်သည်။



ပြေးလာသည့်အရာသည် ကြည့်နေရင်း ထွက်ပြေးပျောက်ကွယ်သွားသည်။

၎င်းသည် ဘယ်နေရာကိုရောက် ပျောက်သွားမှန်းမသိအောင် ဖြစ်နေသည်။ ကိုသန်းငွေသည် ထိုနေရာကို ဝိုင်းဖွဲ့ရှာခိုင်းနေသည်။

တစ်ဖက်ကလာသူများနှင့် ဆုံမိသည်။

"အစ်ကိုလေးတို့ပါလား၊ ဒီဘက်ကိုပြေးလာတာ မတွေ့ဘူးလား"

"အေး ပြေးလာတယ်၊ ငါတို့လည်းတွေ့ရော ဒီနားမှာ ပျောက်သွားတယ်၊ အဲဒါကြောင့် ရှာခိုင်းနေတာ"

"ဒီနားမှာတဲ့ဟေ့ ရှာကြ"

ရှာခိုင်းတဲ့နေရာသည် ခြုံနွယ်များ ထူထပ်တဲ့နေရာဖြစ်သည်။

ထိုနေရာသည် ကိုအုန်းစိန်၏ ခြံဖြစ်သည်။

ကိုအုန်းစိန်ရဲ့ခြံသည် ရှင်းလင်းခြင်းမရှိသလို အပင်များ အလွန်ထူထပ်သည်။

ရွာသားများသည် ကိုအုန်းစိန်ရဲ့ခြံကို ဝိုင်းဖွဲ့ရှာဖွေနေကြသည်။ အပင်ကြီးအပင်ငယ် နွယ်ပင်များကြောင့် ရှာဖွေရတာ အလွန်ခက်ခဲနေသည်။

တစ်ချို့က အပင်ငယ်များကို ဓားရှည်ဖြင့် ခုတ်ပိုင်းနေသည်။

ထိုအချိန်တွင် ခပ်ဝေးဝေးမှ ခွေးဟောင်သံများ ကြားနေရသည်။

စကားပြောသံ

www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးမီးရှို့ပြီး ပေါက်ကွဲတဲ့အသံ
ငှက်ဆိုးထိုးသံ
စတဲ့အသံပေါင်းစုံများက ရွာရဲ့ပတ်ဝန်းကျင်မှာ လွှမ်းမိုးနေသည်။

ဦးအုန်းစိန်မိသားစုသည် ရွာသားများ ပြောစကားကို ထိတ်လန့်နေကြသည်။ အချိန်သည် တဖြည်းဖြည်းနှင့် နောက်တစ်နေ့ကို ကူးပြောင်းနေပေတော့သည်။

## အခန်း (၉)

ကိုယ်ကျိုးအတွက် အခွင့်အရေးယူသူများ

ရွာမှာနေထိုင်တဲ့သူတွေဟာ
တစ်ယောက်အပေါ်တစ်ယောက် လေးစားကြပါ
ကိုယ့်အတွက်နဲ့ တစ်ဖက်သူတွေ
မနစ်နာပါစေနဲ့
အခုလိုဖြစ်တဲ့အချိန်မှာ

တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသလို ဖြစ်နေသည်။

ကျန်ခဲ့တဲ့ တစ်လလောက်က သေဆုံးသွားတဲ့ ဇေမျိုး အတွက် ထွက်ပေါ်လာတဲ့သတင်းစကားက ကျန်ရစ်သူမိသားစု အတွက် သောကရောက်စေသည်။

ဇေမျိုးသည် သေဆုံးပြီး မကျွတ်မလွတ်ဘဲ ရွာကိုခြောက်လှန့်နေသည်ဟု ပြောနေကြသည်။

ထိုစကားကြောင့် မိသားစုများနှင့် ချစ်သူ ထားထားနွယ်တို့အတွက် ကံဆိုးမိုးမှောင် ကျစေသည်။

ဇေမျိုးရဲ့အဘိုးအဘွားနှင့် ဆွေမျိုးများက ငင်းဖွဲချက်များကို ငြင်းဆိုနေသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး မပြောကြရန် ဇေမျိုး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဦးလေး တားမြစ်ထားသည်။ တစ်ရွာလုံးကလည်း ထိုစကားများကို အချိန်တိုင်းပြောနေကြသည်။

"အခုမှခက်တာပဲ သူကြီး"

"ဘာခက်တာလဲ ကိုစိုးခင်"

"ဇေမျိုးကိစ္စပေါ့ဗျာ၊ သူလုပ်ပုံက တစ်ရွာလုံး ထိတ်လန့်နေကြပြီ၊ အဲဒါကို ဘယ်လိုရှင်းကြမလဲ"

"ဟုတ်တယ်သူကြီး အဘစိုးခင်ပြောတာ မှန်တယ်၊ သူ့ကြောင့် ကျုပ်တို့ရွာအတွက် မကောင်းပါဘူး"

"ရွာအတွက် မကောင်းတာ မှန်ပါတယ်၊ တစ်ခုရှိတာက အခုဖြစ်တာ မောင်ဇေမျိုးကြောင့်ဟုတ်မဟုတ်တော့ သေချာစဉ်းစားဖို့လိုအပ်တယ်၊ အများပြောတာကို ကြားရရုံနဲ့တော့ အဲဒီလို မပြောသင့်ဘူး"

"မျက်မြင်မတွေ့ရတာ မှန်ပါတယ်၊ ပြောတဲ့သူတွေကတော့ မဟုတ်တာ ပြောမယ်မထင်ပါဘူး"

သောင်းဟန် စကားကို မငြင်းဆိုရက်ပေမယ့် မျက်မြင်မတွေ့ရတော့ အခက်ကြုံနေသည်။

ရွာသားများရဲ့ စွဲချက်သည် လက်ခံစရာ အထောက်အထားရှိသည်။ ဇေမျိုးမသေခင်က ရွာမှာ ထိုကိစ္စသိပ်မရှိ။

ရွာမှာ သရဲခြောက်သည်ဆိုတာ ဇေမျိုးသေပြီးမှ ဖြစ်ပေါ်လာသည်။ ထိုအချက်ကိုထောက်ပြီး ဇေမျိုး ဟု ပြောနေကြသည်။

တစ်ချိန်တုန်းက ရွာမှာသရဲခြောက်သည် ပြောကြပေမယ့် ဤမျှလောက် ကြီးကျယ်ခြင်းမရှိ။

သူကြီးဦးမောင်ဆွေက ဆေးပြင်းလိပ်ကို အေးဆေးစွာ ဖွာရှိုက်နေသည်။ တစ်ဖက်ကပြောတဲ့စကားကို နားထောင်နေ



သည်။

သူကြီး ဦးမောင်ဆွေသည် ရွာအတွက် အလွန်အကျိုးပြုတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်သည်။ တစ်ဖက်သား နစ်နာမည့်အလုပ်ကို မည်သည့်အခါမှ လုပ်တတ်သူမဟုတ်။

မှန်ကန်တဲ့ဆုံးဖြတ်ချက်မျိုးကို ချတတ်သည်။

ထို့ကြောင့် ရွာသားများရဲ့ အထင်ကြီးလေးစားမှုကို အပြည့်အဝခံရသည်။

"ပြောပြောမပြောပြော ငါ့အနေနဲ့ပကတော့ စဉ်းစားရမှာပဲ၊ ရွာသားအချင်းချင်း စိတ်ဝမ်းကွဲမယ့်အလုပ်မျိုးကို မလုပ်ချင်ဘူး၊ တစ်ဖက်မိသားစုကလည်း အဲဒီမကောင်းသတင်းကို မပြောဖို့ ငါ့ကိုလာပြီး တားခိုင်းတယ်၊ ဇေမျိုးတကယ်သရဲအဖြစ်နဲ့ ရွာကိုဒုက္ခပေးတယ်ဆိုရင် သူတို့ပဲတားမြစ်ပေးမယ်တဲ့"

"ဟာ. . . ဒီစကားက ကျုပ်တို့တစ်ရွာလုံးကို စိန်ခေါ်လိုက်တာပဲ၊ သူကြီး ကျုပ်တို့ကတော့ မကျေနပ်ဘူးဗျာ၊ ကျုပ်တို့ကတော့ ရွာအတွက်ဆို ဘာမဆိုလုပ်ရမှာပဲ သူကြီး မသိသလိုနေပါ"

"ဟေ့ကောင်စိုးခင် မင်းက လူငယ်တွေကိုထိန်းရမှာ၊ အခုမင်းကိုယ်တိုင်ကပြောနေတော့ ငါဘယ်လို သူတို့ကိုထိန်းရမှာလဲ၊ မင်းတော့ ခက်ပါတယ်ကွာ၊ ဘာမဟုတ်တာလေးနဲ့ ရွာရဲ့စည်းလုံးမှုတွေ စိတ်ဝမ်းကွဲကုန်တော့မှာပဲ"

"ဘာတွေဖြစ်နေတာလဲ"

"ဟာ မောင်သန်းဌေးတို့ပါလား၊ လာကြဟေ့၊ အကြောင်းထူးလို့လား"

"သိပ်တော့မထူးပါဘူး သူကြီး၊ ရွာရဲ့အခြေအနေကို လေ့လာပြီး ထွက်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမထူးဘူး ဟုတ်လား၊ ဒီမှာ ဧမျိုးအကြောင်း ပြောနေကြတာကွယ့်"

"ဧမျိုး ဘာဖြစ်လို့လဲသူကြီး"

"အခု ရွာကိုဒုက္ခပေးနေတာ ဧမျိုးလို့ပြောနေကြလို့၊ အဲဒါ မောင်သန်းငွေရဲ့အမြင်လေး ပြောပါဦး"

"အခုနေတော့ ပြောဖို့ခက်နေသေးတယ်၊ ဟိုညက သရဲဆိုတာတော့ ဧမျိုးနဲ့မတူဘူး"

"ဟေ မင်းတို့တွေ့လိုက်လို့လား၊ ဘယ်လိုပုံစံလဲ"

သူကြီးမောင်ဆွေသည် ကိုသန်းငွေစကားကြောင့် အလွန်အံ့ဩသွားသည်။ ကိုသန်းငွေကို ကြည့်နေကြသည်။

ဇင်းအကြည့်များတွင် ကိုစိုးခင်ရဲ့အကြည့်က အလွန်ထူးဆန်းနေသည်။ ကိုသန်းငွေသည် သူကြီးမေးခွန်းကို ရုတ်တရက် ဖြေကြားခြင်းမရှိ။ ရေနွေးကြမ်းကို အေးဆေးစွာသောက်နေသည်။

အားလုံးသည် ကိုသန်းငွေပြောလာမည့် သရဲပုံစံကို သိချင်နေကြသည်။

"အဲဒီနေ့က ကျုပ်တစ်ယောက်ထဲ တွေ့တာမဟုတ်ဘူး၊ ပန်းအေးတို့လည်းပါတယ်၊ ရွာမြောက်ပိုင်းကိုအုန်းစိန်ရဲ့ ခြံထဲကို ဝင်ပြေးသွားတယ်၊ ကျုပ်တို့တွေ့တာကတော့ သရဲနဲ့ သိပ်မတူဘူး၊ လူတစ်ယောက်လိုပဲ၊ ကျုပ်တို့ကိုတွေ့တော့ အဲဒီခြံထဲ ဝင်ပြေးသွားတယ်"

"မျက်နှာ ဘယ်လိုပုံစံလဲ အစ်ကိုလေးသန်းငွေ"

"မျက်နှာတော့ မမြင်လိုက်ရဘူး၊ ရွာမြောက်ပိုင်းက လိုက်လို့ ရွာတောင်ပိုင်းကို ပြေးလာတာ၊ ကျုပ်တို့ကိုတွေ့လို့ ခြံထဲကို ဝင်ပြေးသွားတာ၊ အရပ်ကတော့ နည်းနည်းမြင့်တယ်"



"အဲဒါဆို စဉ်းစားစရာပဲ၊ ဒီအရေးကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းရမလဲ မောင်သန်းငွေ၊ အခုစကားကို သေချာနားထောင်၊ ရွာကို မင်းဦးစီးပြီး ဆောင်ရွက်ပါ"

"ဟုတ်ကဲ့ပါသူကြီး"

သူကြီးဦးမောင်ဆွေသည် သရဲဆိုတာကို ဖြေရှင်းရန် ကိုသန်းငွေကို မှာကြားသည်။

ကိုသန်းငွေသည် ရွာသားများကို စည်းရုံးတဲ့နေရာမှာ အလွန်တော်သည်။ ခက်ခဲသူများကို ကူညီရမှာဝန်မလေး။

တစ်ချို့လူများက ကိုသန်းငွေရဲ့လုပ်ရပ်ကို မကျေနပ်။ လူတွေကို ပိုက်ဆံနှင့်စည်းရုံးနေသည်ဟု ပြောကြသည်။

ကိုသန်းငွေကတော့ ဘယ်သူတွေ ဘာပြောပြောဂရုမစိုက်။ လုပ်စရာတွေကို ဆက်လုပ်နေသည်။

သူကြီး ဦးမောင်ဆွေက ကိုသန်းငွေကို တာဝန်ပေးတာကို ကိုစိုးခင်က မကျေမနပ်အောင်ဖြစ်နေသည်။

သူကြီးနှင့် ကိုသန်းငွေတို့ကို ကြောက်လန့်လို့သာ မပြောတာ။ စိတ်ထဲမှာတော့ ပြောချင်သည်။

ကိုစိုးခင်သည် ပြောမယ့်စကားကို စဉ်းစားရင်း ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။

ကိုစိုးခင်စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို သူကြီး ဦးမောင်ဆွေ သိနေသည်။

သူကြီးသည် ဆေးပြင်းလိပ်ကို ဖွာရှိုက်နေသည်။

"ရွာမှာ နေထိုင်သူတွေဟာ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုနဲ့ လေးစားကြပါ၊ ကိုယ့်အတွက်နဲ့ တစ်ဖက်သူတွေ မနစ်နာပါစေနဲ့၊ အခုလိုဖြစ်နေတဲ့ အချိန်မှာ ကိုယ်ကျိုး

www.burmeseclassic.com

www.burmeseclassic.com



အတွက် အခွင့်အရေးတွေ မယူကြပါနဲ့လို့ပဲ ပြောချင်တယ်"

"စိတ်ချပါ သူကြီး၊ ကျုပ်အတတ်နိုင်ဆုံး ဆောင်ရွက်ပါမယ်၊ ရွာသားတွေကိုလည်း အားပေးပါမယ်၊ လုံခြုံမှုတွေဆောင်ရွက်ပေးပါမယ်လို့ ဂတိပေးပါတယ်၊ မကြီးမားတဲ့ ကိစ္စကြောင့် ဘယ်သူကိုမှ မနစ်နာစေရပါဘူး"

"ကျေးဇူးပါပဲ မောင်သန်းငွေ"

## အခန်း (၁၈)

အသံများ

"ဟာသရဲက တကယ်ပဲရှိနေပြီလား၊

ကျုပ်တို့ဘာဆက်လုပ်ကြမလဲ"

မေးခွန်းကိုဖြေဆိုရန် ခက်ခဲကုန်ကြသည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေသည်။

"ကျေးဇူးတင်ပါတယ် ဦးလေးရာ"

ကြားလိုက်ရတဲ့ စကားကြောင့်ကျေနပ်နေမိသည်။ တကယ်တော့ တစ်ဖက်မှာ အလုပ်ကိစ္စနှင့်ပြောရတာ အဆင်ပြေမှုသိပ်မရရှိခဲ့ပေ။ အဖွဲ့သားများအတွက် စိတ်ကျေနပ်အောင်သာ ဟန်လုပ်ပြီး ပြောနေရသည်။

ထိုသို့ပြောလိုက်မှ ၎င်းရဲ့အခက်အခဲများ အဆင်ပြေမည်။ ထိုသူများကလည်း လုပ်ခိုင်းတာအဆင်ပြေရင် ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို ကူညီမည်ဟု ဂတိပေးထားသည်။

၎င်းကိစ္စအတွက် ရွာနှင့်အတန်ဝေးတဲ့ လယ်စောင့်တဲမှာ ချိန်းထားကြသည်။ သည်လုပ်ရပ်များကို ရွာသားများ အသိမခံချင်တာ အဓိကပါသည်။

"ကဲ ထွေးညိုလေးသောက်လိုက်ဦး အမောပြေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတယ်ကွာ၊ မောနေတာနဲ့ အတော်ပဲ"

"ဒါနဲ့ ဦးလေး အဆင်ပြေတယ်ဆိုတာ တကယ်နော်"

"ငါ့ဘက်က ဘာမှမပြေစရာမရှိဘူး၊ ထားနွယ်ကလည်း ဟိုကောင်သေသွားလို့ အထီးကျန်ဖြစ်ပြီး လစ်ဟာနေတာ၊ ဒီအချိန်မှာ မင်းက ဝင်လာတော့ လစ်ဟာနေတဲ့သူ့ရင်ထဲက ကွက်လပ်လေးကို မင်းက ဖြည့်ပေးလိုက်သလိုဖြစ်သွားတာပေါ့ကွာ"

"ဦးလေးရဲ့စကားတွေက အလွန်နုနေပါလား၊ ဘယ်ဝတ္ထုထဲက ဖတ်လာတာလဲ"

"ဟ ကောင်ရ အသက်ကကြီးပေမယ့် နှလုံးသားက နုပျိုလန်းဆန်းနေတုန်းပဲ၊ ဒါကြောင့် မင်းတို့နဲ့ တွဲလို့ရတာပေါ့၊ မဟုတ်ဘူးလား"

ပြောဆိုပြီးနောက် အရက်ကို မော့သောက်လိုက်သည်။

ထို့နောက် ရှေ့မှာရှိတဲ့ အမြည်းကို ယူစားလိုက်သည်။ ၎င်း ပြောစကားကို လူငယ်များ သဘောကျနေသည်။ ရှေ့မှာ အရက်လေးလုံးငါးလုံး ရှိနေသည်။

အရက်သည် လွန်အောင်သောက်ရင် မူးတတ်ပေမယ့် အနံ့ရလိုက်သည်နှင့် သောက်ချင်စိတ်များက ထိန်းချုပ်မရအောင်ဖြစ်နေသည်။ ထွေးညှိအရက်သည် အနံ့က အုန်းရည်အနံ့ကဲ့သို့ မွှေးနေပေမယ့် မူးတဲ့အခါ ထိန်းချုပ်ရတာ အလွန်ခက်ခဲသည်။

"ဒါတွေထားဦး မင်းဦးလေးကို ကူညီမယ်ဆိုတာ တကယ်ပြောတာနော်"

"ကျုပ်အကြောင်းလည်း သိသားနဲ့ဗျာ၊ ဦးလေးဘက်က သေချာမှတော့ ကျုပ်က ဘာလို့မသေချာရမှာလဲ၊ အရက်ဝအောင်သောက်။ ပြီးတာနဲ့ အိမ်ကသလင်းထဲမှာ စပါးသွားခိုးမယ်၊ ပိုက်ဆံ



ကတော့ ဒီမှာပါလာတယ်၊ ဒါနဲ့ ဟိုကောင်ကိစ္စပြောတော့ ဘာပြောလဲ"

"အစကတော့ ဘယ်လက်ခံမလဲ၊ မင်းလည်း သူ့အကြောင်း သိသားနဲ့၊ နောက်တော့လက်ခံသွားတာပေါ့၊ ငါတို့ စီစဉ်ထားတဲ့အတိုင်းပဲ ညအချိန်ရွာထဲကို လမ်းမလျှောက်ရအမိန့်ထုတ်လိမ့်မယ်"

"ဟာ ကောင်းလိုက်တာ၊ အခုမှ ကျုပ်တို့အလှည့် ရောက်တာ၊ စိတ်ချဦးလေး၊ ဦးလေးလုပ်ချင်တာလုပ်တော့၊ အားလုံးအဆင်ပြေသွားပြီ၊ ကျုပ်လိုချင်တာလည်း အဲဒါပဲ၊ ဒါနဲ့ ထားနွယ်နဲ့ရော တွေ့ခဲ့သေးလား၊ ကျုပ်နဲ့ပတ်သက်ပြီး ကျုပ်လိုချင်တာလည်း အဲဒါပဲ၊ ဒါနဲ့ ထားနွယ်နဲ့ရော တွေ့ခဲ့သေးလား၊ ကျုပ်နဲ့ပတ်သက်ပြီး ဘာတွေပြောလိုက်သေးလဲ"

ခက်ခဲတဲ့မေးခွန်းသာဖြစ်သည်။

၎င်းသည် အားလုံးကို လုပ်ဆောင်ခဲ့သည်။ ထားထားနွယ်ကိုတော့ မတွေ့ခဲ့ပေ။ ထားထားနွယ်သည် ဧမျိုးနှင့်ပတ်သက်ပြီး သောကရောက်နေသည်။

ထိုအချိန်တွင် သွားရောက်ပြီး ကိုယ်ကျိုးကိစ္စ သွားရောက်ပြောလျှင် ပြဿနာကြီးစွာတက်မည်မှာ ဧကန်ဖြစ်သည်။ ထားထားနွယ်နေအိမ်ကို ရောက်ခဲ့သည်။ အားပေးစကားပြောပြီး ပြန်လာသည်။ တစ်ခြား မည်သည့်စကားကိုမှမပြောဘဲပြန်လာသည်။

ယခု မေးခွန်းကို ဖြေဆိုရန်အတွက် ခက်ခဲနေသည်။

ရှေ့မှာရှိတဲ့ အရက်ခွက်ကို ရေနွေးကြမ်းသောက်သလို နည်းနည်းချင်းသောက်နေသည်။ ၎င်းရဲ့ ဖြစ်ရပ်ကို နားမလည်စွာ ကြည့်နေသည်။ တစ်ဖက်က ထွက်ပေါ်လာမယ့်စကားကို မျှော်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ဘာတွေစဉ်းစားနေတာလဲ၊ ကျုပ်မေးတာ ကြားရဲ့လား"

"ဟာ အေးကွာ"

ကြားလိုက်ရသော စကားကြောင့် ဒေါသမျက်နှာနှင့်ကြည့်လိုက်သည်။

"စောနွယ်ဆီ မရောက်ခဲ့ဘူးမဟုတ်လား၊ တော်ပြီဗျာ၊ ကျုပ် ဦးလေးတောင်းတဲ့ အကူအညီမပေးတော့ဘူး"

"ဟား ဟား ဟား မင်းမျက်နှာက အလွန်ရယ်စရာပဲကွာ၊ ငါ မင်းရဲ့ဒေါသထွက်နေတဲ့မျက်နှာကို ကြည့်ချင်လို့ နေကြည့်တာ၊ ဘယ်မသွားဘဲနေမလဲ၊ မင်းက ငါ့ကိုကူညီတာပဲ၊ ငါကလည်း ဘယ်မေ့လို့ဖြစ်မလဲကွာ"

"ဒါနဲ့ ထားနွယ်က ဘာပြောလိုက်လဲဦးလေး"

"မင်းအတွက် ဝမ်းသာစရာပဲကွာ၊ မကြာခင် မင်းဆန္ဒပြည့်ဝစေရပါမယ်ကွာ၊ ငါကလည်း အပြည့်အဝကူညီပါမယ်ကွာ"

ထိုစကား ကြားလိုက်ရတော့ အလွန်ဝမ်းသာသွားသည်။

ရင်းသည် ထားထားနွယ်ကို အသက်လောက်ချစ်သည်။

ထားထားနွယ်သည် အရက်ကို နေ့စဉ်သောက်နေသူမို့ ချစ်သူအဖြစ် သတ်မှတ်ရန်မပြောနှင့် စိတ်ကူးတောင်မရှိပေ။

ရင်းသည် ထားထားနွယ်ကို ပိုင်ဆိုင်ခွင့်ရလျှင် အသက်ပေးရဲသည်။

ထို့ကြောင့် ယခုလိုအကုန်ကြခံနေရသည်။

အခွင့်အရေးသမားတွေအတွက်တော့ ထိုလုပ်ရပ်ကို ပျော်ရွှင်နေသည်။

ယခု အရက်အတူသောက်ရင်း ပြောနေတဲ့စကားက ဖန်



တီးပြီးပြောနေတာဖြစ်သည်။ လူငယ်ကတော့ မသိပေ။

ရင်းပြောနေတာကို အမှန်ထင်ပြီး ကျေနပ်နေသည်။

"ဆရာလေး ကိစ္စပြီးပြီဆိုတော့ ကျုပ်တို့ရဲ့ အစီအစဉ်ကို ဘာဆက်လုပ်ကြမလဲ"

"ပြောထားတဲ့အတိုင်းပဲပေါ့ကွာ၊ အခွင့်အရေးကို လက်လွှတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြောထားတဲ့အတိုင်းထက် ပိုပြီး လုပ်ပြရမှာပေါ့၊ ဒါမှ ငါတို့ရဲ့အစီအစဉ်က ပိုပြီးအောင်မြင်မှာပေါ့ကွာ"

"ကဲ ဒါဆို အမြန်သောက်၊ ဒီညပဲ လုပ်ငန်းစမယ်"

"ကောင်းတယ်"

"သရဲဟော့ သရဲ လိုက်ကြ လိုက်ကြ"

ထွက်ပေါ်လာတဲ့အသံကြောင့် ရုတ်တရက် အံ့သြကုန်ကြသည်။

လက်တွင်းမှာကိုင်ထားတဲ့ အရက်ခွက်များကို ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်သည်။

"ဟော့ကောင်တွေ နားထောင်ကြ၊ ရွာထဲက အသံကြားတယ်"

"ဟုတ်တယ် ကျုပ်လည်း ကြားနေရတယ်"

"သရဲလို့ အော်နေတာ"

"ဟာ သရဲက တကယ်ပဲရှိနေပြီလား၊ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

မေးခွန်းကို ဖြေဆိုရန် ခက်ခဲကုန်ကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေသည်။ ရင်းတို့သည် ရွာထဲမှာ သရဲဝင်တယ်ဆိုတာ မယုံကြပေမယ့် အခုတော့ ယုံရတော့မလိုဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဘယ်မှာလဲသရဲဆိုတာ

ဒါကအနော်လုပ်တာမဟုတ်ဘူး၊
နတ်တွေလုပ်တာ၊
သူ့ကိုကိုအဖြစ်တင်၊
သူတို့ဆီမှာဆေးဖိုးသွားတောင်းပေါ့"

မှောင်လွန်းတဲ့ ညတစ်ည. . .

ဒေသတွင် နေထိုင်ကြသူများသည် မိမိတို့အိမ်တွင်ရှိပြီး မိသားစု ညစာများ စားနေကြသည်။

တစ်ချို့က ထမင်းစားပြီး မိသားစု ဝိုင်းဖွဲ့စကားပြောနေကြသည်။

ထမင်းမစားရသေး ချက်ပြုတ်သူများရှိသည်။ ရွာရှိ ယောကျ်ားလေးတစ်ချို့ ပင်ပန်းမှုတွေ ပြေစေရန် အရက်သောက် အနားယူနေကြသည်။

ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်နေ၍ ပျော်ရွှင်နေကြသည်။

၎င်းအချိန်တွင် ထားထားနွယ်သည် မိသားစုနှင့် ထမင်းစားပြီး အိမ်၏အနောက်ဘက်ရေကပြင်တွင် ပန်းကန်များဆေးကျောနေသည်။



ထိုအချိန်တွင် နားထဲမှာ ခြေသံလိုလို ကြားနေရသည်။

ထားထားနွယ်သည် ထွက်ပေါ်နေတဲ့ ခြေသံကို ကြည့်နေသည်။ အလင်းထဲကနေ အမှောင်ကိုကြည့်ရ၍ ဘာကိုမှမတွေ့ရ။

ခြေသံသာ ကြားနေရသည်။

ကြက်သီးများ ထလာသည်။ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။

"ဟဲ့ ခွေး"

ထားထားနွယ်သည် ခွေးအမှတ်နှင့် အော်လိုက်သည်။

ခြေသံသည် ရုတ်တရက် ရပ်တံ့သွားပြီးမှ ဆက်လက်ထွက်ပေါ်လာသည်။ ထားထားနွယ်သည် ခြေသံလာရာကို ကြည့်လိုက်သည်။ အလွန်အံ့ဩသွားသည်။ မလှမ်းမကမ်း ဝါးရုံအနားမှာ အရိပ်မည်းတစ်ခုကို တွေ့လိုက်ရသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

အရိပ်မည်းသည် ထားထားနွယ်အား ကြည့်နေသည်။ အမှောင်ထဲမှ လက်ရပ်ခေါ်သည်။

"အမလေး သရဲ သရဲ"

ထားထားနွယ်သည် အထိတ်တလန့်အော်ဟစ်ပြီး အိမ်ပေါ်တက်ပြေးသွားသည်။ အိမ်ပေါ်က လူများ ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။ ၎င်းတို့သည် ထားထားနွယ်ကို ကြည့်နေကြသည်။

"ဖြောင်း"

"အား"

"အမလေးဗျာ"

"သေပါပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



ရိုက်သံနှင့်အတူ အော်သံတစ်ခု ထွက်ပေါ်လာသည်။ အိမ်ပေါ်ရှိနေတဲ့ မိသားစုများ တွေ့ရာကိုကိုင်ပြီး အိမ်အနောက်ကို ပြေးဆင်းလာကြသည်။

"သရဲဟေ့ သရဲ"

"လိုက်ကြ လိုက်ကြ"

ကျယ်လောင်စွာအော်ဟစ်ပြီး အိမ်အနောက်ကို ဆင်းလာကြသည်။ အနီးရှိနေထိုင်သူများ ခြံကို ဝိုင်းထားကြသည်။

"ဟေ့ မလွတ်စေနဲ့ ဝိုင်းထားကြ၊ တွေ့ရင် အပြတ်ရှင်းမယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

"ဝေါ ဝေါ"

"ဗိုး ဗိုး"

ရွာသားများသည် ခြံအတွင်းမှာရှိတဲ့ အပင်များကို တုတ်နှင့်ရိုက်၊ ဓားနှင့်ခုတ်ပြီး ရှာဖွေနေသည်။

အပင်ကြီးတွေရဲ့အပေါ်မှာ အနားယူအိပ်စက်နေကြတဲ့ ငှက်ပေါင်းများစွာတို့ ထွက်ပြေးပျံသန်းကုန်ကြသည်။

တစ်ခြံလုံး မီးတုတ်များနှင့် လူအများ ဝိုင်းနေကြသည်။ ခပ်ဝေးဝေးမှ ခွေးဟောင်သံများရဲ့အသံကို ကြားနေရသည်။

"ဟာ ဒီမှာတွေ့ပြီ"

"ဘယ်မှာလဲ မလွတ်စေနဲ့ ဝိုင်းထားကြ"

အားလုံးသည် အသံကြားရာကို ရောက်ရှိလာကြသည်။

လက်တွင်းမှာကိုင်ထားတဲ့ တုတ်၊ ဓား၊ လှံများကို အသင့်ပြင်ထားကြသည်။ ရွာသားများသည် သူတွေ့သည်ဟုပြောတဲ့နေရာကို သေချာကြည့်နေသည်။



ကိုသန်းငွေသည်မြစ်ကွင်းရဲ့အနားကိုအရင်ရောက်ရှိသွားသည်။

"ဘယ်မှာလဲကွ"

"ဟိုမှာလေ အစ်ကိုလေး"

ကိုသန်းငွေသည် မြင့်လွင်ပြတဲ့နေရာကို သေချာကြည့်နေသည်။

ဖြည်းဖြည်းချင်း အနားရောက်သွားသည်။

"ဟာ. . . သရဲမဟုတ်ဘူး၊ အကျီကွ"

"ဟေ"

အားလုံး မျှော်လင့်ချက်တွေ ပျက်ကုန်ကြသည်။

ရိုက်ရန်ပြင်ဆင်ထားတဲ့ လက်များ နောက်တွန့်သွားသည်။ အကျီသည် ဝါးရုံအကိုင်းနှင့်ငြိပြီး ကျန်ရစ်ခဲ့သည်။ ကိုသန်းငွေသည် အကျီကို ဖြုတ်ယူလိုက်သည်။

"ဒါ ကျန်နေခဲ့တာပဲ သရဲ ထွက်ပြေးသွားပြီ"

"ကိုလေး ကိုလေး ရွာတောင်ပိုင်းမှာအော်သံကြားတယ်"

"ဟေ ဟုတ်လား လိုက်ကြကွာ"

ကိုသန်းငွေနှင့် ရွာသားများသည် ရွာတောင်ပိုင်းကို ဦးတည်နေကြသည်။ လက်ထဲက မီးတုတ်တွေနှင့်အတူ ဓားလှံများ၏ အရောင်တွေက ဝင်းလက်နေသည်။

ရွာမှာနေထိုင်သူများသည် ဓားရှည်များကိုသာ အားကိုးသည်။ ဂရုစိုက်သည်။ အသက်အန္တရာယ်နှင့် ကြုံတွေ့လျှင် ဓားရှည်များနှင့်သာ ဖြေရှင်းကြသည်။

ဇင်းဓားရှည်များသည် မလိုအပ်သည့်နေရာတွင် အသုံးပြုလေ့မရှိ။

www.burmeseclassic.com



လူလိမ်မာများအတွက်မဟုတ်၊ မိုက်ရိုင်းကြမ်းတမ်းသူများအတွက်သာဖြစ်သည်ဟု သတ်မှတ်ထားကြသည်။

ရွာသူကြီးကလည်း ကျေးရွာလုံခြုံရေးအတွက် အိမ်တိုင်းဓားရှည်များရှိရမည်ဟု အမိန့်ထုတ်ထားသည်။ ထို့ကြောင့် ယောကျ်ား တစ်ယောက်မှာ ဓားရှည်တစ်ချောင်းရှိသည်။ မိဘများကလည်း အသက် (၁၈) နှစ်ပြည့်သူ ယောကျ်ားလေးအတွက် ဓားရှည်တစ်ချောင်း လုပ်ပေးသည်။

"ဟိုမှာ ပြေးနေတယ်၊ လိုက်ကြဟေ့"

"ပြေးနေပြီဟေ့ ပြေးနေတယ်"

"ဟေ ဘယ်မှာလည်း ငါတို့လည်း မတွေ့ပါလား"

"ငါလည်း ဘာမှမတွေ့ရဘူး၊ သူတို့ပြေးလို့သာပြေးရတာ"

"ငါ စဉ်းစားမိတယ်ကွာ"

"ဘာလဲ မင်းစဉ်းစားတာ"

"အခု ငါတို့လုပ်ရပ်က မှားနေတယ်ထင်တယ်၊ အရာမထင်တဲ့လုပ်ရပ်ပဲကွာ"

"နေပါစေတော့ကွာ တစ်ယောက်နဲ့အများဖြစ်နေတယ်၊ သူတို့က လုပ်ဆိုရင် လုပ်လိုက်ပေါ့ကွာ"

"အောင်စိုးကြီး ရွာမှာမရှိတာ နာတယ်"

"ဟေ့ကောင်တွေ ဘာလုပ်နေတာလဲ"

အနောက်က အော်ပြောလိုက်တာကြောင့် မြင့်လွင်တို့အများနည်းတူ ပြေးနေကြသည်။ ရွာသားများသည် ရွာတောင်ပိုင်းကို ပြေးနေကြသည်။ ရှေ့ပြေးနေသူသည် ရွာတောင်ပိုင်းကိုပြေးရင်း အော်ဟစ်နေသည်။

တစ်ချို့က အများနည်းတူ ပြေးနေပေမယ့် အခုလိုပြေး



နေရတာကို ပျော်ရွှင်နေသည်။ ကလေးဘဝက ဝေးသလိုသတ်မှတ်နေသည်။ ထိုကိစ္စကို နေ့စဉ်ဖြစ်ပါစေလို့ ဆုတောင်းပေးနေကြသည်။

"ဟေ့ ဟေ့ ဘာဖြစ်နေကြတာလဲ"

"အဘတင်စိန်ပါလား"

"အေး ဟုတ်တယ်၊ မင်းတို့တွေ အလွန်ရူးကြတာပဲ၊ သရဲရွာထဲဝင်တယ်ဆိုတာ ဘယ်သူပြောတာလဲ"

အဘစိန်မေးခွန်းကို ဘယ်သူမှ အတိအကျမဖြေနိုင်။

အဘတင်စိန်သည် သုသာန်တွင် နေထိုင်သူတစ်ယောက်ဖြစ်သည်။ သရဲဆိုတာ ရှိမရှိဆိုတာ အဘတင်စိန်မသိ။

ဇရပ်သိနေသည့်အရာက သုသာန်ကို လာရောက်ပို့ဆောင်သည့် လူသေအလောင်းများကို မြေမြှုပ်ပေးရန် သိနေသည်။ ကျန်တဲ့အချိန်တွင် အရက်သောက်သည်။ အနားယူသည်။ အားလုံးသည် အဘတင်စိန်အနားကို ရောက်လာသည်။

"အဘတင်စိန် သုသာန်ကုန်းကို သရဲလာတာတွေ့လား"

"ငါ ဒီမှာနေလာတာ ကြာပြီ၊ မင်းတို့ပြောတဲ့သရဲဆိုတာ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ သရဲဆိုတာ ဘယ်လိုပုံစံလဲ၊ ငါ့ကိုပြစမ်းပါ၊ မြင်ဖူးချင်လို့ပါ"

"ဟာ မဟုတ်တာဗျာ၊ သုသာန်မှာနေပြီး သရဲမတွေ့ဖူးဘူးဆိုတာ မယုံစရာပဲ"

"ဟေ စိုးခင် သုသာန်မှာသရဲရှိတယ်လို့ မင်းအဖေကပြောဖူးလို့လား"

"ဟာ ဒီအဖိုးကြီးနဲ့ကွာ၊ ကျုပ်တွေ့တာ သရဲဟာ ဇမ္ဗူးပဲဖြစ်ရမယ်၊ ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစိကိုစိုခင်ကလဲဗျာ၊ ပြဿနာရှာနေပြန်ပြီ"

ကိုသန်းငွေ ကြားကဝင်ရောက်ပြောလိုက်သည်။

ကိုစိုးခင်နှင့် ကိုသန်းငွေသည် အသက်သိပ်မကွာပေမယ့် ကိုသန်းငွေက အမြဲတမ်းစဉ်းစားဆင်ခြင်သည်။

ကိုစိုးခင်က ဘာမှမစဉ်းစား။ ပြောချင်တာကို ပြောတတ်သည်။

အဘတင်စိန်သည် ကိုစိုးခင်ကို မကျေနပ်စွာကြည့်နေသည်။ ကိုစိုးခင်သည် အဘတင်စိန်ကို ဒေါသနှင့်ကြည့်နေသည်။ အနားမှာ တစ်ယောက်မှမရှိရင် တစ်ခုခုတော့လုပ်မိမှာ သေချာသည်။

"အေး မင်းပြောသလို ဇေမျိုးဟာ သရဲအဖြစ်နဲ့ ငါတွေ့ရင် မင်းတို့မိသားစုကို သတ်နိုင်းမယ်၊ မင်းလိုအကောင်က ကိုယ်ကျိုးရဖို့ပဲ ကြည့်နေတယ်၊ လောကမှာ အဲဒီလိုစိတ်မျိုးရှိတဲ့သူဟာ ဘယ်တော့မှမကောင်းစားဘူး၊ အခု ငါ သုဿန်မှာနေတာ၊ ငါ့အတွက် ဘာမှမရှိဘူး၊ ရွာအတွက်ကြောင့်နေတာ၊ ငါ့စကားတစ်ခွန်းမှား သွားရင် ရွာဘယ်လောက်အထိနာတယ်ဆိုတာ မင်းသိမှာပါ၊ မင်းနဲ့စကားပြောတာ မောတယ်၊ ဘာမှအကျိုးမရှိဘူး၊ သွားတာပဲကောင်းမယ်"

ရင်းပြောတာ အလွန်မှန်သည်။ ရွာသားတစ်ယောက်သေဆုံးတာ ပြဿနာသိပ်မရှိပေမယ့် အဲဒီလူ မြေချတဲ့အခါ အလွန်အရေးကြီးသည်ဟု သတ်မှတ်သည်။

လူတစ်ယောက် မြေမြှုပ်လျှင် ကွမ်းသီး၊ ကွမ်းနှင့် မြေနေရာတောင်းပြီးမှ တွင်းတူးရသည်။ အတောင်းမှားလျှင် နောက်ဆက်တွဲ သေတတ်သည်ဟု သတ်မှတ်ကြသည်။



အဘတင်စိန်ထွက်သွားပြီးနောက် ကိုသန်းငွေသည် ကိုစိုးခင်အား ဒေါသနှင့်ကြည့်လိုက်သည်။

"ခင်ဗျားလုပ်ရပ်က အလွန်စိတ်ပျက်စရာပဲ ကိုစိုးခင်"

"ဟာ သန်းငွေရ ငါက အမှန်အတိုင်းပြောတာပဲ၊ ဒါကို သူက နာနေတာ"

"ခင်ဗျား ဘာမှန်တာလဲ၊ တစ်ဖက်သားကို စော်ကားတယ်၊ လက်ရှိသူက သုဿန်မှာနေတာ၊ သရဲတွေ့လားမတွေ့လား၊ ဒါ ခင်ဗျားမေးစရာ မလိုဘူး၊ ကိုယ့်ကိစ္စကိုယ်လုပ်ပေါ့၊ ခင်ဗျားတော့ ဒုက္ခရောက်တော့မယ်"

"အေး ငါ့မိသားစု တစ်ခုခုဖြစ်ရင် သူ့အသက်သေစေရမယ်"

"ဒုတ်"

"အမလေးဗျာ"

အော်သံနှင့်အတူ ကိုစိုးခင်ရှေ့ကို လဲကျသွားသည်။

အကြောင်းမှာအနောက်ကနေ ခဲတစ်လုံးရောက်ရှိလာပြီး ကိုစိုးခင်ရဲ့ကျောကို ထိမှန်သွားသည်။

တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် အားလုံးတုန်လှုပ်ကုန်သည်။

ထူးဆန်းသည်က ဘယ်သူက ခဲလုံးနှင့်ပစ်ပေါက်လိုက်သည်ကို မမြင်တွေ့လိုက်ကြရအောင် ဖြစ်နေသည်။ ကိုသန်းငွေတို့သည် လဲကျနေတဲ့ ကိုစိုးခင်ကို ထူလိုက်ကြသည်။ ကိုစိုးခင်သည် အလွန်ဒေါသထွက်သွားသည်။

"ငါ့ကို ဘယ်သူထုတာလဲ"

"ဘယ်ကထုလိုက်မှန်းမသိဘူး ဦးလေး၊ ကျုပ်တို့လည်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုပဲ ကြည့်နေတာ"

"သိလို့ကတော့ကွာ ငါ့အကြောင်း သိစေရမယ်"

ထိုသို့ပြောပြီးနောက် ကိုစိုးခင်သည် တစ်ယောက်တည်း ထွက်သွားသည်။ ရွာသားများသည် နေထိုင်ရန် အိမ်ကိုပြန်လာကြသည်။ အများလုပ်လို့ လိုက်လုပ်ရတာ တစ်ချို့မကြိုက်သလို သရဲဆိုတာကို လက်ခံရန် အလွန်ခက်ခဲနေသည်။

"ဟေ ဘယ်သူ့ကိုထိသွားသလဲ"

ရုတ်တရက်ထွက်ပေါ်လာတဲ့ အသံကြောင့် အားလုံးအသံလာရာကို ကြည့်လိုက်ကြသည်။ အသံပိုင်ရှင်မှာ အရူးဖိုးအေးဖြစ်နေသည်။ အရူးဖိုးအေးသည် ပျော်ရွှင်လန်းဆန်းနေသည်။

"ဟော့ကောင် အရူး ခဲလုံးနဲ့ပစ်တာ မင်းလား"

"ဟုတ်ပါတယ်၊ အနော်မျိုးလေး ပစ်လိုက်တာပါ"

"ဘာသဘောနဲ့ မင်းငါ့ကိုပစ်တာလဲ"

"အနော်မျိုးလေးက အရှင့်ကိုပစ်လိုက်တာ မဟုတ်ပါဘူး"

"မင်း ငါ့ကိုပစ်လို့ ငါ့ကိုထိတာပေါ့ကွာ"

"အနော်မျိုးက မြတ်ဗုဒ္ဓမှာသစ္စာဆိုပြီးမှ ပစ်တာပါ၊ အရှင့်ကိုထိပါလို့ မရည်ရွယ်ပါဘူး၊ မကောင်းမှုနဲ့ အကျင့်ယုတ်သူကို ထိစေ၊ ထိရင် လဲကျစေ၊ သူတော်ကောင်းစိတ်ကောင်းရှိသူများ လွတ်စေ၊ အခု အရှင်က အလွန်ကောက်ကျစ်တဲ့သူဖြစ်နေလို့ ဖြစ်ရတာပါ၊ ဒါက အနော်လုပ်တာမဟုတ်ဘူး၊ နတ်တွေလုပ် တာ၊ သူတို့ကိုအပြစ်တင်၊ သူတို့ဆီမှာ ဆေးဖိုးသွားတောင်းပေါ့"

"ဒီအရူးတော့ သေတော့မှာပဲ"

"ဘုရား ဘုရား နားနဲ့နှာခေါင်းကြားတယ်၊ ငါ့ကို အရူးတဲ့ ဒင်က လူယုတ်မာပေါ့"



အရူးဖိုးအေးသည် ပြောလက်စစကားကို ရပ်လိုက်သည်။

ကိုစိုးခင်ရဲ့အနားကိုကပ်ပြီး သေချာကြည့်နေသည်။ အားလုံးသည် အရူးဖိုးအေးလုပ်ရပ်ကို ဒေါသထွက်နေသည်။

"သူခိုး သူခိုး အရီးထွေးတင်အိမ်က စပါးတွေခိုးတဲ့သူခိုး၊ မိပြီဗျ၊ သူကြီးကို ကြိုးတုတ်ပြီး ချောင်းထဲခေါ်သွားတော့ ဘောထိ ဘောထိ"

အရူးဖိုးအေးသည် ထိုသို့ပြောကြားပြီး ရွာဘက်ကိုထွက်သွားသည်။ အားလုံး အရူးဖိုးအေးကိုကြည့်ပြီး ကျန်နေခဲ့သည်။ ကိုစိုးခင်သည် အရူးဖိုးအေးကို မကျေနပ်စွာကြည့်ရင်း ကျန်နေခဲ့သည်။

အားလုံးရဲ့အကြည့်များသည် ကိုစိုးခင်အတွက် ဒေါသဖြစ်နေသည်။ ဒီအရူးကြောင့် ရွာသားများရဲ့အထင်သေးမှု ခံရမှာကို စိုးရိမ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ရွာအမှုဘုန်းကြီးပတ်

သရဲတွေကသုသာန်မှာရှိနေရင်
သရဲတွေနဲ့ကျွပ်ဟာ
မိတ်ဆွေတွေဖြစ်ကုန်ကြပြီပေါ့။

"ထားထားနွယ် ထားထားနွယ်"

ခေါ်သံသည် သူမအတွက် ထိတ်လန့်စရာ ဖြစ်နေသည်။

အချိန်သည် အလွန်ညဉ့်နက်နေသည်။ ပတ်ဝန်းကျင်သည် မည်းမှောင်နေသည်။ ရွာတွင်နေထိုင်သူများ နှစ်ခြိုက်စွာအိပ်စက်နေကြသည်။ ဝန်းကျင်သည် တိတ်ဆိတ်နေ၍ ခြောက်ခြားစရာကောင်းနေသည်။

ခေါ်သံကြား၍ ထားထားနွယ်သည် အိပ်ယာကနိုးလာသည်။

သူမသည် ခေါ်သံကို ခေါင်းထောင်ပြီး နားထောင်နေသည်။

"ထားထားနွယ် အစ်ကို ဇေမျိုးပါ။ ထားနွယ်ကို တွေ့ချင်လို့ လာတာပါ။ အစ်ကိုဇေမျိုးကို တွေ့ခွင့်ပေးပါ။ အစ်ကိုဇေမျိုးနဲ့ စကားပြောရအောင် အောက်ကိုဆင်းပါဦး"



"ဘယ်သူလဲ ဘယ်သူလဲ"

"အစ်ကိုဇေမျိုးပါ ထားထားနွယ်"

"အမလေး သရဲ သရဲ"

သူမရဲ့အော်သံသည် ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။ အိပ်နေတဲ့သူများသည် အော်သံကြောင့် လန့်နိုးလာကြသည်။ တဆင့်စကားကြောင့် တစ်ရွာလုံးနိုးလာကြသည်။ ၎င်းတို့သည် ထားထားနွယ်တို့အိမ်ကို ဦးတည်ရောက်လာကြသည်။ ရွာလမ်းမပေါ်တွင် မီးရောင်များနှင့် လင်းထိန်နေသည်။

"သရဲတဲ့ဟေ့ လိုက်ကြ"

"ဘယ်ကအသံလဲကွ"

"ဦးစန်းထူးအိမ်က ထားထားနွယ်အော်တာတဲ့"

"ဟေ့ကောင်တွေ သေချာဝိုင်းထားကြ"

ရွာသားများသည် ဦးစန်းထူးအိမ်ကို ဦးတည်နေကြသည်။

ခြံထဲတွင် မီးရောင်များနှင့် ထိန်လင်းနေသည်။ ၎င်းတို့သည် သရဲကို ဝိုင်းရှာဖွေနေသည်။

"သမီး သမီး သတိထားပါကွယ်"

"ကြောက်တယ် ကြောက်တယ်"

"အမေတို့ရှိပါတယ်ကွယ် ဘာမှမကြောက်ပါနဲ့"

"ကြောက်တယ် ကြောက်တယ် ကျွန်မကို လာခေါ်နေတယ်"

"ဟဲ့ မိထားအိ ရေမန်းပေးစမ်း"

ဦးစန်းထူးသည် ထားထားနွယ်ကို အားပေးနေသည်။

ထားထားနွယ်သည် ကြောက်စိတ်များ လွှမ်းမိုးနေသည်။

တစ်ကိုယ်လုံး ဇောချွေးများ ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီး ဦးမောင်ဆွေ ရောက်ရှိလာသည်။

ထို့အတူ ရွာ၏ အသက်ကြီးများဖြစ်ကြသည့် ဦးဘသန်း၊ ဦးစိန်မောင်၊ ဦးမောင်သွယ်တို့လည်း ရောက်ရှိလာသည်။

လူကြီးများသည် အိမ်၏ဘုရားစင်ရှေ့တွင် ထိုင်နေကြသည်။ ထားထားနွယ်ရဲ့အဖြစ်ကို ကြည့်နေကြသည်။ ထားထားနွယ်သည် ရှိုက်ကြီးတငင်ငိုနေသည်။ လူကြီးများက ထားထားနွယ်ကို နှစ်သိမ့်စကားပြောနေကြသည်။ ရွာသားများက သရဲကို လိုက်လံရှာဖွေနေကြသည်။

"သမီးကိုခေါ်တယ်ဆိုတာ တကယ်လား"

"ဟုတ်. . . ဟုတ်ကဲ့"

"သမီးကို ဘယ်လိုခေါ်လဲ၊ အဖိုးကိုပြောပါ။ ဒါမှ လုပ်သင့်တာကို လုပ်လို့ရမှာပေါ့။ အဖိုးပြောတာ သဘောပေါက်လား"

"ဟုတ်ပါတယ် သမီးရယ်"

ထားထားနွယ်သည် လူကြီးများရဲ့ မေးခွန်းကို ဖြေကြားရန် ခက်ခဲနေသည်။ သူမသည် ကြောက်လန့်လို့သာ အော်မိသော်လည်း လူကြားထဲတွင် ဖြေကြားရန်ခက်ခဲနေသည်။

လူကြီးများက အကြိမ်ကြိမ်မေးပါများတော့ သူမသည် အထိတ်တလန့်နှင့် သူမတွေ့ကြုံခဲ့တာတွေကို ပြောကြားလိုက်သည်။ လူကြီးများသည် သူမပြောစကားများကို နားထောင်နေကြသည်။

တစ်ချို့လူကြီးများက ဘာဆက်လုပ်ရမည်ဆိုတာကို စဉ်းစားနေကြသည်။ သူမပြောသလို တကယ်ဖြစ်ခဲ့လျှင် ဘာဆက်လုပ်ရမလဲ. . .

"အစ်ကိုမောင်ဆွေ ဘာဆက်လုပ်ကြမလဲ"



"ကျုပ်ကတော့ဒီကစ္စကို အမြန်ဆုံးဖြေရှင်းနိုင်ရင် ကောင်းမှာပဲဗျာ"

"ဟေ. . . မောင်ဆွေ ဒီရွာမှာ မင်းကသူကြီးဆိုတော့ အခုကိစ္စကို မင်းဘယ်လိုဖြေရှင်းပေးမလဲ"

"ကျုပ်ရွာလူငယ်တွေနဲ့ တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ထင်လို့မရဘူးလေကွာ၊ တကယ်ကိုလုပ်ပေးရမှာပါ၊ ငါကတော့ ဒီလိုထင်နေတယ်"

"ဘာများလဲ"

"လူတွေပြောသလို တကယ်သရဲရှိခဲ့မယ်ဆိုရင် ရွာကို ပရိတ်ရွတ်ရင်ကောင်းမယ်"

"ဒါလဲ ကောင်းတာပဲ"

"ကျုပ်ကတော့ ရွာမှာအခုလိုဖြစ်နေချိန်မှာ အခွင့်အရေးယူတဲ့သူရှိနေပြီထင်တယ်"

"အဲဒါ စဉ်းစားစရာပဲ"

"စိတ်ကို အေးအေးဆေးဆေး ထားကြပါ၊ ရွာမှာ ဘာမှမဖြစ်စေရပါဘူး၊ မကြာခင် လူတစ်ယောက် ရွာကိုလာဖို့ရှိတယ်၊ သူလာရင် သရဲဆိုတာ ရှိမှာမဟုတ်တော့ဘူး"

"ဘယ်သူလဲ ပြောစမ်းပါဦး"

"အောင်စိုးကြီး"

"ကောင်းလိုက်တာ၊ အမြန်လာပါစေလို့ ဆုတောင်းပါတယ်"

ရွာလူကြီးစကားကြောင့် လူကြီးတချို့ ဝမ်းသာကြသည်။ ၎င်းတို့သည် အောင်စိုးကြီးရဲ့အကြောင်းကိုသိနေကြသည်။ အောင်စိုးကြီးသည် သရဲငိုဟု နာမည်ကြီးသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လူကြီးများသည် ထားထားနွယ်ကို အားပေးစကားများ ပြောဆိုနေကြသည်။

"ဟာ မောင်သန်းငွေတို့ပါလား၊ ကိုတင်စိန်လည်း ပါတာကိုး၊ ကိစ္စရှိလို့လား"

သုသာန်စောင့် ဦးတင်စိန်သည် အားလုံးရှေ့တွင် ဝင်ရောက် ထိုင်လိုက်သည်။ ရှေ့မှာချထားတဲ့ ရေနွေးကြမ်းတစ်ခွက်ကို မယူပြီး သောက်လိုက်သည်။ ဦးတင်စိန်မေးခွန်းကို ဖြေကြားရန် ခက်ခဲသည့်သဘောနှင့် မပြောသေး။

အားလုံးသည် ဦးတင်စိန်ရဲ့အဖြေကို မျှော်နေကြသည်။ သုသာန်စောင့်ကြီးသည် အများနှင့်မတူ အေးဆေးနေသည်။

"သုသာန်စောင့်ကြီး လာရင်းကိစ္စလေးကို သိချင်ပါတယ်"

"မသိချင်းလည်း ကျုပ်ကပြောမှာပါ၊ သိချင်တယ်ဆိုတော့ ပိုကောင်းသွားတာပေါ့ဗျာ၊ လာရင်းကိစ္စက တခြားတော့မဟုတ်ပါဘူး၊ ရွာရဲ့ လူတချို့ အလွန်စိတ်ပျက်စရာကောင်းပါတယ်ဗျာ"

"ဘာဖြစ်လို့လဲဗျ"

"ရွာမှာ သရဲခြောက်တာ ကျုပ်နဲ့ဘာဆိုင်လို့လဲ၊ ကျုပ်သုသာန်မှာ သရဲလာဖမ်းကြတယ်ဗျာ၊ ပြောရအလွန်ခက်နေတယ်ဗျာ၊ သူတို့ဟာ ကိုယ့်သေတွင်းကိုယ် လာတူးနေကြတယ်၊ သူတို့မဟုတ်တာလုပ်လို့ သေရင် ကျုပ်တာဝန်ဖြစ်ဦးမယ်"

"ဒါတော့ မဖြစ် သင့်ဘူး"

"သူတို့ဟာ အလွန်ဆိုးသွမ်းကြတယ်၊ ပြောသလို သရဲတွေက သုသာန်မှာရှိနေရင် သရဲတွေနဲ့ကျုပ်ဟာ မိတ်ဆွေတွေဖြစ်ကုန်ကြပြီပေါ့၊ ကျုပ် အခု သုသာန်မှာနေတာ နှစ်အတန်ကြာပြီ၊ တစ်ခါမှ မတွေ့ရဘူး၊ အရှုးဖိုးအေးပြောတာကိုတော့ စိတ်ဆိုးကြတယ်၊



ပြောတာတောင် နည်းသေးတယ်"

"စိတ်မဆိုးပါနဲ့ဗျာ ကျုပ် သူတို့ကို ပြောထားပါ့မယ်"

"ကျုပ်က စိတ်မဆိုးပါဘူး၊ သူကြီးတို့ကို ပြောချင်တာက ရွာထဲကကိစ္စကို ရွာထဲမှာပဲ ရှင်းကြပါဗျာ၊ ရွာအပြင်ကို ထွက်မလာပါစေနဲ့ဗျာ၊ ခင်ဗျားတို့ ကြားဖူးမှာပါ၊ အိမ်တွင်းရေးကို တစ်ခြားလူကိုမသိစေနဲ့ဆိုတာလေ ဗျာ၊ အခု ခင်ဗျားတို့ရွာထဲကဖြစ်နေတဲ့ကိစ္စကို ရွာအပြင်မှာနေတဲ့ ကျုပ် ပါနေရတာက မကောင်းဘူးဗျာ၊ နောက်အဲဒီလိုမဖြစ်ပါစေနဲ့လို့လည်း ကျုပ်မှာချင်ပါတယ်"

"အောင်မာ သုသာန်စောင့်က ဒီစကားပြောရအောင် သူက ဘာမို့လို့လဲ၊ ဒီလိုဖြစ်ရတာ ခင်ဗျားပရောဂမကင်းဘူး"

ကိုစိုးခင်သည် ရုတ်တရက်ရောက်လာပြီး ထိုကဲ့သို့ပြောလိုက်သည်။ သုသာန်စောင့်အဘတင်စိန်သည် ဒေါသအကြည့်နှင့် ကြည့်လိုက်သည်။ အဘတင်စိန်သည် အသက်ကကြီးပေမယ့် မျက်လုံးတွေက အလွန်စူးရှသည်။

"ဟော့ စိုးခင် လူကြီးတွေစကားပြောနေတာ မင်းအသာနေစမ်း"

"ကျုပ်က မှန်တာပြောနေတာပဲဟာ"

"ဟေ့ ငါပြောနေတာ မကြားဘူးလား"

"သူကြီးကလဲဗျာ ကျုပ်က ရွာအတွက်စိုးရိမ်လို့ပြောနေတာ"

ထိုသို့ပြောပြီးနောက် စိုးခင်သည် တစ်နေရာမှာထိုင်ပြီးရေနွေးကြမ်းကို မှုတ်သောက်နေသည်။ လူကြီးများသည် သုသာန်စောင့် အဘတင်စိန်ကို စိတ်မဆိုးရန်ပြောနေသည်။

အဘတင်စိန်သည် တစ်ချိန်က ရွာရဲ့ သာရေးနာရေးများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကို အမြဲလုပ်သည်။ အများနှင့်ကြည့်ရင် မိုပြည့်စုံသည်။ ဇနီးသည်နှင့် သမီးငယ်တို့ သေဆုံးပြီးနောက် ၎င်းပိုင်ဆိုင်တဲ့ အိမ်၊ ခြံ၊ ကွဲနွားတွေကို သားကိုအကုန်ပေးပြီး ယခုကဲ့သို့သူသဿန်မှာနေသည်။

သားဖြစ်သူက အတူနေရန် ခေါ်သည်။

လက်ခံခြင်းမရှိ။ ထိုကဲ့သို့ သုဿန်မှာနေရင်း ရွာက အလောင်းများ မြေမြှုပ်သင်္ဂြိုလ်ပေးသည်။ ရွာလူကြီးများက အဘတင်စိန် အခုလိုလုပ်ပေးတာကို ဝမ်းသာနေကြသည်။ အဘတင်စိန်သေသွားမှာကို စိုးရိမ်နေကြသည်။

"ကျုပ် သဘောပေါက်ပါတယ်၊ အခုလိုလာပြောရတာ မဖြစ်သင့်တာတွေ မဖြစ်ရအောင်လို့ပါဗျာ၊ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

အဘတင်စိန်ထွက်သွားသည်။ ကိုစိုးခင်သည် ဆူကြီးတို့ဘက်ကို မျက်နှာမူလိုက်သည်။

"ကျုပ်ကတော့ ဒီအဘိုးကြီးကို မယုံဘူးဗျာ"

"ဟေ့ စိုးခင် မင်း လူကမွေးတဲ့လူတစ်ယောက်မဟုတ်လား၊ မင်းဘာလို့ ငါတို့ကို အံတုချင်နေတာလား၊ မင်းကြောင့် ပြဿနာတက်မှာ ငါ စိုးရိမ်တယ်ကွာ"

## အခန်း (၁၃)

လူမှာလောင်တဲ့မီး

အေး... အဲဒီလိုသေချင်နေတာ...
အခုမသေရလို့စိတ်ညစ်နေတာ
ကျုပ်သေသွားရင်
လွတ်လွတ်လပ်လပ်နဲ့ သရဲခြောက်လို့ရတယ်
သရဲတွေနဲ့လည်း စကားပြောလို့ရတယ်
လူသားတွေနဲ့လဲ....

ပြဿနာတက်ပြီ။ ရွာသားများ စုရောက်လာသည်။

၎င်းမှာ တခြားမဟုတ်။ သေဆုံးသွားတဲ့ ဇွေမျိုးရဲ့အဒေါ် ဒေါ်သင်းကြိုင်ကြောင့်ဖြစ်သည်။ ရွာလယ်ကိုစိုးခင်ရဲ့ဇနီး မမြတ်လင်းနှင့် မိန်းမတစ်စုက ဇေမျိုးအကြောင်း ပြောနေကြသည်။

ဒေါ်သင်းကြိုင် ကြားသွားသည်။

ထိုကိစ္စကို အကြောင်း မကျေနပ်၍ ရန်စကားပြောသည်။ မမြတ်လင်းကလည်း ခေသူမှမဟုတ်။ တစ်ရွာလုံးရဲ့ အော့ကျော့လန်တစ်ယောက်ဖြစ်နေ၏။

"ညည်းက ကျုပ်တူရွာကိုဒုက္ခပေးတယ်ဆိုတာ တွေ့လို့လား"

"ကျွန်မယောက်ျား တွေ့လို့ပြောတာ၊ မဟုတ်ရင် မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သိရဲ့လား"

"နင့်ယောက်ျား သူခိုးရဲ့စကားကို ယုံပြီး ငါ့တူမကောင်းကြောင်း ပြောနေတယ်ပေါ့၊ မသိရင်ခက်မယ်"

"ဒေါ်သင်းကြိုင် ခင်ဗျား ကျုပ်ခြံထဲက အခုထွက်သွားပါ၊ ကျုပ် လက်မပါချင်ဘူး"

"ဟော့ကောင်စိုးခင် မင်း ဘာစကားပြောတာလဲ၊ ငါ့အစ်မကို ထိကြည့်စမ်း၊ မင်းအသက် ဒီနေရာမှာ ထွက်သွားမယ်၊ ငါ့လက်ထဲကဓားက လူမရွေးဘူး"

မိန်းမချင်းရန်ဖြစ်ကာ ယောက်ျားတွေပါ ပါလာသည်။ ဒေါ်သင်းကြိုင်ရဲ့မောင် ကိုမောင်လှိုင်သည် အလွန်သဘောကောင်းသည်။ မိသားစုနှင့် ပတ်သက်လာရင် မကောင်းနိုင်။

ဇေမျိုးနှင့် ပတ်သက်ပြီး မပြောကြရန် သူကြီးကတစ်ဆင့် ရွာသားများကို တားမြစ်ထားသည်။ သူကြီးကလည်း မသေချာဘဲ မပြောရန် တားမြစ်ချက်ထုတ်ပြန်ထားသည်။

အကြောင်းမှာ ကိုမောင်လှိုင်ရဲ့အကြောင်းကို သိနေခြင်းကြောင့်ဖြစ်သည်။

ကိုစိုးခင်က ဘယ်သူ့စကားမှ နားမထောင်။ လုပ်ချင်တာပြောချင်တာကို ဦးစားပေးသည်။ ၎င်းကြောင့် မကြာခဏ စကားများရန်ဖြစ်ကြသည်။

ရွာသားများသည် ကိုစိုးခင်ရဲ့အိမ်ရှေ့မှာ စုပြုံရောက်ရှိလာကြသည်။

"ဟော့. . . ဟော့. . . ဘယ်လိုဖြစ်ကြတာလဲကွာ၊ ရွာသားအချင်းချင်းပဲကွာ၊ မဖြစ်ရဘူး"

"ဒီလူ စိုးခင်ပေါ့၊ ကျုပ်ရဲ့တူက မကျွတ်ဘူး၊ ရွာထဲကိုဝင်



နေတယ်လို့ ပြောနေတယ်"

"စိုးခင်ရာ မင်းတော့ကွာ၊ အဘ ကြားကတောင်းပန်ပါတယ်၊ မောင်လှိုင်ရာ၊ ဒီကောင့်ကို အဘ ဆုံးမပါ့မယ်"

"ကျုပ်တောင်းပန်ခံချင်လို့ ပြောတာမဟုတ်ပါဘူး သူကြီး၊ အဲဒီလိုပြောတာကို မခံချင်လို့၊ သူက ကျုပ်တူကိုတွေ့တယ်ဆိုတာ ဘယ်မှာလဲ၊ ကျုပ် အဲဒါကို သိချင်တယ်"

"စိုးခင် မင်းတွေ့တာ အမှန်ပဲလား"

"ကျုပ် တွေ့တယ်လို့မပြောပါဘူး သူကြီး"

"နင့်မိန်းမပြောတော့ နင်ကတွေ့တာတဲ့ အခုမေး"

"ဟာ ဒီမိန်းမတော့ သေတော့မှာပဲ"

စိုးခင်သည် သူ့မိန်းမဖြစ်သူကို ကြည့်လိုက်သည်။

၎င်းအကြည့်တွင် ဒေါသများလွှမ်းမိုးနေသည်။ လူတွေများနေလို့သာ မဟုတ်ရင်တော့ အထိနာပြီ။ သူကြီးဦးမောင်ဆွေသည် စိုးခင်ရဲ့အကြောင်းကို သိသည်။ ပြဿနာများ အတက်မခံချင်တဲ့စိတ်နှင့် ကိုသန်းဌွေနှင့်လှငယ်များကို မျက်ရိပ်ပြလိုက်သည်။ ကိုသန်းဌွေတို့သည် ကိုမောင်လှိုင်ကိုခေါ်ထုတ်သွားသည်။ ထို့အတူ ကိုမောင်ကြိုင်ရဲ့အစ်မ မသင်းကြိုင်ကိုပါ ခေါ်ထုတ်သွားသည်။

အားလုံးထွက်သွားပြီးနောက် သူကြီးဦးမောင်ဆွေသည် ကိုစိုးခင်ကို ခေါ်လိုက်သည်။ လက်ထဲတွင် နှစ်လုံးပူးသေနတ်ကို ကိုင်ထားသည်။ ထို့အတူ ဆေးတံကြီးကိုခဲပြီး ဒေါသစိတ်တွေကို ဖုံးကွယ်နေသည်။

"စိုးခင် မင်း ငါပြောထားရဲ့သားနဲ့၊ ဘာလို့ အခုလိုလုပ်ရတာလဲ၊ မင်း ငါ့စကားကို အာခံနေတာလား၊ မင်းကြောင့် ပြဿနာမတက်ချင်ဘူးလို့ ငါ ဘယ်နှခါပြောရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးကလည်း ကျုပ်က ဖြစ်နိုင်တာကိုပြောတာပဲ၊မကျေနပ်ယုံတင်မကဘူး၊ စိတ်ဆိုးပြီးသေသွားလည်း စီမံနည်းစရာ မရှိပါဘူးဗျာ"

"စိုးခင် မင်း ထိပ်တုံးဘယ်နှပေါက်ကြိုက်သလဲ၊ ငါ့ကိုပြောထား၊ ငါ့အကြောင်း မင်းသိတယ်"

"အကြောင်းသိတော့ ချက်စားလို့ရတာမှမဟုတ်ဘဲ၊ အနော်တာ သူကြီးဆိုရင် ဒယ်အိုးထဲကြော်ပြီး အရက်နဲ့မြည်းလိုက်မှာဒါပေမဲ့ ဒီကောင့်အသားက စားလို့ကောင်းမှာမဟုတ်ဘူး၊ သူခိုးစော်နံနေမှာပဲ"

အရှုံးဖိုးအေးက ဝင်ရောက်ပြောလိုက်သည်။

အရှုံးဖိုးအေးသည် ဘယ်နေရာကနေ ထွက်လာမှန်းသတိမထားမိအောင် ဖြစ်နေကြ၏။ အရှုံးဖိုးအေးသည် တောင်ဝှေးတစ်ဖက်၊ ပုတီးတစ်ဖက်ပြောသည်။ ဆံပင်တွေက ရှုပ်ပွနေသည်။

အဝတ်အစားများက ဟောင်းနွမ်းနေသည်။ ၎င်းကိုကြည့်ရတာ စိတ်ထဲတွင် ရယ်ချင်စိတ်များဖြစ်နေသည်။

အရှုံးဖိုးအေးသည် အားလုံးရဲ့ရှေ့တွင် ဒူးချိတ်ထိုင်လိုက်သည်။ငှဲ့ထားတဲ့ရေနွေးကြမ်းပန်းကန်ကိုဆွဲယူသောက်လိုက်သည်။ အားလုံးသည် အရှုံးဖိုးအေးကိုကြည့်နေကြသည်။ ၎င်းတို့စိတ်ထဲမှာ အရှုံးဖိုးအေးကို ရွံ့နေကြသည်။

အရှုံးဖိုးအေးသည် အားလုံးရဲ့စိတ်ကိုညှို့ယူဖမ်းစားသလိုစကားလုံးများ ပျောက်ကွယ်နေကြသည်။

"ဒီအတိုင်းတာ နေသွားရင် ကျုပ်တို့တစ်ရွာလုံး သူခိုးနဲ့သရဲတွေရဲ့ လွှမ်းမိုးမှုကို ခံကြရလိမ့်မယ်၊ ဒီရွာမှာ မွေးဖွားလာသူအနေနဲ့ လက်မခံနိုင်ဘူး၊ ကျုပ်ကတော့ အမှန်အတိုင်းမပြောဘူး၊



အို အို မှားသွားပြီ၊ အဲဒါ မင်းကြောင့် ဟော့ စိုးခင် မင်းငါ့ကို ဘာကြည့်တာနေလဲ"

"ဟော့ ဖိုးအေး"

"ခင်ညာ"

"မင်း သောက်စရာရှိတာသောက်ပြီး ပြန်တော့ကွာ"

"ကျုပ် မပြန်ရဲဘူးသူကြီး၊ သရဲစိုးခင်ခြောက်လို့ ထွက်ပြေးလာတာ"

"ဟာ ဒီကောင် မဟုတ်တာပြောနေပြန်ပြီ၊ ငါ လုပ်ရင် သေတော့မှာပဲ"

"အေး အဲဒီလို သေချင်နေတာကြာပြီ၊ ကျုပ်သေသွားရင် လွတ်လွတ်လပ်လပ် သရဲခြောက်လို့ရတယ်၊ ကိုယ်ဖျောက်လို့လည်း ရတယ်၊ သရဲတွေနဲ့လည်း စကားပြောလို့ရတယ်၊ လူတွေနဲ့လည်း စကားပြောရတာ စိတ်ပျက်လွန်းလို့ပါဗျာ၊ ဟား ဟား ဟား ရေနွေးကြမ်းကလည်း ကောင်းလိုက်တာ"

အရှုံးဖိုးအေးသည် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် မှုတ်သောက်နေသည်။ အိမ်ပေါ်ရောက်နေသူများသည် အရှုံးဖိုးအေးကို ကြည့်နေကြသည်။ အရှုံးဖိုးအေးကို တစ်ရွာလုံးက သိနေသလို သနားကြသည်။

"သူကြီး ကျန်းမာအသက်ရှည်ပါစေ၊ ရေနွေးကြမ်းသောက်ခွင့်ပြုလို့ပါ"

အရှုံးဖိုးအေးသည် အားလုံးကိုကြည့်ပြီး ရယ်မောလိုက်သည်။ အရှုံးဖိုးအေးသည် ၎င်းရဲ့တုတ်ကိုယူပြီး အိမ်ပေါ်ကဆင်းသွားသည်။

အရှုံးဖိုးအေးကိုကြည့်ပြီး ကျန်ရစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မောင်သန်းငွေ ဘာထူးလဲ"

"ထားထားနွယ်မိဘတွေနဲ့ စကားပြောပြီး လာခဲ့တာပါ သူကြီး"

"အေးအေး လုပ်စမ်းပါဦး၊ ဘာထူးလဲ"

"အဲဒီညက ထားထားနွယ်က ပြောတယ်၊ သူအိပ်နေတဲ့ အခန်းဘေးကနေပြီး သူ့ကိုလာခေါ်တယ်တဲ့၊ ယောကျ်ားတစ်ယောက်အသံပဲ၊ အိမ်အောက်ကို ဆင်းခဲ့ပါ စကားပြောချင်လို့တဲ့"

"အို အို အလွန်အတင့်ရဲပါလား"

"ဟုတ်တယ်သူကြီး ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ"

"ဒါနဲ့ နေစမ်းပါဦး အဲဒီညက အင်္ကျီတစ်ထည်ရခဲ့တယ်ဆို ဘယ်သူ့အင်္ကျီလဲ၊ မင်း စုံစမ်းပြီးပြီလား"

"ဘယ်သူ့အင်္ကျီလည်းဆိုတာ မေးလို့မရဘူးတဲ့၊ ဒါပေမဲ့ ထားထားနွယ်ကပြောတယ်၊ အဲဒီအင်္ကျီပိုင်ရှင်ကို သူသိတယ်တဲ့"

"ဟေ. . . ဟုတ်လား၊ ဘယ်သူတဲ့လဲ"

သူကြီးသည် သိချင်စိတ်နှင့် မေးလိုက်သည်။

သူကြီးကဲ့သို့ အားလုံးကလည်း သိချင်နေသည်။ ၎င်းတို့သည် ကိုသန်းငွေပြောလာမယ့်စကားကို ကြားချင်စိတ်များ ဖြစ်ပေါ်လာသည်။ အင်္ကျီပိုင်ရှင်ကို သိခွင့်ရရင် ထိုလူအတွက် မသက်သာသလို အားလုံးက သရဲဟုသတ်မှတ်မှာ သေချာသည်။

တစ်ချို့က ကိုသန်းငွေ ထုတ်ပြောမှာကို စိုးရိမ်နေကြသည်။ တစ်ချို့က သိချင်နေကြသည်။

"အဲဒါကိုတော့ မပြောဘူးသူကြီး"

"ဟာ. . . ဘာလို့မပြောတာလဲ၊ အဲဒီလူကိုသိမှ ဘာလုပ်



ရမယ်ဆိုတာ စဉ်းစားလို့ရမှာပေါ့၊ ခက်တာပဲ ဒီကလေးမကလဲ"

"သူ သေချာမသိလို့နေမှာပေါ့ သူကြီး"

"အစ်ကိုစိုးခင်ပြောတာ မှန်တယ်သူကြီး၊ သူကပြောရင်တောင် သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ရမှာ"

ကိုစိုးခင်ရဲ့စကားကို ထောက်ခံလိုက်သည်။

စိန်သောင်းသည် ကိုစိုးခင်ဘက်က လိုက်ပြောလိုက်သည်။ ထို့အတွက်ကြောင့် သူကြီးနှင့်အားလုံးက စဉ်းစားသွားသည်။ သူကြီးသည် ရွာသားအချင်းချင်း စကားများရန်ဖြစ်ကြမှာကို အလွန်စိုးရိမ်သည်။ မဖြစ်သင့်တာကို မဖြစ်ရအောင် အမြဲဆောင်ရွက်တတ်သည်။

သူကြီးသည် ဆေးတံကိုဖွာရှိုက်ရင်း ခေါင်းကိုအဆက်မပြတ်ငြိမ့်နေသည်။

"ဟုတ်တယ် မင်းတို့ပြောတာဖြစ်နိုင်တယ်၊ ကောင်မလေးက အဲဒီကိစ္စကို တွေးမိလို့မပြောဘဲနေမှာပါ၊ မောင်သန်းငွေ သွားမမေးနဲ့တော့၊ ကောင်မလေးအတွက် အရှက်ရသွားစေလိမ့်မယ်"

"ဟုတ်ကဲ့သူကြီး ကျုပ်လည်း အဲဒီလိုပဲ စဉ်းစားထားပါတယ်၊ အချိန်တန်ရင်တော့ မပြောဘဲ အဖြေပေါ်မယ်လို့ ထင်ထားမိလို့ပါ"

"အေးလေ ကောင်းတယ် တောင်းတယ်"

သူကြီးစကားကို လက်ခံလိုက်ကြသည်။

ရွာသားများသည် သူကြီးကို အလွန်လေးစားသည်။ ၎င်းစကားကို လက်ခံကြသည်။ သူကြီးနှင့်ပတ်သက်တဲ့ ရပ်ရေးရွာရေးကိစ္စများကို အသိမပေးဘဲ လုပ်လေ့မရှိ။

သူကြီးကိုသာ ဦးတည်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ချစ်သူသရဲ

ဖေမျိုးက...
သရဲဘဝနဲ့ ကျွန်မဆီကို
လာရောက်ပြီး....
လက်ထပ်ခွင့်တောင်းလာရင်
ကျေနပ်စွာနဲ့
လက်ခံလိုက်မယ်
ထင်ပါရဲ့..

"နင် အမှန်တကယ်ပြောတာလား ထားနွယ်"

"ငါလည်း အဲဒါကို စဉ်းစားနေတာဟာ"

"ဘာကိုစဉ်းစားနေတာလဲ"

ထားထားနွယ်နှင့် ရွာသူမလေးများသည် အလုပ်သိမ်းပြီး အနားယူစကားပြောနေကြသည်။ ရွာသူမလေးများသည် ယမန်နေ့ညက ဖြစ်ခဲ့တာများကို စိတ်ဝင်စားစွာ မေးနေကြသည်။

ထားထားနွယ်သည် တွေ့ကြုံခဲ့တာတွေကို အထိတ်တလန့်ဖြစ်နေရသည်။ စိုးရိမ်နေကြရသည်။ ရွာသူမလေးတွေရဲ့ မေးခွန်းကို ဖြေကြားရန် အလွန်ခက်ခဲနေသည်။



"အဲဒီညက ငါ့ကိုလာခေါ်တာ အိပ်မက်လား၊ တကယ်လားဆိုတာကို စဉ်းစားနေတာ"

"အတော်ညံ့ပါလားထားနွယ်ရာ၊ ငါသာဆိုထကြည့်မှာပဲ"

"နင် ငါ့ကို သေစေချင်လို့လား၊ ကိုဇေ သေသွားလို့ စိတ်ညစ်နေရတဲ့ကြားက နင်မို့လို့ ဒီလိုပြောရဲတယ်"

"သေသွားပါတယ်ဆိုမှ ပြန်လာစရာ မရှိတော့ဘူးပေါ့၊ နင် အခုလိုခံစားနေလည်း ဘာမှထူးလာမှာ မဟုတ်တော့ဘူး"

"ငါကတော့ ကိုဇေသေသွားတယ်လို့ အခုထိ သတ်မှတ်လို့ကို မရသေးဘူး၊ သူ အသက်ရှင်နေသေးတယ်လို့ပဲ ထင်နေတယ်ဟာ၊ ဘာပဲဖြစ်ဖြစ်လေ သူမရှိတာငါ့အတွက် အလွန်အထီးကျန်တယ်၊ ဒီအချိန်မှာ သူရှိနေရင် ဘယ်လောက်ကောင်းမလဲ၊ သူက ငါ့ကို အလွန်ချစ်တာ၊ သူ့နေရာမှာဘာနဲ့မှ အစားထိုးမရသေးဘူး"

ထားထားနွယ်ရဲ့ မျက်နှာသည် ကြေကွဲမှုများ လွှမ်းမိုးနေသည်။

အဖော်များသည် သူမရဲ့အဖြစ်ကိုကြည့်ပြီး သနားနေကြသည်။ ၎င်းတို့သည် ဇေမျိုးနှင့် ထားထားနွယ်တို့ ဘယ်လောက်ချစ်ကြသည်ဆိုတာ ကောင်းစွာသိနေသည်။

ထိုအတူ ဇေမျိုး ရောက်လာလျှင် ၎င်းတို့က အမြဲတမ်းရှောင်ပေးနေရမြဲဖြစ်သည်။ ဇေမျိုး သေဆုံးသွားတော့ သူမတို့သည် ထားထားနွယ်နှင့်အတူ ကြေကွဲကြသည်။

"ကိုဇေမျိုးကြီးက နင်ပြောသလို မသေဘူးဆိုရင် ရွာကိုပြန်လာရမှာပေါ့၊ အခု သူက ရွာကိုမှ ပြန်မလာတာ၊ ကတယ်သေသွားလို့နေမှာပေါ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"လေးတင်ပြောတာ မှန်တယ်၊ ကိုဇေမျိုးမသေရင် ရွာကို ပြန်လာမှာပေါ့"

"အဲဒါ ငါမသိဘူး၊ ငါသိနေတာက ကိုဇေမသေဘူးဆိုတာ ပဲ၊ တကယ်တော့ ငါတို့နှစ်ယောက်ရဲ့ စိတ်က တစ်ထပ်တည်းလို ဖြစ်နေတယ်"

"နင့် အဲဒီစိတ်တွေပျောက်သွားအောင် ငါ အကြံတစ်ခုရှိ တယ်"

"ဘာအကြံလည်း မြသက်ရဲ့"

"နင့် အိမ်ထောင်ပြုလိုက်ပါလား"

"ဒါ ကောင်းတယ်၊ မြသက်ပြောတာမှန်တယ်"

ရုတ်တရက်ထွက်ပေါ်လာတဲ့အသံကြောင့် ထားထားနွယ် တို့အဖွဲ့ အလွန်အံ့ဩသွားကြသည်။

အသံလာရာကို ကြည့်လိုက်ကြသည်။

၎င်းတို့အနောက်ကနေ ကိုစိုးခင်ထွက်လာသည်နှင့် ကိုစိုး ခင်သည် ထားထားနွယ်တို့အနားသို့ ရောက်လာသည်။ ကိုစိုးခင် သည် ထားထားနွယ်ရဲ့ ဦးလေးတော်သည်။

ဦးလေးတော်ပေမယ့် ထားထားနွယ်က ကိုစိုးခင်ကို သူစိမ်း တစ်ယောက်လို့ သတ်မှတ်ထားသည်။

ကိုစိုးခင်နှင့် ထားထားနွယ်တို့မိသားစု စရိုက်ခြင်းမတူ။ ကွဲပြားသည်။

ရိုးသားစွာနေထိုင်တဲ့ ထားထားနွယ်တို့မိသားစုနှင့် ဆန့် ပြားရှုပ်ထွေးတဲ့ ကိုစိုးခင်ရဲ့နေထိုင်ပြောဆိုမှုဟာ ဆန့်ကျင်ဘက် လို ဖြစ်နေသည်။

"ဟာ ဦးလေးစိုးခင် ဘာလာလုပ်တာလဲ"



"ငါ့တူမလေး အခုလိုခံစားနေတာကို မကြည့်ရက်လို့ ပြော ရတာပါ၊ ဟိုကောင်က လူ့လောကမှာ မရှိတော့ဘူး၊ စိတ်ချမ်းသာ အောင် ချစ်သူအသစ်ရှာပါ၊ ညီမလေးမှာ ရှာမတွေ့ရင် ဦးလေး မှာ ပြောထားတာတစ်ယောက်ရှိတယ်၊ တူမလေးဘဝမှာ ချမ်းသာ စွာနေမှာ"

"ဦးလေးရှာထားမှတော့ ဦးလေးလိုပဲ ဖြစ်မှာပေါ့၊ အရှင်း ကြီးပဲ"

"ဟဲ့ ဟဲ့ သူများသားသမီးကို အဲဒီလိုမပြောရဘူး၊ ကြား သွားရင် မကောင်းဘူး၊ ပြဿနာဖြစ်တတ်တယ်"

"အဲဒါဆို လာမပြောနဲ့ပပေါ့၊ ကျွန်မကတော့ ဇေမျိုးမရှိတဲ့ နောက် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ ဒီထက်ရှင်းအောင်ပြောရရင် ကိုဇေမျိုး သရဲဘဝနဲ့ ကျွန်မဆီကို ရောက်လာပြီး ကျွန်မကိုလက် ထပ်မယ်လို့ပြောလာရင် ကျေနပ်စွာနဲ့ လက်ခံလိုက်မယ်၊ သရဲရဲ့ ချစ်သူဇနီးမယားဖြစ်တာပဲ ကောင်းမယ်ထင်တယ်"

"ဒီကောင်မလေး ရူးနေပြီထင်တယ်"

"လေးတင်တို့ ပြန်ကြမယ်"

ထားထားနွယ်သည် ထိုင်ရာက ထလိုက်သည်။

လေးတင်တို့လည်း ထိုင်ရာက ထလိုက်ကြသည်။

၎င်းတို့သည် ရွာကိုပြန်လာကြသည်။ ကိုစိုးခင်သည် 'တင်မောင်က ချစ်တယ် လက်ခံလိုက်ပါ' ဟု လှမ်းပြောလိုက်သည်။

"အဲဒီမှာ ကိုဇေမျိုးလာနေပြီ ဦးလေးကို သတ်လိုက်မယ်၊ ကိုဇေမျိုး ဒီမှာ ဦးလေးကို ဆုံးမလိုက်ပါ"

"ဟေ အမလေး မပြောတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးခင်သည် ခြေဦးတည့်ရာ ထွက်ပြေးသည်။ ကြောက်စိတ်နှင့်ထွက်ပြေးရာ လမ်းကိုသတိမေ့သွားသည်။

"အမလေးဗျာ"

ကိုစိုးခင်သည် ခလုတ်တိုက်ပြီး လဲကျသွားသည်။ ကိုစိုးခင်ရဲ့ အဖြစ်ကိုကြည့်ပြီး ထားစားနွယ်တို့အဖွဲ့ ရယ်လိုက်ကြသည်။

## အခန်း (၁၅)

ဂမုန်းနတ်မိစ္ဆာ

မိစ္ဆာတွေကိုအမြဲယုံကြည်နေတယ်
ဂမုန်းအမျိုးမျိုးရှိတယ်
အဲဒီဂမုန်းတွေထဲက
နတ်၊နဂါး၊သူယောင်မယ်တွေ
အဲဒီအရာတွေ...

ပျော်ရွှင်စရာကောင်းတဲ့ ညတစ်ညဖြစ်သည်။ ရွာရှိလူငယ်လူလတ်တို့သည် အလုပ်ပြီးသည်နှင့် အရက်ဆိုင်တွင် ပျော်ရွှင်စွာ အရက်သောက်အချိန်ဖြုန်းနေကြသည်။

ရွာတွင် အရက်ဆိုင်ဆိုလို့ ရှားရှားပါးပါး တစ်ဆိုင်သာ ရှိသည်။

အရက်ဆိုင်သည် နေ့ခင်းတွင်ခြောက်ကပ်နေပေမယ့် ညဘက် အလွန်စည်ကားနေသည်။

"ဟေ့ ငါတို့ရဲ့ဦးလေး မလာသေးပါလား"

"ညနေက သူ့ရဲ့တူမနဲ့ အာစရိရဲ့အကြောင်း ပြောနေတာတွေ့ခဲ့တယ်၊ သွားခေါ်တော့ လိုက်လာမယ်ပြောတယ်"

"ဟေ. . . ဟုတ်လား၊ ဒါဆို တကယ်လုပ်နေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတယ်၊ ဒီည မင်းတို့ အရင်နေ့တွေထက်ပိုပြီးသောက်ကြကွာ၊ ဟော့ ဘာကြည့်နေကြတာလဲ ငါ့ကိုမယုံလို့လား"

"အာစရိကို အားနာနေလို့ပါ"

"အခုအချိန်မှာ အားမနာနဲ့ဦး၊ သူနဲ့ငါ ချစ်သူဖြစ်လို့ စကားပြောနေရင်သာ အားနာတယ်ဆိုပြီး အရက်ဖိုးလာမတောင်းနဲ့၊ ဆိုင်မှာဝအောင် သောက်သွားကြ"

"စိတ်သာချ၊ အဲဒီလိုစကားပြောနေရင် အနားကိုတောင် မလာဘူး၊ တစ်ခုပဲရှိတယ်"

"ဘာလဲကွာ"

"စကားပြောလို့မောရင် အရက်ပုလင်းလာပို့ပေးမယ်"

"ဟာ ဒီကောင်တော့"

"ဟား. . . ဟား. . . ဟား. . ."

ပျော်ရွှင်စွာရယ်မောလိုက်ကြသည်။

တစ်ခြားဝိုင်းများတွင် ထိုကဲ့သို့ ပျော်ရွှင်နေကြသည်။ အရက်သောက်သူများရဲ့ စိတ်ထဲတွင် ပင်ပန်းမှုတွေကို ပျောက်ကွယ်ရန် ရည်ရွယ်ပြီး အရက်သောက်နေကြခြင်းဖြစ် သည်။

စိတ်ညစ်စရာများကို မကြားချင်သလို လက်ခံတာမရှိ။ စိတ်ညစ်လို့ အရက်သောက်သည်ဟုပြောသူကို လှောင်ပြောင်တတ်ကြသည်။

"ဟာ ပြောရင်းနဲ့ ဟိုမှာလာပြီဗျာ"

"ဦးလေး ပေါ်တော်မူကြီး အခုမှပဲ လာတော့တယ်၊ မျှော်ရတာ မောလွန်းလို့ ဦးလေးအတွက် အရင်ပေးလိုက်ကြကွာ"

"ဦးလေး ရော့ အမောပြေ"

ကမ်းပေးတဲ့အရက်ခွက်ကို ယူပြီးသောက်လိုက်သည်။



ငှင်းရဲ့လုပ်ရပ်ကို ကျေနပ်သွားသည်။

"အား. . . ကောင်းလိုက်တာ"

"ကဲ ဦးလေး အခြေအနေအားလုံး"

"အကုန်ကောင်းပါတယ်ကွာ၊ ဒီညတော့ ငါတို့အတွက် ကောင်းတဲ့ညချမ်းပဲ"

"ကျုပ်မေးတာ အဲဒါမဟုတ်ဘူးလေဗျာ၊ ကျုပ်အတွက် လေ"

"အဲဒါက သာပြီးတော့ ကောင်းသေးတယ်၊ ဒါကြောင့် ပြောတာပေါ့၊ မင်းကလဲကွာ၊ လူငယ်ဖြစ်ပြီး ဒါလေးတောင် မတွေးမိဘူးလား"

"အေးဗျာ ဦးလေးပြောလည်း ပြောစရာပဲ၊ ကျုပ် ဆန္ဒစောသွားတယ်၊ ဘာတဲ့လဲ ဘာပြောလိုက်လဲ"

"မင်းလိုလူကို သူ့အနေနဲ့ ငြင်းစရာမရှိပါဘူးတဲ့"

"ဟာ ဝမ်းသာစရာပဲ၊ ဟော့ကောင်တွေ သတင်းမွှေးမွှေး လေးပဲ"

"အရက်နဲ့ရောသောက်လိုက်ရင် ဘယ်လောက်ကောင်း လိုက်မလဲ"

"ဟာ ဒီကောင်"

"ဖြောင်း"

"အမလေးဗျ"

ပြောပြီး ခေါင်းကိုရိုက်လိုက်သည်။

ပြင်းထန်တဲ့ ရိုက်ချက်ကြောင့် ခေါင်းငိုက်စိုက်ကျသွား သည်။

ဘေးဝိုင်းက ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်နေကြတာလားဟု ထင်မှတ်နေကြသည်။ ထိုအချိန်မှာ ရန်ဖြစ်လျှင် ဆွမ်းလောင်းမည့်သူက အလွန်များသည်။

"အာစရိကလည်းဗျာ"

"မင်းကဘာလို့ ငါ့ကိုလှောင်ပြောင်တာလဲ၊ ငါ့ရဲ့ ပျော်ရွှင်မှုကို မင်းဘာကြောင့် ဖျက်ဆီးတာလဲ"

"ကျုပ်က ဖျက်ဆီးတာမဟုတ်ဘူး အာစရိ၊ ဒီစကားကို တန်ဖိုးထားလိုက်၊ ဒီစကားကို ရင်ထဲမှာသိမ်းထားလိုက်ရင် ဘယ်လောက်အမှတ်တရဖြစ်စရာ ကောင်းမလဲ"

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ မင်းစကားက တကယ့် တန်ဖိုးပဲ၊ အာစရိ သူပြောတာမှန်တယ်"

"ငါ့စကားကို ဆုံးအောင်နားထောင်ကြစမ်းပါဦးကွာ၊ မင်းတို့ပဲ ပြောနေကြတယ်၊ သူက မင်းရဲ့အချစ်ကို လက်ခံချင်ပေမဲ့ စဉ်းစားစရာတွေ ရှိနေပါသေးတယ်တဲ့"

"ကျုပ်က အဲဒီလောက် စဉ်းစားစရာကောင်းနေလို့လား ဗျာ"

"ရှိတာပေါ့ကွာ၊ ဆွေမတော်မျိုးမစပ်တဲ့ သူစိမ်းနှစ်ယောက်က ဘဝခရီးတစ်ခုကို လျှောက်လှမ်းရတယ်ဆိုတာ ပြောသလောက် မလွယ်ဘူး"

"ဒီစကားလည်း မှန်တယ်"

"ဒါနဲ့ ဒီညအတွက် အစီအစဉ်လေး"

မေးခွန်းကိုမဖြေခင် အသင့်ရှိတဲ့ အရက်ခွက်ကို ယူပြီး သောက်လိုက်သည်။ ရှေ့မှာရှိတဲ့ အမြည်းလေးကို ယူပြီးစားလိုက်သည်။

အားလုံးသည် အမိကစီစဉ်သူရဲ့ အခြေအနေကို နား



ထောင်နေကြသည်။ ရင်းက လုပ်ငန်းစမည်ဟု ပြောလိုက်သည်နှင့် နောက်ပါများက အဆင်သင့်ဖြစ်နေကြသည်။

"ဦးလေး အေးဆေးပဲလား"

"အကောင်းဆုံးအနေအထားပဲ"

"ဘယ်အချိန်လောက် စကြမလဲ"

"ညဉ့်နက်ပိုင်းလေးပေါ့၊ အသက်ကြီးတွေ ရှိနေတော့ စောလို့မဖြစ်ဘူး"

"ဘယ်လောက်ရှိလဲ"

"တစ်လစာလောက်ပေါ့၊ ကောင်းကောင်းသုံးလို့ရတယ်၊ နေရာအားလုံး သိထားတယ်"

"မင်းတို့နှစ်ယောက်က ရှေ့ဆောင်လုပ်ကြ၊ ငါနဲ့ ဦးလေးက ကျန်တာ တာဝန်ယူမယ်၊ ထုံးစံအတိုင်းပေါ့ကွာ၊ ဒါကတော့ မင်းတို့ သိမှာပါ"

"ဒါတော့ မပူနဲ့ ငါတို့အတွက် ရိုးနေပြီ"

"တစ်ခုရှိတာ အမေနန်ကရိုင်းနန်းအနားကို မသွားမိဖို့ပဲ၊ အဲဒီနားမှာ အရှည်တွေရှိနေတယ်၊ အဲဒါတွေနဲ့တွေ့ရင် ပွဲချင်းပြီးပဲ"

"အဲဒါတွေ ဘာလို့ရှိတာလဲ"

"အစောင့်တွေပေါ့၊ အဲဒီပတ်ဝန်းကျင်မှာ ကြက်စားနေကြတာ၊ သူတို့ကလည်း မောင်းမထုတ်ဘူး၊ မကောင်းဆိုးဝါးတွေကို မောင်းထုတ်ဖို့ တာဝန်ယူထားတာတဲ့၊ အဲဒီအကောင်တွေကို မရိုက်ကြနဲ့၊ ရိုက်မိလို့ပြဿနာဖြစ်ရင် ငါတို့က ခေါင်းခံမှာမဟုတ်ဘူး"

"ဟာ ဦးလေးစကားကြီးကလည်းဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာကို သဘောမပေါက်ကြသေးဘူး ထင်တယ်၊ ငါတို့ လုပ်ခဲ့တဲ့အလုပ်တွေထဲမှာ ဒီအလုပ်က အခက်ခဲဆုံးပဲ၊ သူတို့မှာ မိစ္ဆာတွေကို အမြဲယုံကြည်နေတယ်၊ ဂမုန်းအမျိုးမျိုးရှိတယ်၊ အဲဒီဂမုန်းပင်တွေထဲက နတ်တွေနဲ့ နဂါးတွေ၊ သူယောင်မယ်တွေ ထွက်လာတတ်တယ်လို့ ပြောတတ်ကြတယ်၊ အဲဒီအရာတွေ ထွက်လာရင် စီးပွားတက်တယ်တဲ့"

"အဲဒါ တကယ်ဟုတ်လား"

"ငါ ဘယ်လိုလုပ်သိမလဲ၊ ငါ့အိမ်မှာလည်း ဂမုန်းပင်တွေ ရှိတာပဲ၊ တစ်ခါမှ မတွေ့ဖူးပါဘူးကွာ၊ သူတို့ပြောတာကို ငြင်းပယ်ပြီး လုပ်ချင်ရာလုပ်လို့တော့ မရဘူးပေါ့ကွာ"

ထိုသို့ပြောပြီး အသင့်ရှိနေတဲ့ အရက်ကိုသောက်လိုက်ကြသည်။ စားစရာများကိုလည်း ယူစားနေကြသည်။

ဖင်းတို့အဖွဲ့သည် ခေါင်းဆောင်လုပ်သူစကားကို နားထောင်ကြသည်။

ရှင်းစရာရှိတာများကို ဖင်းကသာရှင်းတတ်သည်။

အချိန်သည် ညဉ့်နက်ပိုင်းကို ဦးတည်နေသည်။ မိုးလင်းထိ သောက်နိုင်သည်။ ဆိုင်ရှင်များအိပ်နေလျှင် အချိန်မရွေး နှိုးပြီး ဝယ်ယူနိုင်သည်။

"ကဲ ငါတို့တွေ ပြန်ကြမယ်၊ အရက်လည်းဝယ်သွားမယ်၊ တစ်နေရာမှာ အရက်သောက်ရင်း အချိန်စောင့်ကြတာပေါ့၊ လိုအပ်တဲ့အစီအစဉ်ကို ဟိုရောက်တော့ ပြောကြတာပေါ့"

"အေး ကောင်းတယ်၊ ကျုပ်ပဲ ဦးလေးကို သူနဲ့ပတ်သက်ပြီး ပြောစရာရှိသေးတယ်"

"ဒီကောင်ကလည်းကွာ"



ထိုသို့ပြောလိုက်သည်။

ဖင်းတို့အဖွဲ့သည် အရက်ဖိုးများ စားစရာနှင့်အတူ ဝယ်ယူပြီး ပြန်သွားကြသည်။

ထိုအချိန်တွင် အမှောင်တည်းမှ အရာတစ်ခုက ဖင်းတို့ကို ကြည့်နေသည်။ အတွေးများစွာနှင့် ကျေနပ်နေကြ၍ ပတ်ဝန်းကျင်ကို သတိထားရမှန်းမသိအောင် ဖြစ်နေကြသည်။

www.burmeseclassic.com

## အခန်း (၂၆)

အရှုံးလုပ်ခံရခြင်း

အရှုံးက

အရှုံးလုပ်တာကို

ခံလိုက်ရတာအလွန်နာတယ်၊

ငါတို့ရွာကို

သရဲအဖြစ်နဲ့ခြောက်နေတာ

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ရွာရှိသူများက ညဥ့်နက်ပိုင်းရောက်ရှိနေ၍ နှစ်ချိုက်စွာ အိပ်မောကျနေသည်။

ပင်ပန်းတဲ့အလုပ်များနှင့် အချိန်ကုန်နေ၍ ညဘက်ရောက်သည်နှင့် ကမ္ဘာလောကကြီးကို ကောင်းစွာမေ့ပျောက်နေကြသည်။

ထိုအချိန်တွင်မည်းမည်းအရာတစ်ခုရွာလယ်လမ်းမအတိုင်း လျှောက်လှမ်းနေသည်။

မည်းမည်းအရာသည် အရေးကြီးသည့် လက္ခဏာများ ရှိနေသည်။ ရွာရှိသူများသည် မိမိအိမ်အတွင်းမှလွဲ၍ ပတ်ဝန်းကျင်မှာ ဘာဖြစ်နေသည်ဆိုတာကို မသိနိုင်အောင်ဖြစ်နေသည်။

ထို့နောက် ကြီးမားတဲ့အိမ်ကြီးတစ်ခုအတွင်းကို ဝင်ရောက်



သွားသည်။ အိမ်ကြီး၏ခြံဝင်းအတွင်းမှာ မည်းမည်းအရာများ ကြို တင်ရောက်ရှိနေသည်။

နောက်မှရောက်ရှိလာတဲ့ အရာသည် ခြံကြီးကိုပတ်၍ တစ်စုံတစ်ခုကို အသည်းအသန်ရှာဖွေနေကြသည်။

အိမ်ခြံကြီးသည် ရွာရဲ့ ချမ်းသာကြွယ်ဝသူများ နေထိုင်ကြ၍ အိမ်ကြီးရဲ့အောက်ထပ်တွင် နွားများရှိသည်။

အိမ်ကြီးရဲ့ အနောက်တွင် ကျွဲများရှိသည်။ ကျယ်ဝန်းတဲ့ ခြံကြီးဖြစ်၍ ရှာဖွေရတာ အလွန်ခက်ခဲသည်။

ထို့အတူ အိမ်ကြီးရဲ့အပေါ်ထပ်တွင် မည်းမည်းအရာဝတ္ထု နှစ်ခုက အခန်းတစ်ခုအတွင်းကို ဝင်ရောက်သွားသည်။

၎င်းအခန်းသည် အိမ်ကြီးရဲ့ပိုင်ရှင် အိပ်မောကျနေသည့် အခန်းဖြစ်သည်။ မည်းမည်းအရာသည် ထိုအခန်းအတွင်းရှိ အရာများကို မွှေနှောက်နေသည်။

"ဟော့ . . ကြောင်"

ကုတင်ပေါ်က အိပ်မောကျနေသူက ထိုသို့ အော်လိုက် သည်။

မည်းမည်းအရာများသည် ထိုအခန်းတွင်းမှ ထွက်လာကြ ပေသည်။

အောက်တွင်ရှိနေတဲ့အရာများသည် တွေ့လိုက်ရတဲ့ မြင် ကွင်းကို အလွန်အံ့သြနေကြသည်။ ဂမုန်းပင်တွေအနားက မည်း မည်းအရာကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ဂမုန်းပင်တွေကြားက ထွက်လာသည့်အရာသည် ဂမုန်း စောင့်မဟုတ်။ ၎င်းတို့ကတော့ ဂမုန်းစောင့်ဟု ထင်မှတ်နေသည်။

စိုးရိမ်ထိတ်လန့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းကြီးသည် ၎င်းတို့ကို ဘာလုပ်မလဲဟု စိုးရိမ်နေကြသည်။

“ဟော့ကောင်. . . ငါတို့ ဘာလုပ်ကြရင် ကောင်းမလဲ”

“ဘာလုပ်ရမှာလဲ၊ စောင့်ကြည့်ဖို့က ငါတို့ရဲ့တာဝန်ပဲ”

“ဟိုမှာ မည်းမည်းကောင်ကြီး၊ ငါတို့ကို ဘာလုပ်မလဲ မသိဘူး”

“ဟာ အေး အဲဒါက စဉ်းစားစရာပဲ၊ ထွက်ပြေးရင် ကောင်းမလား”

“ထွက်ပြေးရင် ပိုဆိုးသွားမှာပေါ့၊ ဒီနားမှာနေစမ်းပါ၊ ငါတို့ကို သူ မတွေ့ပါဘူး”

“အဲဒါပဲ ကောင်းပါတယ်”

ထိုသို့ပြောဆိုပြီး နှစ်ယောက်သား ပုန်းနေကြသည်။

၎င်းတို့ပုန်းနေတဲ့နေရာသည် မျိုးစပါးများ ထားတဲ့နေရာ ဖြစ်နေသည်။ မည်းမည်းအရာကြီးသည် ခြံကြီးကို ပတ်နေသည်။

ခြံထဲမှာရှိတဲ့ အရာများကို လိုက်ရှာနေသည်ဆိုတာ သိနိုင်သည်။ ခြံထဲကို ရောက်နေသူများသည် သေချာပုန်းနေကြသည်။

“ဟာ. . . အမလေး”

အော်သံတစ်ခု ထွက်ပေါ်လာသည်။

ကျန်တစ်ယောက်က ဆက်မအော်နိုင်ရန် ပါးစပ်ကိုပိတ်ထားလိုက်သည်။ ၎င်းတို့သည် လူများမကြားအောင်သာ လုပ်လိုက်ရပေမယ့် ကြက်သီးများစွာ ထလာသည်။ ကြောက်စိတ်များနှင့် ဇောချွေးများထလာသည်။

အကြောင်းမှာ ၎င်းတို့ရှေ့တွင် တွေ့လိုက်ရတဲ့ မည်းမည်းအကောင်ကြီး ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်။ အကောင်ကြီး



ရဲ့မျက်နှာကို ကြည့်နေပေမယ့် မျက်နှာကိုမြင်တွေ့ရခြင်းမရှိ။

“အမလေး ကြောက်ပါပြီဗျ”

“ဟီး ဟီး ဟီး ဟီး”

ရယ်သံများထွက်ပေါ်လာသည်။ ၎င်းရယ်သံသည် အလွန်ကြောက်စရာကောင်းနေသည်။

“ဖျန်း. . . ဖျန်း”

“အမလေး သေပါပြီဗျ”

“ကြောက်ပါပြီဗျ”

အော်ဟစ်ပြီး ထွက်ပြေးကြသည်။

အရိပ်မည်းကြီးသည် ဟားတိုက် ရယ်မောလိုက်သည်။ ပြေးနေသူနှစ်ယောက်သည် ခြံစည်းရိုးအပေါက်ကို ခေါင်းစိုက်ဝင်သွားကြသည်။

အောက်မှဖြစ်ရပ်များကို အပေါ်ထပ်ကို ရောက်ရှိနေသူများ အတွက် အထိတ်တလန့်ဖြစ်ကုန်ကြသည်။ အိမ်ရှင်များ နိုးလာကြသည်။ အပေါ်ထပ်ရောက်ရှိနေသူများသည် အောက်ထပ်ကို ပြန်ဆင်းလာကြသည်။ အောက်ထပ်ရှိ မိတ်ဆွေများကို ရှာဖွေနေကြသည်။ ၎င်းတို့သည် ခြံစည်းရိုးနှင့် ခေါင်းများ ညပ်နေကြသည်။

အပေါ်ထပ်မှ ဆင်းလာသူများသည် အောက်ကိုရောက်သည်နှင့် အသင့်စောင့်နေသူ မည်းမည်းအကောင်ကြီးက ထိုသူများ၏ ကျောပြင်ကို ရိုက်ချလိုက်သည်။

“ဖြောင်း ဖြောင်း”

“အမလေး သေပါပြီဗျ”

ထိုသို့အော်ဟစ်ကုန်ကြသည်။ ၎င်းတို့သည် ခြေဦးတည်ရာ ပြေးကုန်ကြသည် မည်းမည်းအကောင်ကြီးသည် ရယ်မောပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သည်။

အိမ်ရှင်များသည် မီးတုတ်၊ ဓား၊ တုတ်များနှင့်အတူ အောက်ထပ်ကို ဆင်းလာကြသည်။ မှောင်ပိတ်နေတဲ့ကာလတွင် မီးအလင်းရောင်ကြောင့် လင်းထိန်နေသည်။

"သူခိုးဗျို့ သူခိုး"

အော်ဟစ်သံသည် တစ်ရွာလုံးကို လွှမ်းမိုးသွားသည်။ နှစ်ခြိုက်စွာအိပ်စက်နေကြတဲ့ ရွာသားများသည် တစ်ဆင့်ထက်တစ်ဆင့် နိုးလာကြသည်။

"ဟေ့ ဘာသံလဲ နားထောင်စမ်း"

"ရွာလယ်ပိုင်းက အော်နေတာ"

"သူခိုးတဲ့"

"ဟေ ဟုတ်လား"

"ပေးစမ်း ငါ့ရဲ့ဓား"

"သူခိုးတဲ့ဟေ့ လိုက်ကြ လိုက်ကြ"

"မလွှတ်စေနဲ့ဟေ့"

အော်ဟစ်သံများနှင့်အတူ ရွာသားများသည် ဝိုင်းဖွဲ့လိုက်နေကြသည်။ သူခိုးဟုပြောလို့သာ လိုက်နေကြသည်။ သူခိုးက ဘယ်သူ့အိမ်ကို ဝင်ရောက်ခိုးသည်ဆိုတာ မသိအောင်ဖြစ်နေကြသည်။

ထိုအထဲတွင် တစ်ချို့က လူစုခွဲပြီး ရွာအပြင်ကို လိုက်ရှာနေကြသည်။

ငင်းရွာထဲမှ လူသုံးယောက်သည် ရွာနောက်လမ်းမအတိုင်း လိုက်ရှာဖွေနေသည်။

"ဟေ့ ဘယ်သူ့အိမ်ကို ဝင်ခိုးတာလဲ"

"ငါတို့လည်း မသိဘူး၊ အော်သံကြားလို့သာ လိုက်ရတာ"



"သေစမ်းကွာ"

"ဘာဖြစ်လို့လဲ"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ လာ ရွာထဲပြန်စုံစမ်းမယ်"

"အေး ကောင်းတယ်"

ငင်းတို့သည် စကားပြောရင်း ရွာအတွင်းကို ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ရွာမှာတော့ လိုက်ဟေ့ဆိုတာတွေနှင့် ဆူညံနေသည်။

မီးတုတ်များကလည်း နေရာတိုင်းမှာ ထွက်ပေါ်နေသည်။

ရွာထဲကို အနောက်လမ်းက ပတ်ဝင်လာတဲ့ လူသုံးယောက်သည် ရွာလယ်လမ်းမကို ရောက်ရှိလာကြသည်။

"ဟာ အမလေး"

အော်ဟစ်သံနှင့်အတူ လူနှစ်ယောက်သည် လဲကျသွားသည်။ လက်ထဲမှာကိုင်ထားတဲ့ မီးတုတ်များနှင့် လက်နက်များ လွင့်စင်သွားကုန်ကြသည်။

အကြောင်းမှာ အရာတစ်ခုရဲ့ ဝင်တိုက်ခြင်းခံလိုက်ရတဲ့ အတွက်ကြောင့်ဖြစ်သည်။

လဲကျသူများသည် ရုတ်တရက်ထပြီး မီးတုတ်များကို လိုက်ကောက်ကြသည်။

"ဟေ့ ဘာကြီးလဲကွာ"

"မည်းမည်းကြီးပဲ ဘာကြီးလဲတော့မသိဘူး

"သူခိုးလား"

"သူခိုးက လူပဲ၊ ငါတို့ကိုတော့လဲအောင်မတိုက်နိုင်ပါဘူး"

"အဲဒါလဲဟုတ်တယ်၊ ဘယ်ကိုပြေးလဲမင်းတွေ့လိုက်လား"

"ရွာမြောက်ပိုင်းကိုပြေးတယ်"

"သရဲလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် အဲဒါလည်း ဖြစ်နိုင်တယ်"

မှတ်ချက်များ အဖြစ် ပြောနေကြသည်။

ကြောက်စိတ်များက လွှမ်းမိုးနေသည်။ ကြက်သီးများထနေကြသည်။ ရွာလယ်လမ်းမှ လိုက်ဟောဆိုတဲ့အသံများကို ကြားရောင်နေသည်။

ငှင်းတို့သုံးယောက်သည် မည်းမည်းအရာကို လိုက်ရန် ရည်ရွယ်၍ လမ်းမကို ဝင်လိုက်ကြသည်။

"ဟာ ဟိုမှာ ဆေးလိပ်မီးတွေ့တယ်၊ သူခိုးပဲဖြစ်ရမယ်"

"ဟုတ်တယ် ဖြစ်နိုင်တယ်"

ငှင်းတို့သုံးယောက်သည် သစ်ပင်ကြီးအောက်မှအရာ ရှိရာကို ခြေသံမကြားအောင် လျှောက်လှမ်းနေကြသည်။

ရွာမြောက်ပိုင်းကသူများကလည်း ထိုနေရာကို ဦးတည်လာနေကြသည်။

"အလွန်ဆိုးတဲ့ ကျုပ်ရွာသားတွေပဲ၊ သူတို့ကြောင့် ဆေးလိပ်သောက်ရတာ ပျက်တယ်၊ သူခိုးနဲ့မတွေ့၊ သရဲလည်းမတွေ့ဘူး၊ သူတို့ခိုးပြီး သူတို့ပဲအော်နေတာ"

"ဟာ ဒီအရူးတော့ သေတော့မှာပဲ"

"ဟော့ အရူး"

"ခင်ညာ ခင်ညာ"

"မင်း မဟုတ်တာတော့ ဘာလို့ပြောနေတာလဲ"

"မဟုတ်တာက ဟုတ်လို့ပါခင်ဗျာ၊ သူခိုးက တက်ခိုးတော့ အိမ်ရှင်တမိသွားတော့ သူခိုးဆိုပြီး ထွက်ပြေးကြသည်။

"မင်း သူခိုးကို တွေ့လို့လား"

"တွေ့လိုက်ပါတယ် ခင်ဗျာ"



ရွာသားများသည် အရူးဖိုးအေးရဲ့စကားကို ယုံမှတ်လိုက်သည်။ သူခိုးသာသိရင် အဆင်ပြေပြီဟု ထင်မှတ်နေကြသည်။

ငှင်းတို့သည် အရူးဖိုးအေးကို သေချာကြည့်နေကြသည်။ အရူးဖိုးအေးသည် ဆေးလိပ်ကို အဆက်မပြတ်ဖွာရှိုက်နေသည်။

ပြောပြီးသားစကားကို ဂရုမစိုက်သလို အမူအယာမျိုးနှင့် ထိုင်နေသည်။ ငှင်းရဲ့ဘေးတွင် တုတ်တစ်ချောင်းကို အဆင်သင့်ချထားသည်ကို တွေ့လိုက်ရသည်။ အရူးဖိုးအေးကို ဒေါသထွက်အောင်လုပ်ရင် တုတ်နှင့်လိုက်ရိုက်မှာ သေချာသည်။

"ဟော့ အရူးဖိုးအေး အဲဒီလူကို မင်းသိလား"

"သိတယ်၊ အရက်တစ်လုံးဖိုးပေးရင် ပြောမယ်၊ မပေးရင်တော့ ဖိုးအေးပို့များ မစဉ်းစားဘူး၊ ဟုတ်တယ်နော် အမေ"

"မင်းတကယ်ပြောတာလား"

"ဟော့ တောင်ပိုင်းသားတွေ မယုံရင် မမေးကြနဲ့၊ ဖိုးအေးတို့က မတွေ့ရင်မပြောဘူး၊ စော်ကားမယ်မကြံနဲ့၊ ဒီမှာ အမေ့ဓားနဲ့ ခုတ်ပစ်မယ်၊ လူကိုများ ဟောအရူးတွေ သွားကြတော့"

"မဟုတ်ဘူးလေကွာ"

"အဲဒါတွေက ဟုတ်နေတာ"

"ရော့ ဒီမှာ နှစ်ကျပ်"

"အဲဒီလိုလုပ်စမ်းပါ"

"ပြောမယ် ကျောမှာ လက်ဝါးရိုက်ခံရတဲ့သူပဲ"

"ဘာ"

ရုတ်တရက် ဒေါသထွက်ကုန်ကြသည်။

ဖိုးအေးကို ရိုက်ချင်စိတ်များ ထွက်ပေါ်လာကြသည်။ ဒေါသစိတ်များဖြင့် ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးသည် ပိုက်ဆံကို အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ပြန်ယူရန် မလွယ်ကူအောင် ဖြစ်နေသည်။

အရူးက အရူးလုပ်တာကို ခံလိုက်ရသည်။ လူကောင်းကို အရူးက အခုလိုလုပ်တာကို မကျေနပ်ပေ။

"သေချာနားထောင်ပါ တောင်ပိုင်းသားတွေ၊ သူခိုးတွေကို သရဲက လက်ဝါးနဲ့ရိုက်လိုက်တာ၊ သုံးယောက်ပဲ၊ အဲဒါ ဘယ်သူဆိုတာ ကိုယ့်ဟာကိုယ် စုံစမ်းပေါ့၊ မရရင် စုံထောက်တစ်ယောက် သွားခေါ်ပေါ့၊ မှတ်ထားကြရဲ့လား"

ထိုသို့ပြောပြီး အနီးရှိတုတ်ကို ကောက်ယူလိုက်သည်။

"အေးပါကွာ၊ မင်းပြောတာကို ငါတို့ မှတ်မိပါတယ်၊ အဲဒီလူတွေကို ဘယ်သူရိုက်တာလဲ"

"မည်းမည်းအကောင်ကြီးက ရိုက်လိုက်တာ၊ လေးယောက်မှာ လေးယောက်လုံး အရိုက်ခံလိုက်ရတယ်၊ အဲဒီအထဲမှာ တစ်ယောက်ကတော့ ကျောကို တုတ်နဲ့အရိုက်ခံရတယ်၊ ကျုပ် ထင်တယ်၊ သရဲကြီးက အဲဒီလူကို အလွန်မုန်းနေတဲ့ပုံပဲ"

"ဘယ်သူတွေဆိုတာ မင်းသိလား"

"သိရင်ပြောလိုက်မှာပေါ့ တောင်ပိုင်းသားတွေရာ၊ ပြောတော့သူခိုးဖမ်းမယ်တဲ့၊ အခုတော့ အရက်သောက်ကောင်းအောင် လုပ်နေကြတာ၊ ကျုပ်တောင် ရွာသားတွေပေးတဲ့ပိုက်ဆံနဲ့ အရက်ဆိုင်သွားတော့မယ် တော် တီးတော် တော်"

အရူးဖိုးအေးသည် ထိုသို့ပြောပြီး ထွက်သွားသည်။

ရွာသားသုံးယောက်သည် အရူးဖိုးအေးကို နားမလည်နိုင်စွာ ကြည့်နေကြသည်။

စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသည်။



ရွာထဲတွင် အသံပေါင်းစုံများ လွှမ်းမိုးနေသည်။ ခွေးဟောင်သံ၊ နွားများတွန်သံ၊ ကြက်များ အလန့်တကြားအော်ဟစ်ထွက်ပြေးကုန်ကြသည်။ လူသုံးယောက်သည် အသံများရှိရာကို ဦးတည်နေကြသည်။

"အရူးက အရူးလုပ်တာကို ခံလိုက်ရတာ အလွန်နာတယ်ကွာ၊ ဒီအရူးကြောင့် ခက်နေတယ်၊ ငါတို့ရွာကို သရဲအဖြစ်နဲ့ ခြောက်နေတာ ဒီအရူးပဲဖြစ်ရမယ်"

"မဟုတ်တာကွာ"

"သရဲဟော့ သရဲ"

ထွက်ပေါ်လာတဲ့အသံကြောင့် အားလုံး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သုသသန်ထဲကသရဲ

ဒီကလေးမကျွတ်ရင်
သူ့ရဲ့အဒေါ်ကို အရင်ဆုံး
သူနဲ့ရင်းနှီးတာ တစ်ရွာလုံးမှာ
ထားနွယ်ကိုဒေါ်တယ်ဆိုတာ
လွှမ်းမှုတစ်ခုတော့
မောင်သန်းငွေကို တစ်ခုပေးမယ်...

"မောင်သန်းငွေပြောတာ မှန်နေသလိုပဲ"

သူကြီးဦးမောင်ဆွေသည် မသက်မသာ ပြောလိုက်သည်။

ရွာသားများသည် ဦးမောင်ဆွေပြောတဲ့စကားအတွက် အလွန်တုန်လှုပ်ကုန်ကြသည်။ တကယ်တော့ ဦးမောင်ဆွေသည် အလွန်သဘောကောင်းပြီး မလိုအပ်တဲ့စကားများကို ပြောဆိုလေ့မရှိ။

ယခု တွေ့ကြုံနေတာတွေဟာ ဘယ်လိုပုံစံဖြစ်ဖြစ် ရွာအတွက် အလွန်နစ်နာသည်။ ၎င်းအတွက် ဖြေရှင်းနိုင်တဲ့နည်းလမ်းများကို ရှာဖွေရန် စဉ်းစားနေကြသည်။

"သူကြီးပြောတာ အလွန်မှန်တယ်၊ အဲဒီအတွက် ကျုပ်တို့



မှာ အဖြေရှာဖို့တော့ လိုအပ်နေပြီ"

"ကျုပ်ဆန္ဒကို ရှေ့တန်းတင်ပြီး မေးချင်တယ်သူကြီး"

"ဘာပြောမှာလဲ ဦးမြမောင်"

"ကျုပ်အိမ်ကိုတက်ခိုးတဲ့သူကို အရေးယူပေးမလား၊ မပေးဘူးလားဆိုတာပဲ"

"ဦးလေးအိမ်ကို တက်ခိုးတဲ့သူကိုသိလား"

"ကျုပ်မသိလို့ သူကြီးကိုပြောနေတာပေါ့၊ ကျုပ်သိမှတော့ မေးမနေတော့ဘူး"

"ကျုပ်လည်း ခင်ဗျားလိုပဲလေ၊ ထိတ်တုံးတွေ စိတ်ညစ်နေပြီ၊ သူတို့ကို အသုံးမပြုရလို့၊ သူခိုးသိမှတော့ဗျာ ကျုပ်လည်း စိတ်ညစ်မှခံတော့ပါဘူး၊ ကျုပ်ပြောနိုင်တာက သူခိုးဘယ်သူဆိုတာ ခင်ဗျားတို့လည်း စုံစမ်းပါ၊ ကျုပ်လည်း စုံစမ်းပါ့မယ်၊ မောင်သန်းငွေ မင်းတို့သွားရင်းလာရင်းနဲ့ ဒါတွေကို လေ့လာကြကွာ"

"ဟုတ်ကဲ့ပါသူကြီး၊ ဒီနေရာမှာ ကောင်းလေးမရှိတာ အလွန်နာတယ်ဗျာ"

"ဘယ်ကောင်လေးလဲ မောင်သန်းငွေ"

"ဇေမျိုးကိုပြောတာလေ၊ ရွာမှာဘာဖြစ်ဖြစ် မောင်ဇေမျိုးရေ. . . မင်းပဲတာဝန်ယူပေးပါဆိုရင် ပြီးသွားပြီ"

"အဲဒါတွေထားလိုက်ပါဗျာ မရှိတဲ့သူကိုတမ်းတမနေပါနဲ့"

"ကျုပ်တို့ရှိပါတယ် ကိုလေးရာ"

သောင်းထွန်းက ဝင်ရောက်ပြောလိုက်သည်။ လူငယ်များသည် မခံချင်စိတ်များ ဖြစ်ပေါ်လာကြသည်။ ဇေမျိုးမရှိတာကို အကြောင်းပြုပြီး ပြောနေတဲ့အတွက်ကြောင့် စိတ်မကောင်းမှုများလည်း ဖြစ်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဇေမျိုးသည် ရပ်ရွာအကျိုး၊ အများအကျိုးကို ဆောင်ရွက်ရာမှာ အလွန်တော်သည်။ ရွာမှာ တစ်ခုခုဖြစ်သည်နှင့် ၎င်းက ဦးဆောင်လုပ်ပေးသည်။ ရွာရဲ့ အသက်ကြီးပိုင်းများ ကောင်းစွာသက်သာကြသည်။

"ကိုစန်းထူးပါလား လာဗျာ"

"ဟုတ်ကဲ့သူကြီး၊ ကျုပ် အရေးကြီးကိစ္စမို့ လာရတာ၊ သူကြီးကိုတော့ အားနာတာအမှန်ပဲ"

"အားမနာနဲ့ဗျာ ပြောစရာရှိတာ ပြောစမ်းပါ"

"အေးဗျာ ပြောရမှာပဲ၊ ဒါက ကျုပ်သမီးကို သရဲလာခေါ်တယ်၊ သူနဲ့လိုက်ခဲ့ပါလို့ပြောတယ်"

"သရဲက ခင်ဗျားသမီးကို လာခေါ်တယ်၊ ဟုတ်ရဲ့လား ကိုစမ်းထူးရာ"

သရဲက လူကိုလာခေါ်သည်ဆိုတာ ထိုရွာမှာ ပထမဆုံး အကြိမ် ကြားဖူးခြင်းဖြစ်သည်။ ထိုလူ့စကားသည် သူကြီးဦးသောင်း ဆွေ ဘယ်လိုပုံစံနှင့် ယုံကြည်ရမလဲဆိုတာ ခက်နေသည်။

သူကြီးသည် ဦးစန်းထူးကို တစ်ချက်ကြည့်လိုက်သည်။ ဆေးတံကို အေးဆေးစွာဖွာရှိုက်နေသည်။ ရွာမှာ ဘယ်လိုဖြစ်နေ သည်ဆိုတာ ခက်နေသည်။

"ဟုတ်တယ်သူကြီး၊ ညက ရွာမှာ သူခိုးလိုက်နေကြတုန်း၊ ကျုပ်သမီးကို လာခေါ်တယ်၊ သုသာန်ကို လိုက်ခဲ့ပါ၊ အဲဒီမှာ သူ နေတယ်၊ ဘာမှမဖြစ်စေရဘူးလို့ ပြောတယ်တဲ့ဗျာ"

"တစ်ခုခုတော့ လွဲနေပြီထင်တယ်ဗျာ"

"ဇေမျိုးများ မကျွတ်လို့လာခေါ်တာရော မဖြစ်နိုင်ဘူးလား သူကြီး"



"ခင်ဗျားတို့က အဲဒီလိုထင်နေကြတာကိုး၊ ဒီကလေးက တကယ်မကျွတ်ရင် သူ့ရဲ့အဒေါ်ကို အရင်ဆုံးပြရမှာပေါ့၊ သူနဲ့ရင်း နှီးတဲ့သူတွေ တစ်ရွာလုံးရှိနေတာပဲ၊ ထားနွယ်ကို သွားခေါ်တယ် ဆိုတာ လွဲမှားမှုတစ်ခုတော့ ရှိနေပြီ၊ မောင်သန်းငွေ ကလေးမကို ကြိုက်နေတဲ့သူ ဘယ်သူဆိုတာ မင်းသိလား"

"ဦးစံသိန်းရဲ့သား တင်မောင်က တစ်ဖက်သတ်ကြိုက်နေ တယ်၊ ဦးလေးစိုးခင်က အောင်သွယ်လုပ်ပေးနေတယ်"

"ဟား ဟား ဟား"

ပန်းအေးစကားကြောင့် ထားထားနွယ်ရဲ့အဖေ ဦးစန်းထူး အလွန်ဒေါသထွက်သွားသည်။

• အနီးရှိလူများသည် သဘောကျပြီး ရယ်လိုက်ကြသည်။ ပန်းအေးသည် ရွာက လူရှုပ်တစ်ယောက်ဖြစ်သည်။ ရွာသားများ က ငါးမြွေထိုးဟု ခေါ်ကြသည်။

ဘယ်လိုပင်ခေါ်ပါစေ ပန်းအေးကတော့ အပြုံးမပျက်။ လုပ်ချင်တာတွေ လုပ်တတ်သည်။ ရွာသားများနှင့် ပန်းအေးက အလွန်အဆင်ပြေသည်။

"ဟေ့ ပန်းအေး မင်းစကားကြည့်ပြောစမ်းပါ၊ စိုးခင်က ငါ့ရဲ့ညီကွာ"

"ဘာဖြစ်လဲ ကျွန်တော်တို့တစ်ရွာလုံး သိနေတာပဲ"

"တူမရည်းစားထားဖို့ ဦးလေးက အောင်သွယ်ပေးတယ် ဆိုတာ သိက္ခာချသလို ဖြစ်နေတယ်၊ မင်းစကား ဒီနေရာမှာရပ်ရင် ရပ် မရပ်ရင် ငါ့အကြောင်းမင်းသိတယ်နော်"

"ဒါက ဆန်းကြယ်တဲ့အရာမှမဟုတ်ဘဲဗျာ"

"တယ် ဒီကောင်တော့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုစန်းထူး၊ ခင်ဗျားကလည်းဗျာ၊ လူကြီးတစ်ယောက် အနေနဲ့ ဒီလိုမဖြစ်သင့်ဘူး၊ ခေါင်းအေးအေးနဲ့ စဉ်းစားမှပေါ့၊ ဒီလိုဖြစ်နေရင် ဘယ်လိုလုပ်ပြီး အဖြေထွက်မလဲ"

"သူကြီးစကားကို ကျုပ်လက်ခံတယ်ဗျာ၊ အခုဖြစ်နေတာ က ရွာသားတွေဟာ ဦးနှောက်ကိုမရှိကြဘူးဗျာ"

"ဟာ ကိုတင်စိန်ပါလား၊ ထိုင်ဗျာ အကြမ်းလေးသောက်ဦး"

သုဿန်စောင့် အဘတင်စိန်သည် အားလုံးကိုကြည့်ပြီး ထိုင်လိုက်သည်။ ရွာလူကြီးများနှင့် ရွာတွင်နေထိုင်ကြသူများသည် အဘတင်စိန်ကို အထင်မသေးရဲကြပေ။ တစ်ခြားရွာက သုဿန် စောင့်များသည် မိသားစုမရှိလို့ သုဿန်စောင့်လုပ်ရသည်။

ယခု အဘတင်စိန်က မိသားစုရှိသည်။ ဆင်းရဲသားမဟုတ် ပါ။ မိသားစုများနှင့်နေထိုင်ရတာကို စိတ်ပျက်၍ တစ်ယောက် တည်းနေခြင်းဖြစ်သည်။ အဘတင်စိန်သည် ရေနွေးကြမ်းကို သုံး လေးခွက်လောက် မှတ်သောက်လိုက်သည်။

"ကျုပ် အခုရောက်လာတာက တစ်ခြားမဟုတ်ပါဘူး၊ စံသိန်းရဲ့သားအကြောင်း ပြောမလို့ပါ"

"ဒီကလေး ဘာလုပ်လို့လဲ အစ်ကိုတင်စိန်"

"မနေ့ညကပေါ့ဗျာ၊ အရက်တွေမူးပြီး သုဿန်ကိုရောက် လာတယ်၊ သရဲကိုလိုက်တာပါလို့ပြောတယ်၊ အဲဒီသရဲက ဘယ်သူ လဲလို့မေးတယ်၊ ပြီးတော့ သရဲက သူတို့ကို ရိုက်သွားတယ်လို့လည်း ပြောတယ်"

"အဘတင်စိန် တကယ်ပြောတာလား"

"မင်း ဘာလုပ်မလို့လဲစိန်သော် လူငယ်က လူငယ်လိုနေ



စမ်းပါ"

"အရူးဖိုးအေးစကားနဲ့ ထပ်တူဖြစ်နေလို့ပါ"

"ဒီလိုပါ မနေ့က ရွာမှာသူခိုးဆိုတော့ 'ကျုပ်တို့က လိုက် တယ်၊ အဲဒီမှာ အရူးဖိုးအေးနဲ့တွေ့တယ်၊ အရက်ဖိုး (၂) ကျပ် ပေး ရင် ပြောမယ်ဆိုတော့ အရက်ဖိုး (၂) ကျပ်ပေးလိုက်တယ်"

စိန်သော်သည် အထက်ကဖော်ပြခဲ့တဲ့အတိုင်း ပြောပြနေ သည်။ လူကြီးများသည် စိန်သော့်စကားကို စိတ်ဝင်စားစွာ နား ထောင်ရင်း အလွန်အံ့သြနေကြသည်။ ဦးမြမောင်ကတော့ ထို စကားတွေအတွက် အလွန်ဝမ်းသာနေသည်။

ငင်းအိမ်ကခိုးယူသွားတဲ့ ငွေအသပြာများ ပြန်လည်ရရှိ တော့မည်ဟုတွေးရင်း ကျေနပ်နေသည်။

"မင်း တကယ်ပြောတာလား မောင်စိန်သော်"

"ကျွန်တော်နဲ့အတူ တင့်ဇော်နဲ့ အောင်ကိုတို့လည်း ပါ တယ်၊ သူတို့လည်း ဒီစကားကို ကြားပါတယ်"

"ကဲသူကြီးခင်ဗျား၊ ဒီကိစ္စကို ဘယ်လိုအရေးယူပေးမလဲ"

"အေးအေးဆေးဆေးနေပါ၊ ကျုပ် အမှန်အတိုင်းဖြစ် အောင် လုပ်ပေးပါမယ်၊ ဟော့ စိန်သော် မင်းတကယ်ပြောတာ ဟုတ်ရဲ့လား"

"မောင်သန်းငွေ အဲဒီကလေးနှစ်ယောက်ကို အခုသွား ခေါ်ခဲ့"

"ဟုတ်ကဲ့သူကြီး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ပွဲလန့်တုန်းပျာခင်း

သူမတို့သည် ရုတ်တရက်
ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေသည်။
ရင်ခုန်သံများဆူညံနေသည်။
စိုးရိမ်စိတ်များ လွှမ်းမိုးနေကြသည်။

"နင့်ကိုလာခေါ်တယ်ဆိုတာ ဟုတ်ရဲ့လား"

နားမလည်စွာမေးလိုက်သည်။

ရွာလေးသည် ထားထားနွယ်ကို သရဲလာခေါ်သည်ဟု သတင်းကအလွန်လွှမ်းမိုးနေသည်။ လူသုံးလေးယောက် စုမိလိုက်သည်နှင့် ထားထားနွယ်ကိုသရဲခေါ်တဲ့အကြောင်းကိုသာ ပြောနေကြသည်။

ယခု ထားထားနွယ်နှင့် ရေခပ်ဆင်းလာတဲ့ မိန်းကလေးအဖော်တွေက မေးကြသည်။ ထားထားနွယ်သည် အရင်တုန်းကလို အပြင်ကို အမြဲမထွက်တော့။ အိမ်တွင်းမှာသာ အချိန်ကုန်နေတတ်သည်။

"ဘာပြောရမှန်းမသိအောင်ပဲဟာ၊ ငါကပဲ စွဲလန်းနေလို့လား၊ တကယ်ပဲ လာခေါ်တာလားမသိ မစဉ်းစားတတ်အောင်ပဲ"



"နင်က ဘာတွေကိုစွဲလန်းနေတာလဲ ထားနွယ်"

"ငါ ဇေမျိုးကို အခုထိမေ့လို့မရသေးဘူးဟာ၊ ငါ သူ့ကို အခုထိစွဲစွဲလန်းလန်း ချစ်နေသေးတယ်၊ တစ်ခါတစ်လေ ငါ ဘာစဉ်းစားမိလည်းဆိုတော့ သူ ဘာလုပ်နေလည်းဆိုတာ ကြည့်ချင်လိုက်တာဟာ"

"မဟုတ်တာပဲ ထားနွယ်ရာ၊ သူက ဘယ်ရောက်နေမှန်းမှ မသိဘဲ"

"ငါ့ရဲ့မသိစိတ်က ကိုမျိုးမသေဘူးလို့ပဲ ထင်နေတယ်ဟာ၊ ငါ့ဆီကို သူ တစ်နေ့လာလိမ့်မယ်လို့ ထင်နေမိတယ်"

"နင် ရူးနေလား ထားနွယ်"

"ကြိုက်သလို ထင်လို့ရတယ်ဟာ အဲဒီအတွက် နင်တို့ကို ငါအပြစ်မပြောဘူး၊ တကယ်တော့ ကိုမျိုးဟာ ငါ့ကိုအသက်လောက်ချစ်တယ်၊ အဲဒီလိုပဲ ငါလည်း သူ့ကိုချစ်တယ်၊ ကိုမျိုးသာ လူပြန်ဖြစ်ရင် အဲဒီအထိ ငါစောင့်နေမယ်၊ သူကလည်း ငါ့ကိုမှာသွားတယ်၊ ဘဝခြားလည်း ငါ့ကိုချစ်နေမယ်တဲ့ဟာ"

ထားထားနွယ်သည် ထိုသို့ပြောပြီး ကြေကွဲနေသည်။

လေးတင်၊ ထွေးခင်တို့ အဖော်များသည် ထိုသို့ စိတ်မကောင်းဖြစ်ရသည်။ တကယ်တော့ ထားထားနွယ်သည် ဇေမျိုးကို အသက်လောက်ချစ်သည်။ အချစ်ဦးလည်းဖြစ်သည်။ ထားထားနွယ် စိတ်မကောင်းသည်က ဇေမျိုးသေဆုံးပြီးမှ ရွာမှာတွေ့ကြုံရတာတွေကို မယုံနိုင်အောင်ဖြစ်နေသည်။

"နင့်ကို တင်မောင်က ကြိုက်နေတယ်၊ လူကြီးတွေနဲ့ လာတောင်းမလို့တဲ့၊ ဒါကို နင် ဘာလုပ်မလဲ"

"ဒီအမူးသမားအကြောင်း မပြောပါနဲ့ဟာ၊ အလုပ်မလုပ်

www.burmeseclassic.com



သဲ မိဘပိုက်ဆံသုံးဖြုန်းနေတဲ့သူကိုယူမယ့်အစား ခွေးအမြီးဖြတ်ပြီး ယူတာကမှ တန်ဖိုးရှိသေးတယ်"

"နင်ကလည်းဟာ တစ်ဖက်သားကကို"

"ထားနွယ်ပြောတာ နည်းသေးတယ်၊ ဒီထက်ပိုပြောသင့်တာ၊ သူကြည့်ရင် ဘာမှမလုပ်ဘူး၊ အဖော်တွေနဲ့ အရက်ဆိုင်မှာပဲ အချိန်ကုန်နေတယ်၊ သူတို့မိဘတွေမို့ ငါလိုမိဘဆို အိမ်ပေါ်မှာ မထားဘူး"

ရွာရှိမိန်းကလေးတချို့က တင်မောင်ကိုကြည့်မရ။

တင်မောင်သည် အလုပ်မလုပ်တဲ့ လူပျင်းတစ်ယောက်ဟု သတ်မှတ်ထားကြသည်။ ၎င်းတို့သတ်မှတ်တာကို လက်ခံရမည်။ တင်မောင်သည် အိပ်တဲ့အချိန်တွင် အိမ်မှာရှိသည်။ ကျန်တဲ့အချိန် အရက်ဆိုင်နှင့် ထန်းရည်ဆိုင်မှာသာ အချိန်ကုန်တတ်သည်။

တင်မောင်ကို မိဘများက အလိုလိုက်ထားကြသည်။ အရက်ဖိုးတောင်းရင်လည်း ပေးသည်။ မိဘပေးတဲ့ပိုက်ဆံကုန်သွားရင် သလင်းထဲကစပါး၊ ပဲ၊ မြေပဲများကို ခိုးပြီးရောင်းသည်။ ရရှိတဲ့ပိုက်ဆံကို အရက်ကိုသာ ပေးလိုက်ရသည်။ ရွာရှိမိန်းမပျိုလေးတွေက တင်မောင်ကို အထင်မကြီး၊ အလုပ်မလုပ်သူဟု သတ်မှတ်ထားကြသည်။

တင်မောင်က မိန်းမလိုချင်တာ တားမရ၊ တင်မောင်ကို လက်ထပ်မည့် မိန်းကလေးသာရှိရင် ကျေကျေနပ်နပ်သဘောတူပြီး တောင်းရမ်းပေးသွားလေကြသည်။ လက်ထပ်မည့် မိန်းကလေး မရှိ၍သာ အခက်ကြုံနေကြသည်။

"အေး ဟုတ်တယ်၊ သူမို့မရှက်တယ်၊ ဘာမှလည်းမလုပ်တဲ့သူက မိန်းမလိုချင်လို့တဲ့၊ အပျိုတော့မရဘူး၊ 'တစ်ခုလပ်နဲ့ မုဆိုး



မပဲ သူ့ကိုယူလိမ့်မယ်"

"ဘာ ဘာပြောတယ်"

"အမလေး"

ကျယ်လောင်စွာထွက်ပေါ်လာတဲ့ အသံကြောင့် ထားထားနွယ်တို့လူစု အထိတ်တလန့်ဖြစ်သွားကြသည်။

ထားထားနွယ်တို့သည် အသံလာရာကို ကြည့်လိုက်ကြသည်။ အသံပိုင်ရှင်မှာ တင်မောင်ဖြစ်နေသည်။ တင်မောင်သည် ဒေါသများ ဟုန်းဟုန်းတောက်တဲ့အကြည့်များ ဖြစ်သည်။

သူမတို့သည် ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။ ရင်ခုန်သံများဆူညံနေသည်။ စိုးရိမ်စိတ်များ လွှမ်းမိုးနေကြသည်။ တင်မောင်သည် ဘယ်တုန်းက ရောက်နေမှန်းမသိအောင် ဖြစ်နေသည်။

"ဘာပြောတာလဲ ပြန်ပြောစမ်း၊ ငါ့ကို အခုပြန်ပြောစမ်း"

"နင်ကြားတယ်မဟုတ်လား၊ ငါတို့ဘာပြောစရာလိုလို့လဲ"

"နင်တို့က ငါနဲ့မုဆိုးမနဲ့ညားမယ်လို့ ဘာလို့ပြောတာလဲ"

"နားကန်းနေလား၊ ဆေးသွားထည့်လိုက်ဦး နင့်အကြောင်း ပြောစရာ ငါတို့မှာ အကာန့်မရှိဘူး"

"ဟုတ်ပါတယ် အစ်ကိုတင်မောင်၊ ထားနွယ်က သူ့အဖေရဲ့ ညီအကြောင်းကို ပြောပြနေတာ၊ နင့်အကြောင်းကို ပြောတာ မဟုတ်ပါဘူး"

"နင်မပြောပါနဲ့ နင်နဲ့မဆိုင်ဘူး၊ ဒီမှာထားနွယ်၊ နင့်ကိုငါက တစ်ဖက်သတ်ချစ်နေလို့ သက်သာသွားတယ်မှတ်ပါ၊ နို့မဟုတ်ရင်တော့ ငါ့အကြောင်းသိသွားမယ်"

"မောင်မာ. . . သေနာကျ လူကိုဘာမှတ်နေလို့လဲ ငါ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိချင်လို့လား ထားနွယ်"

ဒေါသနှင့်ပြောနေတဲ့ ထားထားနွယ်ရဲ့စကားများကြောင့် တင်မောင် ဘာမှပြောနိုင်စွမ်းမရှိအောင် ဖြစ်သွားသည်။

တင်မောင်သည် ထားထားနွယ်ကို ဒေါသနှင့် ကြည့်နေသည်။

"နင့်ရည်းစားဇေမျိုးလို ဖုတ်ကောင်မဟုတ်ဘူး"

"အောင်မာ လူပါးဝလို့၊ နင်က အပျင်း၊ အရက်သမား၊ ငါ့ရည်းစားသာရှိရင် အခုလောက်ဆို နင်သေနေပြီမှတ်"

"သိပ်လည်းအထင်ကြီးမနေနဲ့ဦး၊ အဲဒီကောင်က ငါ့ကိုရင်မဆိုင်ရဲဘူးမှတ်၊ ငါ နင့်ကို ရအောင်ယူပြမယ်"

"ငါကလည်း ကိုမျိုးကို လွှတ်လိုက်မယ်မှတ်"

"ဟား ဟား ဟား ရယ်စရာကြီး"

တင်မောင်သည် သဘောကျစွာ ရယ်လိုက်သည်။ ပတ်ဝန်းကျင်တွင် ရယ်သံများ လွှမ်းမိုးသွားသည်။

တင်မောင်သည် ရှေ့ကိုတစ်လှမ်းတိုးပြီး ထားထားနွယ်ရဲ့မျက်နှာကို သေချာကြည့်နေသည်။

"နင့်ကို ရအောင်ယူပြမယ်၊ မကြာခင် နင်ဟာ ငါ့ရဲ့မိန်းမဖြစ်စေရမယ်မှတ်"

ထိုသို့ပြောပြီး ထွက်သွားသည်။ ထားထားနွယ်သည် ဒေါသနှင့်ကြည့်ပြီး ထိုနေရာတွင် ကျန်ခဲ့သည်။

## အခန်း (၁၉)

သရဲအရိုက်ခံရခြင်း

အရိပ်မည်းကြီးသည် အိပ်နေသူရဲ့ပါးနှစ်ဘက်ကို
ဘယ်ညာရိုက်လိုက်သည်။
၎င်းသည် အိပ်ရာမှ ရုတ်တရက်နိုးပြီး
မျက်လုံးကိုဖွင့်လိုက်သည်။
တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အကြောက်လွန်
ထိတ်လန့်သွားသည်

အမှောင်ထုများ လွှမ်းမိုးနေတဲ့ညကာလတွင် ရွာသားများ အိပ်စက်အနားယူနေကြသည်။

ပတ်ဝန်းကျင်သည် အလွန်တိတ်ဆိတ်နေသည်။ ထိုအချိန်တွင် မည်းမည်းအရာတစ်ခုသည် အမှောင်ထုကိုဆန့်ကျင်ပြီး ရွာလယ်လမ်းမအတိုင်း လျှောက်လှမ်းလာနေသည်။ ခြေသံသည် တိတ်ဆိတ်မှုကို ဖျက်ဆီးနေသည်။

မည်းမည်းအရာသည် ခြံတစ်ခုအတွင်းကို ဝင်ရောက်သွားသည်။ ခြံရှိအိမ်မှာ အလွန်ကြီးမားသည်။ အိမ်အောက်ထပ်တွင် နွားများချည်ထားသည်။ နွားတွေ၏ရှေ့ရှိ ခုံတစ်ခုတွင် လူတစ်ယောက် နှစ်ခြိုက်စွာအိပ်ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွားများကို စောင့်အိပ်ကြခြင်းဖြစ်သည်။

အရိပ်မည်းသည် ထိုလူအားတွင် ရပ်နေသည်။ ပတ်ဝန်းကျင်ရဲ့အခြေအနေကို ကြည့်နေသည်။ အိပ်နေသူသည် တခေါ ခေါနှင့် ဟောက်သံများ ဆူညံစွာထွက်ပေါ်နေသည်။

"ဖြောင်း"

အရိပ်မည်းကြီးသည် အိပ်နေသူရဲ့ ပါးနှစ်ဘက်ကို ဘယ်ညာရိုက်လိုက်သည်။ ၎င်းသည် အိပ်ရာမှ ရုတ်တရက်နိုးပြီး မျက်လုံးကိုဖွင့်လိုက်သည်။ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် အကြောက်လွန် ထိတ်လန့်သွားသည်။

"အမလေးဗျ ဘာကြီးလဲ"

"မင်းခေါ်လို့ ငါလာရတာ၊ မင်းကငါ့ကို မကြောက်ဘူးဆိုလို့"

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ် ဘယ်သူ့ကိုမှ မခေါ်ပါဘူး"

"ရော့"

"ဖြောင်း"

"မင်းစကားမတည်တဲ့ အကောင်ပဲ၊ ငါ လွန်ခဲ့တဲ့သုံးလလောက်က ၎သေသွားတဲ့ ဇမျိုးပဲ"

"ဗျာ အမလေး သရဲ သရဲ သရဲဗျို့"

ထိတ်လန့်တုန်လှုပ်သွားသည်။

အိပ်နေသူသည်ရုတ်တရက်ထွက်ပြေးသည်။ ကိုယ်မှာဝတ်ထားတဲ့လုံချည်များ ကျွတ်ကျန်နေသည်။

အထိတ်တလန့် ထွက်ပြေး၍ ခလုတ်တိုက်ချော်လဲသွားသည်။ ကြောက်စိတ်များကြောင့် နာရမှန်းမသိ ခြေဦးတည့်ရာကို ပြေးနေသည်။



မည်းမည်းအရာသည် သဘောကျစွာ ရယ်နေသသည်။

"အဖေ အဖေ တံခါးဖွင့်ပါ၊ ဒီမှာ သရဲဇမျိုးတဲ"

"ဝုန်း ဝုန်း"

အိမ်ကို အချက်ပေါင်းများစွာ ထုနေသည်။

၎င်းရဲ့လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ လွှမ်းမိုးနေသည်။ တင်မောင်သည် အိမ်တံခါးကို အဆက်မပြတ်ထုနေသည်။ အိပ်ပေါ်ရှိလူများနှင့် အနီးမှလူများ အိပ်ရာကနိုးလာကြသည်။

"အဲဒီလောက် သတ္တိနည်းတဲ့ လူယုတ်မာ သေပေတော့"

"ဖျန်း ဖျန်း"

"အမလေး သေပါပြီဗျ"

"ဟား ဟား ဟား"

သရဲသည် ကျယ်လောင်စွာရယ်မောပြီး ထွက်သွားသည်။

တင်မောင်သည် ထိုနေရာတွင် လဲကျသွားသည်။ ရွာသားအချို့သည် အိမ်ခြံအတွင်းကို ဝင်ရောက်လာသည်။

တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အားလုံး အထိတ်တလန့်ဖြစ်ကုန်ကြသည်။ လဲကျနေတဲ့တင်မောင်ကို ပွေ့ချီပြီး အိမ်ပေါ်ကို တင်လိုက်သည်။ သတိလစ်နေတဲ့တင်မောင်ကို ဆေးကုပေးနေကြသည်။

ရွာသားများသည် တင်မောင်တို့အိမ်ကို ရောက်ရှိလာကြသည်။ ထိုအထဲတွင် ရွာသူကြီးလည်း ရောက်လာသည်။ တချို့လူက အသံကြားလို့သာလာရတာ၊ ဘာဖြစ်မှန်းမသိအောင် ဖြစ်နေသည်။

"ဟေ့ မောင်စံသိန်း ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းသေချာမသိသေးဘူး၊ သူကြီး ကျုပ်တို့ကြားလိုက်တာ သရဲလို့ပဲကြားရတာပဲ"

"ဟေ ဟုတ်လား"

"ကျုပ် ဒီကိုလာတုန်း လမ်းမှာ မည်းမည်းအကောင်ကြီးကို တွေ့လိုက်တယ်သူကြီး"

"ဟုတ်လား ဘယ်နားမှာလဲ"

"အဘမောင်သွယ်အိမ်ရှေ့မှာပါ၊ ရွာမြောက်ပိုင်းဘက်ကို သွားတာတွေ့တယ်"

ပန်းအေးရဲ့စကား ကြားလိုက်ရတော့ အားလုံးအံ့သြကုန်သည်။ တစ်ချို့ ဘာပြောရမှန်းမသိအောင် ဖြစ်နေသည်။ လူကြီးများသည် သတိလစ်နေတဲ့တင်မောင်ကို ဆေးကုသပေးနေသည်။

တင်မောင်သည် သတိပြန်ရလာသည်။ မိသားစုများသည် အလွန်ဝမ်းသာနေသည်။ လူကြီးများသည်သည် တင်မောင်ကိုကြည့်နေကြသည်။ တင်မောင်သည် ထထိုင်လိုက်သည်။

"တင်မောင် ဘာဖြစ်တာလဲကွာ"

"သရဲ သရဲ"

"ဘယ်မှာလဲ သရဲ ပြောစမ်းပါဦး"

"ကျွန်တော့်ကိုရိုက်သွားတာ သရဲဧမျိုး"

"ဟေ ဟုတ်ရဲ့လားကွယ့်"

"ဟုတ်ပါတယ်သူကြီး၊ ကျွန်တော်အိပ်နေတုန်း ကျွန်တော့်ကို လက်ဝါးနဲ့ရိုက်တယ်၊ ကျွန်တော် မျက်မြင်ပါ"

တင်မောင်သည် အထက်ဖော်ပြခဲ့တဲ့ အကြောင်းများကို ပြောပြလိုက်သည်။ အားလုံး အံ့သြကုန်ကြသည်။

"ဒါဆို ဘယ်ဘက်ကိုသွားလဲ"



"ကျွန်တော် သတိလစ်သွားလို့ ဘယ်ဘက်ကိုသွားမှန်း မသိလိုက်ဘူးသူကြီး"

"ကျွန်တော်ပြောတာပဲ၊ ရွာမြောက်ပိုင်းကိုသွားတာပဲ"

"သူကြီး ဘာလုပ်မလို့လဲ လိုက်ရင်ကောင်းမလား"

"သိပ်မလောကြပါနဲ့ကွာ၊ ရွာသားတွေအတွက် စိုးရိမ်ရတယ်"

"လိုက်ဟေ့ လိုက်ဟ သရဲ သရဲ"

"သရဲ သရဲတဲ့"

"လိုက်ကြကွာ၊ မအောင်ဖမ်းကြ"

"ဟုတ်ကဲ့သူကြီး"

ရွာသားများသည် အိမ်ပေါ်က ဆင်းလာကြသည်။

"လိုက်ဟေ့ လိုက်ကြ ဟိုမှာပြေးနေတယ်"

အော်သံများနှင့်အတူ လိုက်နေကြသည်။

မီးတုတ်များကိုင်ပြီး ရှေ့ကလိုက်နေသူများ ရှိသည်။ အနောက်ကလူများလည်း လိုက်နေသည်။

မည်းမည်းအရာသည် လူအုပ်ရှေ့က ပြေးနေသည်။ တစ်ချို့ကတွေ့သည်။ တစ်ချို့က တွေ့ခြင်းမရှိ။

ရွာလမ်းမများပေါ်တွင် မီးရောင်များရှိနေသည်။

"ရှေ့မှာပြေးနေပြီ၊ လိုက်ကြ၊ မလွတ်စေနဲ့"

အသံကြားရာကို ရောက်ရှိလာသည်။ အပင်ကြီးများနှင့် ဝန်းရံထားတဲ့ရွာကြီးဖြစ်နေ၍ တောတစ်ခုလိုဖြစ်နေသည်။

"ဝုတ် ဝုတ်"

"ဂီး ဂီး ဂီး"

ခွေးဟောင်သံ ငှက်များရဲ့အော်သံများနှင့် ဆူညံနေသည်။

www.burmeseclassic.com



ရွာသားများသည် မည်းမည်းအရာနောက်ကိုသာ လိုက်နေကြသည်။

"ဟေ့ကောင်တွေ ဟိုဘက်ကိုပြေးပြီ လိုက်ကြ"

"ငါတို့ ဒီဘက်ကလိုက်မယ်၊ မလွတ်စေနဲ့"

အရှေ့ကလိုက်၊ အနောက်ကလိုက်နှင့် ပျော်စရာကောင်းနေသည်။

မည်းမည်းအရာသည် အနီးရှိ ခြံတစ်ခုအတွင်းကို ဝင်ရောက်သွားသည်။ လိုက်ကြရင်းနှင့် ပျောက်သွားသည်။ ရွာသားများသည် မည်သည့်နေရာမှာ ပျောက်သွားသည်ဆိုတာ မသိအောင် ဖြစ်နေသည်။

"ဟေ့ကောင်တွေ မင်းတို့ဘာကိုလိုက်နေတာလဲ"

"သရဲကိုလေ"

"ဘယ်မှာလဲ သရဲက"

"ရှေ့ကပြေးတယ်လေ၊ အစ်ကိုလေးသန်းငွေရ"

"မင်းတို့ ရူးနေလား၊ ငါတို့ အခုပဲလာတာ၊ ဘာမှမတွေ့ပါဘူး"

"ဟင် ဒါဆိုဘယ်ကိုပြေးပြီလဲ"

"တော်တော်ခက်တဲ့ အကောင်တွေပဲ"

"ဒါဆို ဘာလုပ်ရမလဲ အစ်ကိုလေး"

"ပြန်ကြမယ်"

"အေး အဲဒါကောင်းတယ်၊ သင်းတို့ကြောင့် ကျုပ်တော့ ရူးတော့မယ်"

ထွက်ပေါ်လာတဲ့အသံကို ကြည့်လိုက်သည်။

၎င်းမှာ အရူးဖိုးအေးဖြစ်နေသည်။ အရူးဖိုးအေးသည်



မည်သည့်နေရာက ရောက်ရှိလာသည်ဆိုတာ မည်သူမျှမသိပေမဲ့ အရူးဖိုးအေးက ခြံအတွင်းက ထွက်လာသည်။ လက်ထဲတွင် အရက်ပုလင်းနှင့် တုတ်တစ်ချောင်းကို ကိုင်ထားသည်။

"အနော်လေးနဲ့အတူ ခင်ဗျားတို့လည်း အရူးတွေပါပဲ"

"ဟေ့အရူး မင်းငါတို့ကိုစော်ကားတာပဲ၊ မင်း ငါ့အကြောင်းသိစေရမယ်၊ သရဲအကြောင်းလည်း ခင်ဗျားသိစေရမယ်၊ ခင်ဗျားတို့အနားမှာ သရဲရှိတယ်၊ သူ့ကို ကျုပ်ခေါ်လာတာ၊ ကျုပ်ကိုတစ်ခုခုလုပ်ကြည့်လိုက်ပါ၊ ခင်ဗျားတို့ကို ဘာလုပ်ရမလဲသိမယ်"

"ဟေ့ အရူး ဘယ်မှာလဲသရဲ"

"အသေသတ်လိုက် မပြောဘူး"

အရူးဖိုးအေးသည် ထိုသို့ပြောပြီး ပုလင်းထဲကအရက်ကို မော့သောက်လိုက်သည်။ အားလုံးသည် အရူးဖိုးအေးကို ကြည့်နေကြသည်။ တစ်ချို့က ဖိုးအေးလုပ်ရပ်ကို ဒေါသထွက်ပေမဲ့ ပြဿနာမရှာရဲကြပေ။ စိတ်ထဲက မကျေနပ်လျှင် တုတ်နှင့်လိုက်ရိုက်မည်ကို စိုးရိမ်နေကြသည်။

"ဖိုးအေး မင်းတကယ်ပြောတာလား၊ အရက်ဖိုး (၂) ကျပ်ပေးမယ်၊ ငါတို့ကို ပြောပြပါ"

အစ်ကိုသန်းငွေသည် အိတ်အတွင်းမှ ပိုက်ဆံနှစ်ကျပ်ထုတ်လိုက်သည်။ ထို့နောက် ဖိုးအေးကို ပေးလိုက်သည်။

"ဖိုးအေး ပြောလေကွာ"

"ပြောမှာပေါ့ဗျာ၊ အနော့်ကို စိတ်ညစ်အောင်မလုပ်နဲ့၊ အရက်မူးအောင်သောက်ပြီး ထိုင်ငိုလိုက်မယ်၊ မငိုရတာ နှစ်သုံးရာရှိသွားပြီ၊ သင်တို့သိကြရဲ့လား"

"ငါ တောင်းပန်ပါတယ်ကွာ၊ ပြောမှာသာပြောစမ်းပါ"

www.burmeseclassic.com



"ပြောမယ် သေချာနားထောင်၊ သရဲသားဒင်ဒီခြံထဲမှာရှိတယ်၊ သေချာရှာကြ၊ အနော်လေး အရက်ဆိုင်ကစောင့်နေမယ်"

အရှုးဖိုးအေးသည် ပြောပြီးထွက်သွားသည်။

"ဟေ့ အားလုံး ခြံထဲဝင်ကွာ"

"ဟုတ်ကဲ့အစ်ကိုလေး"

အားလုံး ခြံအတွင်းကို ဝင်လိုက်ကြသည်။ ရုတ်တရက် ထွက်ပေါ်လာတဲ့အသံများကြောင့် တုန်လှုပ်ကုန်ကြသည်။ ခြေလှမ်းများ တန့်သွားကြသည်။

"ဝေါ ဝေါ"

"ဖြောင်း ဖြောင်း"

"ဝုန်း ဝုန်း"

"အမလေးဗျာ"

ခြံထဲရှိ အပင်များသည် ပြင်းထန်စွာလှုပ်ရှားနေသည်။ သစ်ကိုင်းများ ကျိုးကျလာသည်။ ခြံထဲရောက်ရှိသူများသည် သစ်ကိုင်းပိမှာကို စိုးရိမ်နေကြသည်။

"ဟေ့ကောင်တွေ သတိထားကြ၊ တွေ့တာနဲ့လိုက်သာရိုက်ကြ"

"ဟုတ်ကဲ့"

"ကျွီ ကျွီ"

"ဝေါ ဝေါ"

"ဟိုမှာ သရဲ ပြေးပြီလိုက်"

အော်သံနှင့်အတူ လိုက်နေကြသည်။ မည်းမည်းအကောင်သည် သစ်ကိုင်းများမှတစ်ဆင့် တစ်ပင်ပြီးတစ်ပင်ကို ပြောင်းပြီး ပြေးနေသည်။ ရွာသားများသည် အနောက်ကလိုက်နေသည်။



တစ်ခြံလုံး မီးရောင်များထိန်လင်းပြီး ဆူညံနေသည်။

"ဆင်းလာပြီ သတိထားကြဟေ့"

မည်းမည်းအကောင်သည် ပြေးရင်း လူအုပ်ကြားကမလွတ်တော့၍ ရောက်ရှိနေတဲ့နေရာက လွတ်ရာကိုပြေးရန် ကြိုးစားနေသည်။

"သေပေတော့ သရဲ"

"ဖြောင်း"

ရှေ့မှာလူတွေနှင့် မျက်စိနောက်နေချိန်မှာ ရုတ်တရက် ဝင်ရိုက်လိုက်သည်။ ပြင်းထန်တဲ့ရိုက်ချက်ကြောင့် မည်းမည်းအရာသည် မြေပေါ်ကိုပြုတ်ကျသွားသည်။

အားလုံးသည် အနားမကပ်၊ ခပ်ဝေးဝေးကနေ ကြည့်နေကြသည်။ မည်းမည်းအရာသည် မြေပေါ်မှာ လှုပ်ရှားခြင်းမရှိတော့။ ၎င်းတို့သည် ကိုသန်းငွေအနားကို စောင့်နေကြသည်။

"ဟာ မင်းတို့ဟာက သရဲမှမဟုတ်ဘဲ"

"ဗျာ"

ကိုသန်းငွေရဲ့စကားကြောင့် အံ့သြကုန်ကြသည်။

သရဲတစ်ကောင် ဖမ်းမိပြီဆိုပြီး ဝမ်းသာနေကြသည်။ တကယ်တမ်းလက်တွေ့ကြတော့ မည်သို့မှမဆိုင်တဲ့ ကွဲလွဲမှုများ ဖြစ်ပေါ်လာပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဘဝယောင်ကချစ်သူ

**အားလုံးသိထားသည်က**
**ဇေမျိုးသည် သေဆုံးပြီးသားဖြစ်နေသည်။**
**ယခုပြန်တွေ့ချိန်တွင် မျက်နှာမှာပိတ်စည်းထားသည်။**

အလွန်ထူးဆန်းတဲ့ ဖြစ်ရပ်များနှင့် ကြုံတွေ့နေရသည်။

ရွာမှာသရဲခြောက်သည်ဟု ပြောဆိုပေမယ့် လက်တွေ့မှာ တိတိကျကျ မရှိ။ စိတ်အထင်နှင့်သာ ပြောနေရသည်။ လက်တွေ့တစ်ခုရှိတာက သရဲအကြောင်းပြပြီး ရွာက ပစ္စည်းများ ခိုးနေသည်က ပို၍ပင်ဆိုးနေသည်။

ရွာသူကြီးနှင့် ရွာရဲ့အကြီးအကဲများက ဘယ်ဟာကို အရင်ရှင်းရမှန်းမသိအောင် ဖြစ်နေသည်။ အချိန်က စပါးများရိတ်သိမ်းနေကြ၍ အလုပ်တွေရှုပ်နေသည်။ ရွာရှိလူများက လယ်ယာမှာသာ အချိန်ကုန်ပြီး မိုးချုပ်မှသာ ရွာကိုပြန်ကြရသည်။

ထိုနေ့ နေရောင်ပျောက်ပြီး အမှောင်ထုများ စတင်ရောက်ရှိလာမှ ထားထားနွယ်နှင့် အဖော်နှစ်ယောက်တို့ ရွာကိုပြန်ကြသည်။ တစ်နေ့တာ ပင်ပန်းမှုများကို ပျော်ရွှင်မှုများနှင့် ကျေနပ်နေရသည်။



"ထားနွယ်"

ရုတ်တရက်ခေါ်သံနှင့်အတူ ခေါင်းမြီးခြုံထားတဲ့ ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရသည်။ ထားထားနွယ်တို့သည် ထိုသူကို ကြည့်လိုက်သည်။

"နင် ဘယ်သူလဲ၊ ငါ့ကိုဘာလို့ခေါ်တာလဲ"

"အစ်ကို ဇေမျိုးပါ၊ မမှတ်မိတော့ဘူးလား"

"အမလေး သရဲသရဲ"

ထိုသို့အော်ဟစ်ရင်း ထားထားနွယ် သတိလစ်လဲကျသွားသည်။ အဖော်ပါလာတဲ့ အဖော်များသည် ထားထားနွယ်ကို ကူညီရန် မေ့ပျောက်ပြီး ထွက်ပြေးကုန်ကြသည်။

၎င်းတို့ပြေးတာကို အပြစ်တင်လို့မရ။ အားလုံးသိထားသည်က ဇေမျိုးသည် သေဆုံးပြီးသားဖြစ်နေသည်။ ယခု ပြန်တွေ့ချိန်တွင် မျက်နှာမှာ ပိတ်စည်းထားသည်။

အဖော်ပါလာတဲ့မိန်းကလေးများသည် ရွာဘက်ကိုဦးတည်ပြီး ပြေးနေကြသည်။ ကျန်ရစ်ခဲ့တဲ့ ထားထားနွယ်ကို ဇေမျိုးက သေချာကြည့်နေသည်။ ထားထားနွယ်သည် သတိလစ်၍ ကမ္ဘာလောကကြီး ဘာဖြစ်နေသည်ဆိုတာကို မသိအောင်ဖြစ်နေသည်။

သရဲဇေမျိုးသည် ထားထားနွယ်ကို စူးရှစွာကြည့်နေသည်။ ထားထားနွယ်ကို ထားခဲ့ရမလား ဘာလုပ်ရရင်ကောင်းမလဲဟု စဉ်းစားနေသည်။

လေးတင်တို့သည် အော်ဟစ်အကူအညီတောင်းရင်း ရွာထဲကို ဝင်ပြေးနေသည်။

"ဟေ ဘာဖြစ်လာတာလဲ"

"ဟို ဟို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ အမြန်ပြောစမ်းပါဟာ အလန့်တကြားရှိလိုက်တာ"

လေးတင်တို့သည် မောပန်းနေ၍ စကားပြောရန်ခက်ခဲနေသည်။

ရွာရှိ လူတချို့သည် ၎င်းတို့ပြောလာမဲ့စကားများကို သိချင်လာကြသည်။

"ဟို. . . ဟို. . . ထား. . . ထားနွယ်"

"ထားနွယ်ဘာဖြစ်လို့လဲ"

"မြန် မြန် ပြောစမ်းပါဟာ"

"ထားနွယ်ကို သရဲ သရဲ ခေါ်သွားတယ်။

"ဘာ. . . သရဲခေါ်သွားတယ်၊ ဘယ်မှာလဲသရဲ"

"အဘသန်းတဲကုန်းမှာ"

"ဟေ ငါတို့လိုက်သွားကြမယ်"

ရွာသားများသည် အဘသန်းရဲ့ တဲကုန်းကို လိုက်သွားကြသည်။ ကျန်သူများသည် ရွာကိုပတ်ပြီးအော်ဟစ်ပြောကြသည်။

လေးတင်တို့က ထားထားနွယ်ရဲ့မိဘများထံ ပြေးနေသည်။

တစ်ရွာလုံးမှာ လှုပ်လှုပ်ရှားရှားဖြစ်ကုန်သည်။

"ဒွေးလေးထား ဒွေးလေးထား"

"ဟေ ဘယ်သူလဲ"

"ကျွန်မ လေးတင်ပါ"

"ဘာဖြစ်လို့လဲ သမီး"

"ထားနွယ်ကို သရဲကြီးခေါ်သွားလို့"

"ဟင် သရဲ ဟုတ်လားသမီး ဘယ်ကသရဲလဲ"



"ဖေမျိုးလို့ပြောတာပဲ"

"ဟင် ကိုစန်းထူး ကိုစန်ထူး အမြန်လာစမ်းပါ"

"ဘာဖြစ်လို့လဲကွာ"

"အဲဒါတွေ နောက်မှထား သမီးကို သရဲခေါ်သွားလို့တဲ့"

"ဟင်"

ထားထားနွယ်ရဲ့ဖခင်သည် ကြားလိုက်ရတဲ့စကားကြောင့် အလွန်အံ့သြသွားသည်။ ၎င်းသည် အိမ်ပေါ်ကလှံကို ဆွဲထုတ်ပြီး အရေးတကြီး ထွက်သွားသည်။ ရွာသားများသည် တစ်ဆင့်စကား တစ်ဆင့်ကြားပြီး အဘသန်းတဲကုန်းကို ဦးတည်နေကြသည်။

အချိန်သည် အမှောင်ထုကို လွှမ်းမိုးနေတဲ့ညကာလကို ရောက်ရှိနေသည်။ ပတ်ဝန်းကျင်က လူကို သဲသဲကွဲကွဲမြင်တွေ့ရခြင်းမရှိအောင် ဖြစ်နေသည်။

ရွာအပြင်မှာ ဂီးရောင်များနှင့် လင်းထိန်နေသည်။ ထားထားနွယ်ရှိတဲ့ အဘသန်းရဲ့တဲကုန်းမှာ ရွာသားများ ရောက်ရှိနေကြသည်။ ထားထားနွယ်ကို ရှာဖွေနေသည်။

"ထားထားနွယ်ရေ"

"ထားနွယ်"

ခေါ်သံများက လွှမ်းမိုးနေသည်။ ထားထားနွယ်ရဲ့ ထူးတဲ့အသံက ကြားယောင်ခြင်းမရှိအောင် ဖြစ်နေ၏။ ရွာသားများသည် အဘသန်းတဲကုန်းနှင့် ပတ်ဝန်းကျင်ကိုစုပေါင်းရှာဖွေနေကြသည်။

ဘယ်လိုပင်ရှာဖွေနေပေမယ့် ထူးခြားမှုမရှိအောင် ဖြစ်နေသည်။ ထားထားနွယ်အတွက် စိုးရိမ်နေကြသည်။ ထိုအထဲတွင် ထားထားနွယ်၏ မိဘနှစ်ပါးက ပို၍ခံစားနေရသည်။ စိုးရိမ်သောကများ ရောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မင်းတို့ဒီနေရာမှာ ရှာဖွေနေလို့ တွေ့မှာမဟုတ်ဘူး၊ နေရာအနှံ့ရှာမှဖြစ်မယ်၊ မင်းတို့ လူစုခွဲပြီး ရှာကြစမ်း၊ မောင်သန်းငွေ မင်း အစီအစဉ်ဆွဲကွာ"

"ဟုတ်ကဲ့သူကြီး"

"ဟော့ ပန်းအေးတို့အဖွဲ့က မြောက်ပိုင်းဘက်ကိုသွား၊ စိုးခင်တို့အဖွဲ့က ရွာလယ်ပိုင်းမှာရှာ၊ တင်ဆန်းတို့က တောင်ပိုင်းကိုရှာ၊ မင်းဇော်တို့အဖွဲ့က တဲတွေပေါ်မှာရှာ"

"ဟုတ်ကဲ့အစ်ကိုလေး"

"အကြောင်းထူးရင် ချက်ချင်းအကြောင်းပြန်၊ အမိကထားရမှာက ဘာပဲဖြစ်ဖြစ် ခြေလွန်လက်လွန် မဖြစ်စေနဲ့ ကြားလား"

"စိတ်ချပါ အစ်ကိုလေးသန်းငွေ"

ရွာသားများသည် ကိုသန်းငွေပြောသလို လူစုခွဲပြီး တာဝန်ကျရာကို ဦးတည်ထွက်ခွာသွားကြသည်။ ထိုနေရာတွင် ကိုသန်းငွေ ရွာသူကြီးဦးမောင်ဆွေနှင့်အဖွဲ့နှစ်ဖွဲ့ ကျန်နေခဲ့သည်။ ထားထားနွယ်ရဲ့အဖေ ဦးစန်းထူးသည် သမီးအတွက်သောကကြောင့် ကြေကွဲစွာရပ်နေသည်။

"သူကြီး ကျုပ်သမီးလေးကို တွေ့အောင်ရှာပေးပါဗျာ၊ ကျုပ်ကို ကူညီပါဗျာ"

"ကိုစန်းထူး ခင်ဗျားစိတ်အေးအေးထားပါ၊ ကျုပ် တွေ့အောင်ရှာပေးပါ့မယ်၊ ခင်ဗျားသမီး ဘာမှမဖြစ်စေရပါဘူး၊ ကျုပ်တာဝန်ယူပါတယ်၊ ဘာမှ သောကရောက်မနေနဲ့"

"အားကိုးပါတယ်ဗျာ၊ ကျုပ်သမီးသာ ပြန်တွေ့မယ်ဆိုရင် ကျုပ်အသက် ပေးပါတယ်"

"ကဲ မောင်သန်းငွေ ဒီည မိုးလင်းပါစေ၊ တွေ့အောင်ရှာကြ၊ ငါတို့ ကိုစန်းထူးအိမ်ကစောင့်မယ် ကြားလား"



"ဟုတ်ကဲ့သူကြီး ဟော့ခင်မောင်တို့ မင်းဇော်တို့ ငါနဲ့လိုက်ခဲ့ကြ"

"ဟုတ်ကဲ့ပါအစ်ကိုလေး"

ကိုသန်းငွေသည် ရွာသားများကို လူစုခွဲပြီး ၎င်းကိုယ်တိုင်က အဖွဲ့တစ်ခုကိုဦးစီးပြီး ထွက်သွားကြသည်။ သုံးလေးယောက်အဖွဲ့တစ်ခုကိုတော့ အဘသန်းတဲကုန်းဝန်းကျင်တွင်ထားခဲ့သည်။

ရွာသားများသည် ပျောက်ဆုံးသွားတဲ့ ထားထားနွယ်ကို လိုက်ရှာနေကြသည်။

ထိုမှတဖန် ရွာနှင့်မလှမ်းမကမ်း တစ်နေရာတွင် ထားထားနွယ် သတိလစ်နေသည်။ ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်နေသည်ကို မသိအောင်ဖြစ်နေသည်။ ထားထားနွယ်ရဲ့ဘေးတွင် အရာတစ်ခုရှိနေသည်။ ၎င်းအရာသည် ထားထားနွယ်ကို စူးစိုက်စွာကြည့်နေသည်။

"ထားနွယ်ရယ် မင်းကိုယ့်ကို အထင်မလွဲပါနဲ့၊ ကြောက်လဲမကြောက်ပါနဲ့၊ ကိုယ်ဟာ မင်းတို့သိထားတဲ့ သရဲတစ်ကောင်ပါ၊ ငါ မင်းကိုခေါ်လာတာ အန္တရာယ်ပြုချင်လို့ ခေါ်လာတာမဟုတ်ပါဘူး၊ မင်းကိုချစ်လွန်းလို့ အခုလိုခေါ်လာတာပါ၊ မင်းကိုယ့်ကို မကြောက်ပါနဲ့ဟာ"

ထိုသို့ပြောပြီး ထားထားနွယ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ ကြည့်ရင်းနှင့် ကြည်နူးပျော်ရွှင်တဲ့စိတ်များ ဖြစ်ပေါ်လာသည်။ ထားထားနွယ်နှင့် ပတ်သက်၍ ဘယ်လိုဖြစ်နေမလဲဆိုတာကို သတိမေ့နေသည်။

ရွာသားများသည် နေရာမလပ် ခြေရာထပ်အောင်ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အချိန်များမှာ တစ်ရွေ့ရွေ့နှင့် ပြောင်းနေသည်။ ညဉ့်နက်ပိုင်းကို ရောက်ရှိလာသည်။

"ဟော့ကောင်တွေ ဘာထူးလဲ"

"ဘာမှမထူးသေးဘူး"

"တွေ့လိုက်ကြတော့လား၊ ဒီသရဲအစုတ်ပလုတ်ကို အမှုန့်ခြေပစ်မယ်"

"မင်းတို့ ရူးနေကြတာပဲ"

"မင်း ဘာပြောတယ်၊ ငါ ဒေါသထွက်နေတယ်"

"ငါ့စကားက တစ်ဦးတစ်ယောက်ကို ရွည်ရွယ်ပြောတာမဟုတ်ဘူး၊ မင်းတို့ စဉ်းစားကြည့်လေ၊ သရဲဆိုတာ လူမှမဟုတ်တာ၊ ဘယ်လိုလုပ်ပြီး တွေ့ရမှာလဲ"

"ဟာ အေး ဟုတ်တယ်၊ ငါတို့အလွန်ရူးနေတာပဲ၊ သူတို့နဲ့ ငါတို့က ဘဝချင်းမှမတူတာ၊ သရဲဆိုတာ လူသေမှဖြစ်တာ၊ သရဲကသာ လူကိုမြင်ရတာ၊ လူက သရဲကိုမမြင်ရတာ"

"ဒါဆို ငါတို့ ဘာဆက်လုပ်ကြမလဲ"

"ထားထားနွယ်ကို တွေ့အောင်ပဲ ရှာရမှာပေါ့၊ သရဲဆိုတာကမှ မဖြစ်နိုင်တာ"

မီးတုတ်များကို ကိုင်ပြီး ထိုသို့ပြောနေသည်။ အချိန်ကြာအောင် ရှာဖွေနေရ၍ ပင်ပန်းနေကြသည်။ အလုပ်သိမ်းရုံရှိသေး ထိုကိစ္စက ပေါ်လာသည်။

အိမ်ရောက်ပြီး အနားယူဖို့စိတ်ကူးယုံရှိသေး ထွက်လာရတာကို ဒေါသဖြစ်ရသည်။ ရပ်ရွာအကျိုးဖြစ်နေ၍ စိတ်ကိုထိန်းချုပ်ရသည်။ တစ်ချို့ကလည်း ထားထားနွယ်ကို ခေါ်သွားသူကို သတ်ချင်လောက်အောင် ဒေါသဖြစ်ရပြန်သည်။



အခုတော့ ရွာသားများသည် နေရာအနှံ့ ထားထားနွယ်ကို စိုးရိမ်တကြီး လိုက်ရှာနေကြသည်။

"ဟော့ တင်ဝင်း မင်း ဘာဖြစ်နေတာလဲ"

"ထားထားနွယ်ကို ခေါ်သွားတဲ့သူကို ဒေါသထွက်နေတာ၊ အခုနေသာ သရဲဆိုတဲ့အကောင်ကို တွေ့ရင် အပြတ်ရှင်းပစ်ချင်တယ်"

"ငါလည်း အဲဒါပဲစဉ်းစားနေတာ၊ ထားထားနွယ်ကို သရဲက ဆွဲသွားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား၊ သူ့ချစ်သူနောက်ကို လိုက်သွားပြီးမှ လူကြားကောင်းအောင် သရဲခေါ်သွားတယ်လို့ လိမ်ပြောတာမဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာရှိသလို မဖြစ်နိုင်တာလဲရှိတယ်"

"မင်းစကားကလဲကွာ၊ ရှင်းရှင်းပြောစမ်းပါ"

"ဒီလိုလေကွာ၊ မဖြစ်နိုင်ဘူးဆိုတာ ဖေမျိုးသေပြီးနောက် ထားထားနွယ်မှာ ချစ်သူရှိတယ်လို့ ငါတို့မကြားမိဘူး၊ ဖြစ်နိုင်တယ်ဆိုတာက တင်မောင်ပေါ့၊ တင်မောင်က ထားနွယ်ကို အမွေယူဖို့ အမြဲကြံစည်နေတာ"

"အဲဒါလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ တင်မောင်လည်း ငါတို့လို မဲလိုက်ရှာနေရတယ်"

အမျိုးမျိုး ထင်ကြေးနှင့်ပြောနေကြသည်။ ရွာသားများသည် အနားယူရန် မေ့နေကြသည်။ ပျောက်နေသူကို တွေ့ရန်သာ ဆန္ဒရှိနေကြသည်။

ဆန္ဒတွေ ဘယ်လိုပင်ရှိပေမယ့် ပျောက်တဲ့သူကိုတော့ ရှာတွေ့ရန် ခက်ခဲနေသည်။

တစ်ချို့ရွာသားများက အရက်ဆိုင်ကို ဦးတည်ပြီး အရက်

www.burmeseclassic.com



သောက်ပြီး ခေတ္တအနားယူနေကြသည်။ တစ်ချို့ကတော့ စေတနာအပြည့်နှင့် လိုက်ရှာနေကြသည်။

ထားနွယ်ကို အော်ဟစ်ခေါ်နေကြသူများ ရှိသည်။

ခေါ်သံများက ပတ်ဝန်းကျင်ကို လွှမ်းမိုးနေပေမယ့် ထူးခြားမှုမရှိအောင် ဖြစ်နေသည်။

အမှောင်ထုများရဲ့အောက်တွင် မီးအလင်းရောင်များက ပတ်ဝန်းကျင်ကို လွှမ်းမိုးနေသည်။

ထားထားနွယ်ရဲ့ မိဘများက ထားထားနွယ်အတွက် အလွန်စိုးရိမ်နေကြသည်။ သူမသာ တစ်ခုခုဖြစ်သွားရင် သေနိုင်သည်။ ရွာသားတွေရဲ့ထံက ထွက်ပေါ်လာမယ့် သတင်းစကားကို စောင့်မျှော်နေကြသည်။ တွေ့တဲ့သူများကိုလည်း မေးနေရသည်။

ထူးခြားမှုများမရ၍ စိုးရိမ်စိတ်လွန်ကဲတဲ့အပြီး အရှုံးတစ်ပိုင်း ဖြစ်နေသည်။ ရွာသူကြီး ဦးမောင်ဆွေက စိုးရိမ်စိတ်များ ပြေပျောက်မဲ့စကားများကို ပြောသည်။

မကြာခင်မှာ ပြန်တွေ့မည့်အကြောင်းကိုလည်း ပြောနေပေတော့သည်။

## အခန်း (၂၁)

သရဲမဟုတ်သရဲ

ရွာသားအများစုက ထိုအကောင်ကို
အပြတ်ရှင်းရန် ကြိုးစားကြသည်။
သုသာန်စောင့်ကြီးဦးတင်စိန်က ဝင်ရောက်တားထားသည်။

"ရော့"

"ဖျောင်း"

"အမလေးဗျာ"

"ရိုက်ဟေ့ ရိုက်ကြ"

ပြောဆိုပြီးနောက် ရွာသားတစ်ဖွဲ့က ပြင်းထန်စွာရိုက်လိုက်သည်။ အရိုက်ခံရသူသည် မြေပေါ်ကိုလဲကျသွားသည်။ ၎င်းရဲ့ဘေးတွင် ထားထားနွယ် သတိလစ်နေသည်။

အကြောင်းမှာ ထိုအရာသည် ထားထားနွယ်ရဲ့ဘေးတွင် ထိုင်ပြီးကြည့်နေသည်။ ထားထားနွယ်ကို လိုက်ရှာတဲ့အဖွဲ့မှ ရွာတောင်ပိုင်းကို တာဝန်ယူရတဲ့အဖွဲ့က ဇာနောင်းပင်အောက်မှာရှိတဲ့သူတို့နှစ်ယောက်ကို တွေ့သွားသည်။

"ဟော့ကောင်တွေ ဒီမှာတွေ့ပြီလို့ပြောလိုက်တော့"

"ဟော့ကောင်တွေ လက်မလွန်စေနဲ့လို့ အစ်ကိုလေးပြောလိုက်တယ်နော်၊ တော်ကြာ ရှင်းရခက်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အပြတ်လုပ်လိုက်ရင် မရှင်းရတော့ကွာ"

"ဟော့ ဟော့ကောင်တွေ မလုပ်နဲ့တော့ လွန်ကုန်မယ်"

ရုတ်တရက်ထွက်ပေါ်လာတဲ့ အသံကြောင့် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ မိုးပေါ်မြှောက်နေတဲ့လက်များသည် တစ်ဝက်နှင့်ရပ်သွားကြသည်။

အသံပိုင်ရှင်မှာ တစ်ခြားသူမဟုတ်။ သုဿန်စောင့်ကြီး ဦးတင်စိန်ဖြစ်သည်။ ၎င်းသည် အားလုံးရဲ့ရှေ့တွင်ရပ်လိုက်သည်။

တစ်ချိန်တည်းမှာ ထားထားနွယ်ကို ခေါ်သွားတဲ့သူနှင့် ထားထားနွယ်ကို တွေ့တဲ့အကြောင်းက တစ်ရွာလုံးကို လွှမ်းမိုးသွားသည်။ ရွာသူကြီးဦးမောင်ဆွေနှင့် ရွာသားများသည် ဦးချစ်တီးတဲ့ ကုန်းအနီးရှိ ထိန်ပင်အောက်ကိုဦးတည်ပြီး ရောက်ရှိလာကြသည်။ ရွာသားအများစုက ထိုအကောင်ကိုအပြတ်ရှင်းရန် ကြိုးစားကြသည်။ သုဿန်စောင့်ကြီးဦးတင်စိန်က ဝင်ရောက်တားထားသည်။ လောလောဆယ် ပြင်းထန်တဲ့ရိုက်ချက်ကြောင့် သတိလစ်နေသည်။ ခေါင်းမှာလည်း သွေးများထွက်နေသည်။ အားလုံးက ဦးတင်စိန် မည်သည့်ရည်ရွယ်ချက်ဖြင့် တားမြစ်သည်ကို သိချင်နေသည်။

"သူကြီးလည်းရောက်လာပြီ၊ လူလည်း အတော်စုံပြီဆိုတော့ ပြောစရာရှိတာ ပြောရတော့မယ်"

"ပြောဗျာ မြန်မြန်ပြော၊ ကျုပ် ဒီအကောင်ကို အပြတ်ရှင်းချင်လှပြီ၊ သူများ သားပျိုသမီးပျိုကို စော်ကားချင်တဲ့ကောင်"

"ဟော့ စိုးခင် မင်း စကားကို လက်လွှတ်စပယ်မပြောပါနဲ့၊ ဒါ တစ်ခြားသူမဟုတ်ဘူး၊ မောင်ဇေမျိုးပဲ"

"ဗျာ"

"သရဲ သရဲ"



သုဿန်စောင့် ဦးတင်စိတ်စကားကြောင့် အားလုံး တုန်လှုပ်အံ့ဩကုန်သည်။ ၎င်းရဲ့စကားကို ဘယ်လိုယုံရမှန်းမသိအောင် ဖြစ်နေ၏။ အားလုံးသိနေတာက ဇေမျိုးသည် သေသောသူ၊ အရိုးတောင်ဆွေးလောက်ပြီ။

"ကိုတင်စိန် ခင်ဗျားစကားကို ကျုပ်တို့နားမရှင်းဘူး"

"လောလောဆယ် သူတို့နှစ်ယောက်ကို သတိရအောင် လုပ်ပါ၊ သူ့မျက်နှာကိုကြည့်ပါ၊ နောက်တော့ ခင်ဗျားတို့ကို ကျုပ်ရှင်းပြပါမယ်"

ပန်းအေးသည် မှောက်လျက်လဲကျနေတဲ့ ဇေမျိုးကို ပက်လက်လှန်လိုက်သည်။ တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အလွန်အံ့ဩ ကုန်ကြသည်။

"ဟင်. . . . ဟာ"

"ဘယ်လိုဖြစ်တာလဲ"

"ဒါဟာ အံ့ဩစရာမဟုတ်တဲ့အရာပါ"

ဇေမျိုးရဲ့မျက်နှာကို တွေ့လိုက်ရတော့ အားလုံး ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"သမီးလေး သမီးလေး"

ထားထားနွယ်ရဲ့မိဘများ ရောက်လာသည်။ သတိလစ်နေတဲ့ ထားထားနွယ်ကို ပွေ့ဖက်ထားကြသည်။

"ကျုပ်သမီးကို ခေါ်သွားတာ ဒီကောင်လား"

"ဟုတ်ပါတယ်"

"ပေးစမ်းပါး"

"ကိုစန်းထူး ခင်ဗျားသတိထားစမ်းပါ၊ အဲဒါ ဘယ်သူလဲဆိုတာ သေချာကြည့်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မောင်ဇေမျိုး၊ သူကြီး ကျုပ် နားမလည်ဘူး၊ ရှင်းပြပါဗျာ"

"ကိုတင်စိန် ရှင်းပြပါမယ်၊ ကျုပ်ကိုလည်း အဲဒါကိုပဲ စောင့်နေတာ"

"ကျုပ် ရှင်းပြတာကို အေးအေးဆေးဆေး နားထောင်ကြပါ၊ တကယ်တော့ မောင်ဇေမျိုးဟာ ခင်ဗျားတို့တစ်ရွာလုံးထင်ထားသလို သေသွားတဲ့သူတစ်ယောက် မဟုတ်ပါဘူး"

"ဘာ မသေဘူး ဟုတ်လားကိုတင်စိန်"

သူကြီးဦးမောင်ဆွေသည် အံ့သြခြင်းများစွာဖြင့် ကြည့်နေသည်။ရွာသားများသည် သုဿန်စောင့် ဦးတင်စိန်ကို ကြည့်နေသည်။ သူကြီးဦးမောင်ဆွေရဲ့မေးခွန်းကို ဖြေကြားခြင်းမရှိသေးပေ။

ထားထားနွယ်နှင့် ဇေမျိုးတို့ကတော့ ပတ်ဝန်းကျင် ဘာဖြစ်နေသည်ဆိုတာကိုမသိအောင်ဖြစ်နေသည်။ထားထားနွယ်ရဲ့မိဘများ သည် သတိလစ်နေတဲ့ သမီးဖြစ် သူကို ဆေးကုသနေကြသည်။ ဇေမျိုးကိုမည်သူမှအနားကပ်ခြင်းမရှိ၊ထိတ်လန့်ကြောက်ရွံ့နေကြသည်။

"ဟုတ်တယ်သူကြီး မောင်ဇေမျိုးဟာ မသေဘူး၊ သူ့မိသားစုက သေပြီဆိုပြီး ဖျာလိပ်နဲ့ကျုပ်ဆီကို လာပို့ထားတယ်၊ ညဘက်ဆိုတော့ ကျုပ်ကလည်း တော်တော်နဲ့မြေမမြှုပ်သေးဘူး၊ အရက်သောက်နေတယ် ဆိုပါတော့၊ ည ဆယ်နာရီလောက်ကျတော့ လကလည်း အတော်လေးမြင့်လာတော့ ကျင်းတူးပြီး မြေမြှုပ်မလို့ ကျင်းတူးနေတုန်း ခေါသံတစ်ခု ကြားလိုက်ရတယ်၊ အဲဒါက သူ့ကြီးတော် မသင်းကြိုင်ကိုခေါ်တာပဲ၊ ပြီးတော့ ရေတောင်းတယ်ဗျာ၊ အစက ကျုပ်လည်း သရဲခြောက်တယ်ထင်ပြီး လန့်သွားတာပေါ့၊ အရှင်းဆုံးပြောရရင် တူရွင်းနဲ့ထုဖို့တောင် စိတ်ကူးမိသေး



တယ်၊ နောက်တော့ ရေပေးပါ ကျုပ်ကိုဘာလို့ ဖျာလိပ်နဲ့ပတ်ထားတာလဲလို့ မေးလာတော့မှာ ကျုပ်က မင်းသေသွားပြီလို့ပြောလိုက်တော့ သူမသေတဲ့အကြောင်း ပြောတယ်၊ အဲဒီတော့ ကျုပ်လည်း ဖျာလိပ်ကြိုးဖြုတ်ပေးလိုက်တယ်၊ သူဖြစ်ပုံအကြောင်းကို ပြောပြလိုက်တော့ သူ အလွန်အံ့သြတုန်လှုပ်သွားတယ်၊ တကယ်လည်း ကြေကွဲသွားတယ်၊ သူ ရွာကိုပြန်မယ်ပြောတယ်၊ ကျုပ် သူ့ကိုနားချပြီး ထိန်းထားရတယ်"

"ခင်ဗျား ပြောတာ အမှန်ပဲလား ကိုတင်စိန်"

"ကျုပ်ဘယ်သူ့ကိုမှ မညာခဲ့ဘူး၊ အခုလည်းမညာဘူး၊ နောက်လည်း ညာမှာမဟုတ်ဘူး သူကြီး"

"ဒါဆို ခင်ဗျား ဒီကိစ္စကို ဘာလို့မပြောတာလဲ"

"ကျုပ်ဟာ လူသားတစ်ယောက်ပါ၊ အသက်ပြန်ရှင်လာတဲ့ သူတစ်ယောက်ကို ဆေးကုသပေးရမယ့်တာဝန်ရှိတယ်၊ ခင်ဗျားနဲ့ ရွာသားတွေဟာ မဟုတ်တာတွေကို စွဲနေကြတယ်၊ ဘာမှမဖြစ်တဲ့ လူတစ်ယောက်ကို ဖုတ်ဝင်နေတယ်ဆိုပြီး ချက်ချင်းသုဿန်ကိုပို့လိုက်ကြတယ်၊ အလွန်မှားတဲ့လုပ်ရပ်ပဲ၊ ကျုပ်တို့သုဿန်စောင့်တွေက အဲဒီလိုအစွဲမရှိဘူး၊ ကျုပ် သူ့ကို ဆေးကုပေးနေရတယ်ဗျာ"

သုဿန်စောင့် ဦးတင်စိန်သည် ပြောရင်းနှင့်ဒေါသသံများ လိုက်ပါထွက်လာသည်။ သူကြီးနှင့် ရွာသားများသည် ဦးတင်စိန် စကားကို နားထောင်နေကြပေသည်။

ပစ်လိုက်တဲ့မြားဦးက ပြန်လှည့်လာ၍ အခက်ကြုံနေကြသည်။ လက်ရှိပြောနေတဲ့စကားကို ဘယ်လိုပုံစံနှင့် အတည်ယူရမည်မသိအောင် ဖြစ်နေသည်။

"ရွာမှာကုသရင် သေမှာစိုးရိမ်လို့ မြို့ဆေးရုံမှာ ဆေးကုရ

www.burmeseclassic.com



တယ်၊ ဒီကိစ္စကို ကျုပ်သာသိတယ်၊ သူ့ကိုပဲ ဆေးရုံစောင့်ခိုင်းရတယ်၊ သူ ဆေးရုံကပြန်ဆင်းလာတော့ သူ့မိသားစုကို အသိပေးမယ်စီစဉ်နေတုန်း ရွာမှာ သရဲခြောက်တယ်ဆိုတဲ့ကိစ္စ ဖြစ်ပေါ်နေတယ်၊ တစ်ရွာလုံးက ဇေမျိုးလို့ ထင်နေတယ်၊ အဲဒီမှာ အစီအစဉ်ပြောင်းသွားတယ်၊ ဇေမျိုးဟာ ဘာမှမဆိုင်ဘဲ နာမည်ပျက်နေရတယ်၊ အဲဒါနဲ့ ရွာမှာခြောက်နေတဲ့သရဲဟာ ဘယ်သူဆိုတာ သိချင်တာနဲ့မောင်ဇေမျိုးကို အကူအညီတောင်းရတယ်၊ အစကတော့ လက်မခံဘူး၊ ရွာကိုပြန်မယ်၊ သူချစ်တဲ့ထားနွယ်နဲ့ လက်ထပ်။ သူ့ကိုသေခြာရှင်းပြမှ လက်ခံတယ်"

"ခင်ဗျား တကယ်ပြောတာလား ကိုတင်စိန်"

"ဘာလို့သံသယဖြစ်နေတာလဲ သူကြီး"

သူကြီး ဦးမောင်ဆွေသည် သုဿန်စောင့်ပြောလိုက်တာကြောင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

ထိုအချိန်တွင် သတိလစ်နေတဲ့ ထားထားနွယ်မှာ သတိပြန်ရလာသည်။ ပတ်ဝန်းကျင်မှာ လူတွေအုံနေတာကတော့ ထူးဆန်းနေသည်။ ထားထားနွယ်ရဲ့မိဘများသည် ထားထားနွယ်သတိပြန်ရလာတာကို မြင်ရ၍ ဝမ်းသာနေကြသည်။ စိုးရိမ်စိတ်များကင်းမဲ့ကုန်သည်။ ထို့အတူဇေမျိုးရဲ့ဆွေမျိုးများကလည်း မသေဘူးဆိုတာ ကိုသိရ၍ ဝမ်းသာနေကြသည်။ ထိုအထဲမှာ အဘိုးအဘွားနှင့် ကြီးဒေါ် ဒေါ်သင်းကြိုင်တို့ပင်ဖြစ်သည်။

"ဒါဆို ရွာကိုခြောက်တဲ့သရဲက ဘယ်သူတွေဆိုတာ သိပြီလား၊ ကိုတင်စိန်"

"သိရလို့ မောင်ဇေမျိုးဟာ သူ့ချစ်သူကို သွားခေါ်တာပေါ့၊ ကျုပ်ကလည်း ပြောထားတယ်၊ ဒီကိစ္စပြီးမှ မင်းကိစ္စကိုလုပ်ပါလို့"



"ဘယ်သူတွေလဲဗျာ"

"တင်မောင်တို့အဖွဲ့နဲ့ စိုးခင်ပေါ့"

"ဟင် ဘယ်လို"

"သိပ်အံ့သြသွားလား သူကြီး၊ လောကမှာ ထင်မှတ်မထားတဲ့အရာတွေဟာ ထင်မှတ်ထားတာနဲ့ ပိုနေပါတယ်၊ ကျုပ် မျက်မြင်ပါ၊ ဦးမြမောင်အိမ်ကို တက်ခိုးကြတုန်းက အဲဒီကောင်တွေရဲ့ကျောကို လက်ဝါးနဲ့ရိုက်ခဲ့တယ်၊ စိုးခင်နဲ့တင်မောင်က အိပ်ပေါ်ကိုတက်ခိုးတယ်၊ ဟိုနှစ်ကောင်က အောက်မှာစောင့်နေတယ်၊ ရွာမှာ သရဲခြောက်မှခိုးလို့ရမှာပေါ့၊ နောက်ပြီးတော့ စိုးခင်ဟာတင်မောင်နဲ့ထားထားနွယ်ကို အောင်သွယ်ပေးတယ်၊ နောက်ထားနွယ်ကိုသွားခေါ်လို့ ဇေမျိုးကကျောကိုလက်ဝါးနဲ့ရိုက်ခဲ့တယ်၊ အဲဒီမှာ အကျီတစ်ထည်ကျန်နေခဲ့တယ်၊ အဲဒါရွာမြောက်ပိုင်း ကိုတင်ညွန့်အိမ်ကခိုးလာတဲ့အကျီပဲ"

ဦးတင်စိန်ရှင်းပြတော့မှ အားလုံး အံ့သြကုန်သည်။ တင်မောင်နှင့် စိုးခင်တို့သည် ရွာရှိအိမ်တော်တော်များများကို ဝင်ရောက် ခိုးကြသည်။ လူမိကာနီးနှင့် အသင့်စောင့်နေတဲ့နှစ်ယောက်က သရဲဟုအော်ဟစ်ပြီး ထွက်ပြေးသည်။ ရွာသားများက သရဲအထင်နှင့် လိုက်ကြသည်။ လက်တွေ့လိုက်ပါဆိုတော့ သရဲမတွေ့ဘဲ အချိန်တွေကုန် သွားသည်။

"ဒီလောက် မိုက်လုံးကြီးတဲ့အကောင်တွေပါလား၊ ငါ့အကြောင်းသိစေရမယ်"

"သူတို့ကို အပြစ်ပြောပေးရုံကလွဲပြီး ပစ္စည်းမှုပြန်မရတော့ပါဘူးကွာ၊ ဖဲဝိုင်းမှာ ကုန်သွားကြပြီ"

"ရေ. . . ရေပေးပါ"

www.burmeseclassic.com



"ဟာ. . . သတိ သတိရလာပြီ"

အဘတင်စိန်သည် ခါးမှာပါလာတဲ့ ရေဘူးကိုဖြုတ်ယူပြီး တိုက်သည်။ သုဿန်စောင့် အဘတင်စိန်သည် ဇေမျိုးကို သားသမီးတစ်ယောက်ကဲ့သို့ ချစ်နေသည်။ ဇေမျိုးသည် ရေကို အငမ်းမရသောက်နေသည်။ ရွာသားများသည် ဇေမျိုးကို သေချာကြည့်နေသည်။ ၎င်းပြန်လည်၍ သတိရလာသည်။ အနီးရှိလူများကို ကြည့်နေသည်။ ဇေမျိုးရဲ့အနီးတွင် အဒေါ်ဖြစ်သူ ဒေါ်သင်းကြိုင်နှင့် အဘိုးအဘွား များရှိနေသည်။

"မောင်ဇေမျိုး သတိရပြီလား"

"ဟုတ် ဟုတ်ကဲ့ပါ၊ ဒါနဲ့ ထားနွယ်ကော သူဘာဖြစ်သွားလဲ၊ ဘာမှမဖြစ်ပါစေနဲ့"

"ဘာမှမဖြစ်ပါဘူးကွယ်၊ အခု ထားနွယ် အိမ်မှာပါ"

"ဒါနဲ့ မောင်ဇေမျိုးကို မေးချင်တယ်၊ ရွာမှာ သရဲခြောက်ပြီး ဆိုးသွမ်းနေတာ တင်မောင်တို့ဆိုတာ ဟုတ်လား"

"သူတို့ကျောကုန်းက ဒဏ်ရာတွေရှိမယ်ဆိုရင် အဲဒါတွေဟာ ကျွန်တော်ရိုက်ထားတာဟာ သူတို့ဟာ သူခိုးအကြီးစားတွေပါသူကြီး၊ ကြီးမားတဲ့အပြစ်ပေးရင် ပိုကောင်းပါမယ်"

"ကောင်းပြီ သူတို့ကို ရွာသားတွေရဲ့အရှေ့မှာ အပြစ်ပေးပါမယ်"

ထိုသို့ပြောပြီးနောက် ဇေမျိုးနှင့်အတူ ရွာကိုပြန်လာကြသည်။ ဇေမျိုးမသေဘူးဆိုတာ သိ၍ ရွာသားများ အံ့သြပျော်ရွှင်နေသည်။ သောကရောက်နေတဲ့ ဇေမျိုးသည် ရွာသူရွာသားများနှင့်တွေ့ဆုံရတော့မှာမို့ ပျော်ရွှင်နေသည်။ ရွာသူကြီး ဦးမောင်ဆွေကတော့ ကြီးမားတဲ့ပြစ်မှုတွေကို ကျူးလွန်ထားတဲ့ တင်မောင်တို့ကို ပြတ်သားတဲ့ပြစ်ဒဏ်ပေးရန် စဉ်းစားနေသည်။

"ကိုဧဧလေ ထားနွယ်ကို အလွန်တွေ့ချင်တာပဲ သိလား"

"ထားလဲ ဒီအတိုင်းပါပဲနော်၊ ကြာရင်သေသွားမလားထင်ရတယ်"

"ဘာပဲဖြစ်ဖြစ်လေ ထားနဲ့ပြန်တွေ့ရတာ မရဏမင်းကြီးကို အလွန်ကျေးဇူးတင်ရမယ်၊ သူက လက်မခံလို့ထားနဲ့ပြန်ဆုံခွင့်ရတာ၊ ဟုတ်တယ်နော်ထား"

ထိုသို့ပြောပြီးနောက် ဇေမျိုးသည် ထားထားနွယ်ရဲ့ ကိုယ်လုံး အိအိထွေးထွေးလေးကို တင်းကြပ်စွာ ဖက်ပြီးရင်ခွင်တည်းကို ဆွဲသွင်းလိုက်သည်။

ထားထားနွယ်သည် ဇေမျိုးရဲ့ရင်ခွင်ထဲကို အလွယ်တကူဝင်ရောက်သွားသည်။ နှစ်လပေါင်းများစွာ အသက်လောက်ချစ်ရသူနှင့် ကွဲကွာနေရတာ အခုလိုပြန်ဆုံတွေ့လိုက်ရတော့ ပျော်ရွှင်ကျေနပ်နေမိသည်။

ထို့နောက် ဖြူနုအိနေတဲ့ ထားထားနွယ်ရဲ့ပါးပြင်လေးကို နမ်းရန် ဟန်ပြင်လိုက်သည်။

"အို မကဲနဲ့ကွာ တိုင်ပြောလိုက်မယ်"

"ဘယ်သူနဲ့လဲ"

"သရဲကြီးနဲ့ပေါ့"

"ဟင်"

အပြုံးများနှင့် ကြည့်နေကြတဲ့အချိန်မှာ အလွန်အံ့သြတဲ့

www.burmeseclassic.com



အသံတစ်ခုထွက်ပေါ်လာသည်။

ဖုင်းတို့နှစ်ယောက်သည် ထိုင်ရာက ထလိုက်သည်။

"သရဲဟော့. . . သရဲ"

"လိုက်ကြ. . . လိုက်ကြ"

"မလွတ်စေနဲ့ ကြိုးနဲ့တုတ်"

ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားသည်။

ဖုင်းတို့သည် အသံလာရာကို ကြည့်နေသည်။

ရွာသားများသည် တုတ်ကိုယ်စီနှင့် ဖုင်းတို့နှစ်ယောက်ထံ ဦးတည်လာနေသည်။

ရွာသားများရဲ့ရှေ့တွင် ကြိုးနှင့်အတုတ်ခံထားရတဲ့ တင်မောင် တို့အဖွဲ့ ပြေးနေသည်။

ဇေမျိုးနှင့် ထားထားနွယ်တို့သည် ဘာလုပ်ရမှန်းမသိ၍ ရွာသားတွေလိုပဲ အော်ဟစ်နေသည်။

"သရဲဟော့ သရဲ"

"ရှေ့မှာပြေးပြီ"

"မင်းပုည"

BURMESE CLASSIC .com

www.burmeseclassic.com